# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**ကိုယ်ချင်းစာတရားထား**

အလုံးစုံသော သတ္တဝါတို့သည် ဒဏ်မှထိတ်လန့်ကုန်၏။ အလုံးစုံသော သတ္တဝါတို့သည် သေခြင်းကို ကြောက်ကုန်၏။ မိမိကိုယ်ကို ဥပမာပြု၍ (သတ္တဝါတို့ကို) မသတ်ဖြတ်၊ မညှဉ်းဆဲရာ။ (အရာရာတွင် ကိုယ်ချင်းစာတရား ထားသင့်ကြ၏။ သတ္တဝါတို့အား ရိုက်ပုတ်၊ ညှဉ်းဆဲ၊ သတ်ဖြတ်ခြင်းကို မပြုရာ။)

ဒဏ္ဍဝဂ်(ဓမ္မပဒ - ၁၂၉)


၁၃၇၉ ခုနှစ်၊ တန်ခူးလကွယ်နေ့၊ ၂၀၁၇ ခုနှစ်၊ မေ ၂၅ ရက်၊ အင်္ဂါနေ့၊ အတွဲ (၅၆)၊ အမှတ်(၂၀၄)


# တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကျင်းပ



**နေပြည်တော် မေ ၂၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် နေပြည်တော် ဟိုတယ်ဇုန်ရှိ သင်္ဂဟဟိုတယ်၌ကျင်းပရာ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် တက်ရောက်အမှာစကားပြောကြားသည်။

စာမျက်နှာ ၃ ကော်လံ ၁ ❇

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေး ကျင်းပစဉ်
(သတင်းစဉ်)

## ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ- (၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေး မေ ၂၄ ရက်တွင် စတင်ကျင်းပမည်

**နေပြည်တော် မေ ၂၄**

ယနေ့ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေးအပြီးတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးက မီဒီယာများနှင့် တွေ့ဆုံပြီး ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မေ ၂၄ ရက်တွင် စတင်ကျင်းပရန် ယခုအစည်းအဝေး (JICM) တွင် အတည်ပြုသဘောတူဆုံးဖြတ်ခဲ့ပါကြောင်း၊ ကျင်းပမည့် ပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံ -(၂၁)ရာစုပင်လုံ

စာမျက်နှာ ၄ ကော်လံ ၁ ❖

## ဝန်ထမ်းများ ပင်စင်ယူသည့်အချိန်တွင် တစ်အိုးတစ်အိမ်ဖြင့် နေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်နေ

စာမျက်နှာ - ၈


KBZ BANK
STRENGTH OF MYANMAR
သန္ဒါထက်သန် မြန်မာအားမာန် ကမ္ဘာ့ဇာတ်

မြန်မာ့အလင်း

# ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်

အရည်အသွေးပြည့်ဝစွာ တည်ဆောက်ခြင်းမရှိခဲ့သဖြင့် သက်တမ်းတိုတို အတွင်းမှာပင် ပျက်စီးယိုယွင်းမှုများ ဖြစ်ပေါ်လာသည့် အများနှင့်သက်ဆိုင်သော အဆောက်အအုံများ၏ပုံများ၊ ယင်းပုံများနှင့်ပတ်သက်၍ ထင်မြင်ချက်များ၊ ဝေဖန်မှုများ၊ ကျောင်း၊ ဆေးရုံ စသည့် ပညာရေး၊ ကျန်းမာရေးဆိုင်ရာအဆောက်အအုံများကို ဆောက်လုပ်ရေးဝန်ကြီးဌာနကသာ ဆောက်လုပ်တော့မည်ဟူသော သတင်းများကို လူမှုမီဒီယာများနှင့် ပုံနှိပ်မီဒီယာများတွင် တွေ့ရှိရသည်။ အဆိုပါ သတင်းများက ပြည်သူများ၏ ဘဏ္ဍာငွေများကို အသုံးပြုကာ အများပြည်သူနှင့်ဆိုင်သော အခြေခံအဆောက်အအုံများကို ဆောက်လုပ်ရာတွင် ကြီးကြပ်ကွပ်ကဲမှုအားနည်းခြင်း၊ အကျင့်ပျက်ခြစားခြင်းတို့ကဲ့သို့သော အကြောင်းရင်းခံများကြောင့် အရည်အသွေးမပြည့်မီသော အဆောက်အအုံများ ဖြစ်ပေါ်လာရပြီး အချိန်မတန်မီ ပျက်စီးယိုယွင်းသွားရသည်ကို မီးမောင်းထိုးပြနေကြသည်။

တစ်ဆက်တည်းမှာပင် အကျင့်ပျက်သောဝန်ထမ်းများကို အရေးယူသည့်သတင်းများကို တွေ့ရှိလာရသည့်အပြင် အချို့ဝန်ထမ်းများ၏ လုပ်ကိုင်ဆောင်ရွက်မှုများအပေါ် ပြည်သူများ၏ အမြင်မကြည်လင်မှုများကိုလည်း တွေ့ရှိနေရသည်။

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ နိုင်ငံတော်၏အဓိကမဏ္ဍိုင်ကြီးသုံးရပ်အနက် အုပ်ချုပ်မှုမဏ္ဍိုင်မှဖြစ်ပြီး ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ဖြစ်ပေါ်လာရေးတွင် အဓိကအကျဆုံးအင်အားတစ်ရပ်ဖြစ်သည်။ နိုင်ငံတော်အစိုးရက အများပြည်သူတို့၏ ဆန္ဒလိုအပ်ချက်များကို မူဝါဒများချမှတ်၍ နိုင်ငံတိုးတက်ဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် အဓိကဖော်ဆောင်ရသူများမှာ ဝန်ထမ်း များပင်ဖြစ်သည်။ သို့ဖြစ်ခြင်းကြောင့် ဝန်ထမ်းတစ်ဦးချင်းစီ၏ ကိုယ်ကျင့်တရားကောင်းမွန်ရေးမှာ အခြေခံလိုအပ်ချက်တစ်ရပ်ဖြစ်ပြီး ကျွမ်းကျင်ထက်မြက်သော၊ ကျင့်ဝတ်စည်းကမ်းကောင်းမွန်သော ဝန်ထမ်းများပါဝင်သည့် ဝန်ထမ်းအဖွဲ့အစည်းများသည်သာလျှင် ဂုဏ်သိက္ခာရှိသော၊ ပြည်သူက လေးစားယုံကြည်သော အဖွဲ့အစည်းများဖြစ်လာနိုင်မည်ဖြစ်သည်။ ဆန့်ကျင်ဘက်အားဖြင့်ဆိုရလျှင် စွမ်းဆောင်ရည်ညံ့ဖျင်းကာ၊ ကျင့်ဝတ်မလိုက်နာသော၊ စည်းမျဉ်းစည်းကမ်းဖောက်ဖျက်သော၊ အကျင့်စာရိတ္တမကောင်းသော ဝန်ထမ်းဆိုး၊ ဝန်ထမ်းညစ်၊ ဝန်ထမ်းညံ့များကြောင့် ဆိုင်ရာဝန်ထမ်းအဖွဲ့အစည်းအပေါ် အများပြည်သူ၏ လေးစားမှုနှင့်ယုံကြည်ကိုးစားမှုတို့ ပါးလျားပျောက်ကွယ်သွားမည့်အခြေအနေသို့လည်း ရောက်ရှိသွားနိုင်သည်ကို သတိချပ်ဖွယ်ဖြစ်သည်။

နိုင်ငံ့ဝန်ထမ်းများ ကျင့်ဝတ်စည်းကမ်းကောင်းမွန်ရေးအတွက် ရည်ရွယ်ကာ နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်အတွင်းက အတည်ပြုပြဋ္ဌာန်းခဲ့ပြီးဖြစ်သည့်အပြင် ဝန်ထမ်းများအလေးထားလိုက်နာရမည့် ကျင့်ဝတ်များကိုလည်း ပြဋ္ဌာန်းထားပြီးဖြစ်ရာ ပြည်သူတို့၏အကျိုးစီးပွားကို အလေးထား၍ ဆောင်ရွက်ရန်၊ ပြည်သူပိုင်ပစ္စည်းများနှင့် ပြည်သူ့ဘဏ္ဍာငွေ ယိုဖိတ်ဆုံးရှုံးမှုမရှိစေရန် ထိန်းသိမ်းစောင့်ရှောက်ရန်၊ တာဝန်အရ အပ်နှင်းထားသည့် လုပ်ပိုင်ခွင့်ကို အလွဲသုံးစားပြု၍ ကိုယ်ကျိုးရှာခြင်း၊ လာဘ်ပေးလာဘ်ယူပြုခြင်းတို့ကို ရှောင်ကြဉ်ရန်၊ တရားသဖြင့် ရရှိအပ်သော ဝင်ငွေမှတစ်ပါး မရိုးသားသောနည်းဖြင့် အခြားဝင်ငွေရှာခြင်းကို ရှောင်ကြဉ်ရန်စသည့် ကျင့်ဝတ်များကိုလည်း ထည့်သွင်းပြဋ္ဌာန်းထားသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်သည်။

"ဝန်ထမ်းကောင်းမှ နိုင်ငံကောင်းမည်" ဟူသော ဆောင်ပုဒ်နှင့်အညီ အုပ်ချုပ်မှုကဏ္ဍမှ နိုင်ငံ့ဝန်ထမ်းများကောင်းမွန်ရေးသည် ဖွံ့ဖြိုးတိုးတက်သောနိုင်ငံ၊ ကောင်းမွန်သော နိုင်ငံတည်ဆောက်ရေးတွင် အဓိကကျသော လိုအပ်ချက်တစ်ရပ်ပင်ဖြစ်သည့်အလျောက် ဝန်ထမ်းကောင်းများ ပြုစုပျိုးထောင်ရေးနှင့် ဝန်ထမ်းဆိုးများ ပယ်နုတ်သန့်စင်ရေးသည် နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် ဆောင်ရွက်ရမည့်လုပ်ငန်းတစ်ရပ်ပင် ဖြစ်သည်ဟု ရှုမြင်ပါကြောင်း။ ။

## မြန်မာ့ရုပ်မြင်သံကြား

၂၅-၄-၂၀၁၇ (အင်္ဂါနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ - လူမှုစီးပွားမြင်ကွင်းများ
၉း၁၀ - ရာဇဝင်ထဲက သမိုင်းအနုပညာ (မြနန်းစံကျော်ရွှေနန်းတော်ကြီး)(အပိုင်း-၂)
၉း၃၅ - မြန်မာ့ ရုပ်မြင်သံကြား လူငယ်အစီအစဉ်
၁၀း၃၀ - အသုံးဝင်လို့ ထာဝစဉ် ပြန်လည်စိုက်ပျိုးကြစေချင် ပဒေသာထန်းပင်
၁၁း၄၀ - ပင်လယ်ပျော်တို့ နားခိုရာဆီ
၁၂း၃၀ - နိုင်ငံခြား ဇာတ်လမ်းတွဲ 'နှလုံးသားနှင့်ချက်ပြမယ်' (အပိုင်း-၉)
၁၃း၀၀ - ဟိုးတုန်းက .... ရေဒီယိုအသံလွှင့် ဇာတ်လမ်းများ "နှလုံးသားနှင့် ရဲတာဝန်" (ဘလိတ်၊ စောမြတ်နိုး၊ စောယုနန္ဒာ) ဒါရိုက်တာ - သီတာလင်း (Laural Art Acadamy))
၁၃း၅၅ - နိုင်ငံခြား ဇာတ်လမ်းတွဲ "တရားရှင်နှင့် ဓားဘုရင်" (အပိုင်း-၂၅+၂၆)

**ညပိုင်း**

၁၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
၂၀း၀၀ - ပြည်တွင်း သတင်း၊ နိုင်ငံတကာ သတင်း မိုးလေဝသ အခြေအနေ




ပွဲတော်တွင် စာတမ်းရှင်များက ဘာသာပြန်စာပေနှင့်ပတ်သက်သော စာတမ်းများကို နေ့စဉ် ဖတ်ကြားဆွေးနွေးသွားမည်ဖြစ်ပြီး စာအုပ်ဆိုင်ခန်းပေါင်း (၁၀၀) ကျော်ကလည်း စာအုပ်များအား အထူးနှုန်းဖြင့် ရောင်းချပေးသွားမည်ဖြစ်ပါသည်။ စာပေချစ်မြတ်နိုးသူများ မည်သူမဆို နံနက် (၉း၀၀) နာရီမှ ညနေ (၅း၀၀) အတွင်း ကြွရောက်အားပေးကြပါရန် ဖိတ်ကြားအပ်ပါသည်။

## ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ်ဈေးရောင်းပွဲတော် ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၄**

ဘာသာပြန်စာပေစာတမ်းဖတ်ပွဲနှင့် နွေရာသီစာအုပ် ဈေးရောင်းပွဲတော်တို့ကို ဧပြီ ၂၉ ရက်မှ မေ ၁ ရက် အထိ ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန ဗဟိုပုံနှိပ်စက်ရုံ၌ ကျင်းပမည်ဖြစ်ရာ စာတမ်းဖတ်ပွဲတွင် ဘာသာပြန်စာတမ်း ၁၅ စောင် ဖတ်ကြားမည်ဖြစ်ပြီး နွေရာသီစာအုပ်ဈေးရောင်းပွဲတော်တွင် စာအုပ်ဆိုင်ခန်းပေါင်း ၁၄၀ ကျော် ဖွင့်လှစ်ရောင်းချမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (၂၀၁၇) အထိမ်းအမှတ်အခမ်းအနား ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၄**

ပညာရေးဝန်ကြီးဌာန (သိပ္ပံနှင့်နည်းပညာ)မှ ကြီးမှူး၍ **ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (၂၀၁၇) အထိမ်းအမှတ်အခမ်းအနား** ဧပြီ ၂၆ ရက်တွင် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ မြန်မာကွန်ဗင်းရှင်းစင်တာ၌ နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ ကျင်းပသွားမည်ဖြစ်သည်။ အခမ်းအနားတွင် မူပိုင်ခွင့်နှင့်သက်ဆိုင်သော ဆွေးနွေးပွဲများ၊ ဒေသထွက်ကုန် ခင်းကျင်းပြသခြင်းများ၊ ညှော်ခံကျွေးမွေးခြင်းနှင့် အမှတ်တရလက်ဆောင်ပေးခြင်း အစီအစဉ်များ ပါဝင်မည်ဖြစ်သဖြင့် စိတ်ဝင်စားသူ မည်သူမဆို ဖုန်း-၀၉-၂၆၁၈၈၂၅၈၈၊ ၀၉-၄၂၀၇၂၇၀၂၀၊ ၀၉-၄၃၀၀၄၀၉၃၊ ၀၉-၇၄၀၆၀၀၃၄ တို့သို့ ကြိုတင်စာရင်းပေးသွင်း၍ တက်ရောက်နိုင်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

### စာအုပ်စာပေ လူ့မိတ်ဆွေ

## မိုးလေဝသ အခြေအနေ

**နေပြည်တော် ဧပြီ ၂၄**

ဧပြီ ၂၅ ရက်နေ့အတွက် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မိုးလေဝသ ခန့်မှန်းချက်မှာ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းတို့တွင် ယနေ့ နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည် ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည် ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စစ်ကိုင်းဒေသကြီးအောက်ပိုင်း၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်တောင်ပိုင်း၊ မြောက်ပိုင်းနှင့် အရှေ့ပိုင်းတိုင်တွင် ယနေ့ နေရာကျဲကျဲ မိုးထစ်ချုန်းရွာမည် ဖြစ်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက် ထစ်ချုန်းရွာမည် ဖြစ်သည်။(**မိုး/ဇလ**)

## ရဲလုပ်ငန်းခွင်သင်တန်းဖွင့်ပွဲ ပဲခူး၌ကျင်းပ

**ပဲခူး ဧပြီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင်ရဲတပ်ဖွဲ့မှူးရုံးရှိ တေဇခန်းမ၌ ဧပြီ ၂၄ ရက်က ရဲလုပ်ငန်းခွင်ဝင် သင်တန်းအမှတ်စဉ်(၅/၂၀၁၇)သင်တန်းဖွင့်ပွဲ အခမ်းအနားကို ကျင်းပခဲ့သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးမင်းထိုက်၊ တိုင်းဒေသကြီး/ခရိုင်/မြို့နယ်အဆင့် ရဲတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြပြီး တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရဲမှူးကြီးက အမှာစကားပြောကြားခဲ့သည်။ အဆိုပါ သင်တန်းကို ဧပြီ၂၄ ရက်မှ မေ ၁၉ ရက်အထိ သင်တန်းပို့ချမည်ဖြစ်ကြောင်း သိရှိရသည်။

**သန့်ဇင် (ပဲခူး)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၂၄-၄-၂၀၁၇ ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၅၄၁၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၉၀၇၅၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | |
|---|---|
| ဒီဇယ် | ၆၆၀/၇၀၅ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၆၇၀/၇၁၀ ကျပ် (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၄၀/၇၅၀ ကျပ် (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၁၅/၇၂၅ ကျပ် (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၅၂ ·၀ |
| ဥရောပ | တစ်ယူရို | ၁၄၄၉ ·၂ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၆ ·၆၅ |
| ထိုင်းဘတ် | တစ်ဘတ် | ၃၉ ·၂၈ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ ·၉၂ |
| တရုတ် | တစ်ယွမ် | ၁၉၆ ·၄၅ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၇ ·၅၂ |

မြန်မာ့အလင်း
၁၂၇၅ ခုနှစ်က တည်ထောင်သည်။
Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ ခြူးစန္ဒီနွေး၊ ကလျာမိုးမြင့်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၃၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။




**နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်လာကြသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်** (သတင်းစဉ်)

# မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်ကို မျက်ခြည်မပြတ်သွားနေမည့် တစ်ချိန်တည်းမှာ မိမိတို့၏ ခြေလှမ်းများကလည်း မှန်မှန်ကန်ကန်၊ တက်ညီလက်ညီရှိရန်အတွက် အများကြီးလိုအပ်

❇ ***ရှေ့ဖုံးမှ***

အစည်းအဝေးသို့ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ငြိမ်းချမ်းရေးကော်မရှင်ဥက္ကဋ္ဌ ဒေါက်တာတင်မျိုးဝင်း၊ ပြည်ထောင်စုရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ ဒုတိယဝန်ကြီးများ၊ ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ဒုတိယဗိုလ်ချုပ်ကြီး မင်းနောင်၊ ဒုတိယဗိုလ်ချုပ်ကြီး တင်မောင်ဝင်း၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါက်တာ နော်ကပေါ်ထူး၊ စိုင်းလ၊ ခိုင်စိုးနိုင်အောင်၊ ခွန်ဥက္ကာ၊ ပူးဇင်ကျုံး၊ ဦးသံခဲ၊ စောမိုရှေးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ထာဝရငြိမ်းချမ်းရေး

အစည်းအဝေးတွင် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာနဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်က ယခုအစည်းအဝေးသည် ပထမဆုံးကျင်းပသည့် JICM အစည်းအဝေးဖြစ်ပါကြောင်း၊ ပထမဦးဆုံးအနေဖြင့် စောမူတူးစေးဖိုးကို ဂုဏ်ပြုချင်ပါကြောင်း၊ ကေအင်န်ယူမှ တစ်နိုင်ငံလုံးဆိုင်ရာ ညီလာခံကို အောင်အောင်မြင်မြင်ကျင်းပသွားနိုင်သည့်အတွက် အင်မတန်ဝမ်းသာပါကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်သည့် အစည်းအဝေးအားလုံး၏ အဓိကရည်ရွယ်ချက်မှာ မိမိတို့နိုင်ငံ ထာဝရငြိမ်းချမ်းရေးရရှိရန်ပင် ဖြစ်ပါကြောင်း။

### မှန်ကန်သည့်စိတ်ဓာတ်

ဘယ်အပိုင်းကိုပဲ ဆွေးနွေးဆွေးနွေး၊ ဘယ်ရှုထောင့်ကနေပဲ ကြည့်ကြည့် နောက်ဆုံး မိမိတို့၏ ရည်ရွယ်ချက်မှာ ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုပိုပြီးတော့ အောင်မြင်အောင်လုပ်နိုင်မလဲ၊ ပိုပြီးတော့ ချောမွေ့အောင်လုပ်နိုင်မလဲ၊ ပိုပြီးတော့ ထိရောက်အောင်လုပ်နိုင်မလဲ ဆိုသည့် အတွေးအခေါ်များနှင့် ရှိကြမည်ဟု မျှော်လင့်ပါကြောင်း၊ အားလုံးကပါဝင်မှ ငြိမ်းချမ်းရေးဆိုတာ ရနိုင်မှာဖြစ်ပါကြောင်း၊ အားလုံးကလည်း ကိုယ့်ဘက်က ငြိမ်းချမ်းရေးအတွက် အကောင်းဆုံးဟုထင်သည့် အတွေးအခေါ်၊ အမြင်များနှင့် တင်ပြကြမည်ဟု မျှော်လင့်ပါကြောင်း၊ မိမိတို့၏ ရည်ရွယ်ချက်ပန်းတိုင်ကို မျက်ခြည်မပြတ်သွားနေမည့် တစ်ချိန်တည်းမှာ မိမိတို့၏ ခြေလှမ်းများကလည်း မှန်မှန်ကန်ကန်၊ တက်ညီလက်ညီရှိရန်အတွက် အများကြီးလိုအပ်ပါကြောင်း၊ ယခုလို အစည်းအဝေးများကို လုပ်ရခြင်းမှာ တစ်ယောက်နှင့်တစ်ယောက် ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်ရန်ဖြစ်ပါကြောင်း၊ ပွင့်ပွင့်လင်းလင်း ဆွေးနွေးနိုင်သည်ဆိုရာတွင် တစ်ယောက်နှင့် တစ်ယောက် အချေအတင်ပြောပြီးရန်ဖြစ်ဖို့ မဟုတ်ပါကြောင်း၊ မိမိတို့ဆွေးနွေးမှုအားလုံးသည် မှန်ကန်သည့်စိတ်ဓာတ်၊ ဖြောင့်မတ်သည့်စိတ်ဓာတ်အပေါ် အခြေခံရန် မိမိရည်ရွယ်ပြီး ပြောခြင်းဖြစ်ပါကြောင်း။

မိမိတို့ အမြဲသင်ခဲ့ရသည့်အတိုင်း စကားဆိုသည်မှာ သူခံသာသည့် စကားနှင့် သူမခံသာသည့် စကားဆိုတာရှိပါကြောင်း၊ ဒါပေမယ့် ပထမဦးဆုံး ဆုံးဖြတ်ရမည်မှာ စကားတစ်ခုသည် မှန်သလား၊ မမှန်သလားဆိုတာ ဆုံးဖြတ်ရမည်ဖြစ်ပါကြောင်း၊ ဒုတိယက အကျိုးရှိသလား၊ မရှိဘူးလား၊ စကားတစ်ခုဟာ မှန်သလား မမှန်ဘူးလားဆိုတာ တစ်ယောက်နှင့်တစ်ယောက် သဘောထားချင်းမတူပါကြောင်း၊ နောက်တစ်ခါမှာ မှန်သည်ဟုဆုံးဖြတ်ပြီးလျှင်တောင်မှ အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုသည်ကို ဆင်ခြင်ရမည်ဖြစ်ပါကြောင်း၊ ငြိမ်းချမ်းရေးအတွက် ပြောသည့်အခါ မှန်ကန်သည့်စကားများဖြစ်ရန်လိုသလို အကျိုးရှိသည့် စကားများဖြစ်ရန်လည်း လိုပါကြောင်း၊ တတိယနှင့် စတုတ္ထအဆင့်မှာ သူခံသာသည့်စကားနှင့် သူမခံသာသည့်စကားဖြစ်ပါကြောင်း၊ ခံသာသည်၊ မခံသာဘူးဆိုတာ အများအားဖြင့် လက်ခံနိုင်သည်၊ လက်မခံနိုင်ဘူးဆိုသည့်ဘက်က စဉ်းစားရမည်ဖြစ်ပါကြောင်း၊ လက်ခံနိုင်သည်၊ လက်မခံနိုင်ဘူးဆိုသည်မှာ အမြဲတစေ မပြောင်းမလဲအခြေအနေ မဟုတ်ပါကြောင်း၊ တချို့စကားများသည် တစ်ချိန်က လက်မခံနိုင်သော်လည်း နောင်တစ်ချိန်တွင် လက်ခံနိုင်သည်ဟု ဖြစ်လာမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့ ယခုလို အစည်းအဝေးများ ကျင်းပနိုင်ခြင်းဖြစ်ပါကြောင်း၊ အရင်တုန်းက တစ်ယောက်နှင့် တစ်ယောက် စကားမပြောခဲ့သည့် အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များ ယခုလို ထိုင်ပြီး ဆွေးနွေးနိုင်သည်ဆိုတာ တစ်ခါတုန်းက လက်မခံနိုင်သည့်ကိစ္စ၊ အတွေးအခေါ်များ၊ အမြင်များကို ယခုလက်ခံနိုင်သည့် အခြေအနေသို့ ရောက်လာပြီဆိုတာ ပြသခြင်းပင် ဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၊ ယခု အစည်းအဝေးသို့ တက်ရောက်လာသည့် ပုဂ္ဂိုလ်များသည် ငြိမ်းချမ်းရေးဖြစ်စဉ်ကို ဘယ်လိုပံ့ပိုးမလဲ၊ ဘယ်လိုတိုးတက်အောင်လုပ်ပေးမလဲ၊ ဘယ်လို အောင်မြင်အောင် လုပ်နိုင်မလဲဆိုသည့် အတွေးအခေါ်များဖြင့် ချဉ်းကပ်မည်ဟု မိမိအနေဖြင့် မျှော်လင့်ပါကြောင်း ပြောကြားသည်။

### အစည်းအဝေး လေးကြိမ်ကျင်းပခဲ့

ယင်းနောက် ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက ယနေ့ကျင်းပသည့် JICM အစည်းအဝေးသည် လက်ရှိနိုင်ငံတော်အစိုးရ သက်တမ်းကာလအတွင်း ပထမဆုံးအကြိမ် ကျင်းပသည့် အစည်းအဝေးဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးအပါအဝင် ယခင်အစိုးရသက်တမ်းတွင် အစည်းအဝေး လေးကြိမ်ကျင်းပခဲ့ပြီး ဖြစ်ပါကြောင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်က ကျင်းပသည့် Nationwide Ceasefire Agreement ၏ နောက်ဆက်တွဲ ပေါ်ပေါက်လာသည့် အကောင်အထည်ဖော်ရမည့် အစည်းအဝေး ဖြစ်ပါကြောင်း။

### ဆက်လက်ကြိုးစား အကောင်အထည်ဖော်

ယနေ့ တစ်နိုင်ငံလုံးတွင် လူဦးရေ ၁၀ ရာခိုင်နှုန်းသည် ယနေ့အချိန်အထိ တိုက်ပွဲနယ်မြေထဲတွင် ရှိနေပါကြောင်း၊ အလားတူ ၂၀ ရာခိုင်နှုန်းလောက်သည်လည်း ပဋိပက္ခဖြစ်ပွားသည့် နယ်မြေထဲတွင် ရှိနေဆဲဖြစ်ပါကြောင်း၊ ၇၀ ရာခိုင်နှုန်းလောက်သာလျှင် NCA ၏ အကျိုးဆက်ကြောင့် ငြိမ်းချမ်းရေးအသီးအပွင့်များ အချိန်တိုအတွင်း ခံစားရရှိပြီးဖြစ်ပါကြောင်း၊ ကျန်ခဲ့သည့် ၁၀ ရာခိုင်နှုန်းနှင့် ၂၀ ရာခိုင်နှုန်းကို ၇၀ ရာခိုင်နှုန်းတွင် ပါအောင် တစ်နည်းအားဖြင့် တစ်နိုင်ငံလုံး ငြိမ်းချမ်းရေးအပြည့်အဝ ရရှိအောင် ဆက်လက်ပြီး ကြိုးစားအကောင်အထည်ဖော်သွားရန် လိုအပ်ပါကြောင်း။

NCA တွင်ပါသည့် အချက်အလက်များကို မည်မျှအထိ ဆက်လက်အကောင်အထည်ဖော်မည်ဆိုသည့် အကောင်အထည်ဖော်မှုအပိုင်းသည် မိမိတို့အတွက် တန်ဖိုးရှိသည့် အချက်ဖြစ်သည်ဆိုသည်ကို သတိပြုရန် လိုပါကြောင်း။

ငြိမ်းချမ်းရေးဆောင်ရွက်သည့်အခါတွင် တစ်ယောက်နှင့် တစ်ယောက်၊ တစ်ဖက်နှင့်တစ်ဖက်၊ အဖွဲ့အစည်းများအားလုံး အပြန်အလှန်ယုံကြည်မှု၊ လေးစားမှု၊ ပူးပေါင်းဆောင်ရွက်မှု၊ ညှိနှိုင်းမှု၊ ပင်လုံစိတ်ဓာတ်နှင့် ဆောင်ရွက်မှသာလျှင် (၂၁)ရာစုအတွက် မရှိမဖြစ်လိုအပ်သည့် အချက်များဖြစ်သည်ဟု မှာကြားထားပြီး ဖြစ်ပါကြောင်း၊ ထို့ကြောင့် အဆိုပါအချက်များအပေါ် အခြေခံပြီး ဆက်လက်အောင်မြင်အောင် NCA တွင် ပါဝင်သည့် အချက်အလက်များအတိုင်း အောင်မြင်အောင် လုပ်ဆောင်သွားရန် ဖြစ်ပါကြောင်း။

### ပြည်သူအားလုံးမျှော်မှန်း

တပ်မတော်အနေဖြင့် ချမှတ်ပြီးဖြစ်သည့် ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ်ရှိပါကြောင်း၊ NCA စာချုပ်တွင် ပါဝင်သည့် အချက်အလက်များရှိပါကြောင်း၊ Code of Conduct ဟု ခေါ်သည့် လိုက်နာရမည့်အချက်များ၊ တပ်ပိုင်းဆိုင်ရာ လိုက်နာရမည့်မူဝါဒများ ရှိပါကြောင်း၊ ထိုအချက်များ တစ်ဖက်နှင့်တစ်ဖက်၊ အဖွဲ့အစည်းအချင်းချင်း၊ လက်နက်ကိုင်အဖွဲ့အစည်းအချင်းချင်း၊ ပြီးလျှင်အားလုံး ကိုယ့်အမြင်၊ သူ့အမြင်များနှင့် ပတ်သက်ပြီး တိတိကျကျ လိုက်နာဆောင်ရွက်သွားမည်ဆိုပါက လက်မှတ်ထိုးပြီး အဖွဲ့များအပြင် မထိုးရသေးသည့် အဖွဲ့များလည်း ထိုးလာနိုင်မည့် အနေအထားဖြစ်ပါကြောင်း၊ မိမိတို့အားလုံး၊ ပြည်သူအားလုံး မျှော်မှန်းထားသည့် ပြည်ထောင်စု ထာဝရ ငြိမ်းချမ်းရေးကိုလည်း အမြန်ဆုံး ရောက်ရှိနိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

### အတူကွဲပြားမှုများရှိနေ

ဆက်လက်၍ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးက ငြိမ်းချမ်းရေးလုပ်ငန်းစဉ်၏ သဘော သဘာဝအရ Dialogue ပျောက်လျှင် သာမန်နိုင်ငံရေးဆွေးနွေးပွဲသာဖြစ်ပြီး မကျေလည်မှုများ၏အဖြေကို မထုတ်နိုင်ဘဲ မလိုလားအပ်သည်များမဖြစ်အောင် ကြိုးစားကြရမည်ဖြစ်ပါကြောင်း၊ မိမိတို့ လူမှုအဖွဲ့အစည်းများထဲတွင် မတူကွဲပြားမှုများ နက်နက်ရှိုင်းရှိုင်းရှိနေသည်ကို သတိမမေ့သင့်ပါကြောင်း။

### သဘောထားများ ရှာကြံ

တစ်ဖက်တွင်လည်း Dialogue Spirit နှင့် နိုင်ငံပြန်လည်ထူထောင်ရေးတွင် အမြင်မတူသည်များကို ညှိနှိုင်းမည့် တရားဝင်စင်မြင့်ရှိရန် လိုအပ်ပါကြောင်း၊ ယခု JICM တွင် ၎င်းတို့ကို အဖြေရှာရန်လိုမည်ဖြစ်ပါကြောင်း၊ သူ့အမြင်၊ ကိုယ့်အမြင်များကို အသေကိုင်မထားဘဲ ဘုံသဘောထားများ ရှာကြံကြရန်လိုပါကြောင်း။

အချုပ်ပြောရပါက NCA ကို ပေတံအဖြစ်တိုင်းပါက အားလုံးက နည်းနည်းချင်းစီဖြင့် စပြီးလွဲနေပြီးဖြစ်သည့်အတွက် ယင်းတို့ကို ယခုမပြင်ပါက ကြာလေပိုလွဲလေ ဖြစ်နေမည်ဖြစ်ကြောင်း၊ ၎င်းတို့ကို အားလုံးက လေးလေးနက်နက်ပြန်လည်သုံးသပ်ရန်လိုအပ်ကြောင်း၊ ထို့ကြောင့် မိမိတို့ဘက်က NCA အကောင်အထည်ဖော်မှုကို ပြန်လည်သုံးသပ်ရန်၊ Bilateral Agreement ကို ပြန်လည်သုံးသပ်ရန်၊ နှစ်ဖက်သဘောတူညီထားမှုများမှ ဆက်ရှိနေသေးသည်၊ လွဲချော်သွားပြီဆိုသည်ကို ပြန်လည်သုံးသပ်ရန်လည်း တောင်းဆိုပါကြောင်း၊ JICM မှ လမ်းညွှန်ဆုံးဖြတ်ချက်ချပေးပါရန် တင်ပြလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးတွင် -

- ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကျင်းပရန် နေ့ရက်သတ်မှတ်ခြင်းကိစ္စ၊
- ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးတွင် အားလုံးလက်ခံနိုင်သော အခြေခံမူဝါဒဖော်ထုတ်နိုင်ရေးကိစ္စ၊
- အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ မကျင်းပရသေးသောအဖွဲ့များဆိုင်ရာ ကိစ္စ၊
- JMC မှ အတည်ပြုထားသော Standard Operating Procedure (SOP)များအား IICMက အတည်ပြုခြင်းကိစ္စ၊
- JMC က တင်ပြသော ဆက်ဆံရေးရုံး ToR ကိစ္စ၊
- ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ အဆင့်ဆင့်၏ လုပ်ငန်းလမ်းညွှန်တွင် JMC အဆင့်ဆင့်၏ လုပ်ပိုင်ခွင့်များ ပြင်ဆင်ဖြည့်စွက်ခြင်းကိစ္စ၊
- ကြားကာလစီမံမှု အစီအစဉ်ဆိုင်ရာ ကိစ္စ၊
- အပစ်ရပ်နယ်မြေ၊ အပစ်ရပ်ဒေသသတ်မှတ်ရေးကိစ္စ၊
- တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်များကို JCB သို့ တင်ပြ၍ ညှိနှိုင်းဆောင်ရွက်ရေးကိစ္စ၊
- ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမိုပါဝင်လာရေးကိစ္စ၊
- ချင်းပြည်နယ်တွင် JMC-S ဖွဲ့စည်းရေးကိစ္စ၊
- တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်းများမှ နှစ်ဖက်သဘောတူညီထားသော Bilateral Agreement စာချုပ်ပါ သဘောတူညီချက်များမှ ဆောင်ရွက်ရန်ကျန်ရှိသော သဘောတူညီချက်များဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ခေါင်းဆောင် ကရင်အမျိုးသားအစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုးနှင့် ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့က နိဂုံးချုပ်စကား ပြောကြားကြသည်။

*စာမျက်နှာ ၄ သို့*



နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် အမှာစကားပြောကြားစဉ်

*စာမျက်နှာ ၃ မှ*

ထို့နောက် အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ငြိမ်းချမ်းရေးဗဟိုဌာန ဥက္ကဋ္ဌ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်က နိဂုံးချုပ်စကားပြောကြားရာတွင် "အစည်းအဝေးကို တက်ရောက်လာကြတဲ့ ကိုယ်စားလှယ်များအားလုံးကို ကျေးဇူးတင်ပါတယ်။ အခု ဒီအစည်းအဝေးတစ်လျှောက်မှာဆိုရင် အများကြီးဆွေးနွေးခဲ့ကြတယ်။ ကျွန်မ ဒီအစည်းအဝေးကို အကျိုးရှိတယ်လို့ သတ်မှတ်ပါတယ်။ ဘာဖြစ်လို့ အကျိုးရှိတယ်လို့ သတ်မှတ်သလဲဆိုတော့ ပွင့်ပွင့်လင်းလင်းပြောတဲ့နေရာမှာ ပိုပြီးတော့တိုးတက်လာတယ်လို့ ကျွန်မတို့ မြင်ရပါတယ်။ တစ်ယောက်နဲ့တစ်ယောက် သဘောမတူတာတွေ ရှိပါတယ်။ သဘောမတူချက်တွေကို ပွင့်ပွင့်လင်းလင်း ပိုပြီးတော့ပြောနိုင်တာကိုက အတိုင်းအတာတစ်ခုအထိ ယုံကြည်ချက်တည်ဆောက်ရေးဟာ အောင်မြင်လာတယ်လို့ ကျွန်မ ဒီလိုပဲ သတ်မှတ်ပါတယ်။

"သဘောမတူခြင်းကို တင်ပြနိုင်လောက်အောင် ရန်မပွားဘဲနဲ့၊ အမုန်းမပွားဘဲနဲ့ တင်ပြနိုင်လောက်အောင် အခြေအနေ ရောက်လာနိုင်တယ်ဆိုတာ တိုးတက်မှုတစ်ခုပဲ။ ဒါယုံကြည်ချက် တိုးတက်မှုတစ်ခုပဲလို့ ကျွန်မထင်ပါတယ်။ ကိုယ်မယုံကြည်တဲ့သူဆိုရင် ကိုယ့်စိတ်ထဲမှာရှိတဲ့ဟာကို ဖော်ထုတ်ပြီးတော့ မပြောချင်ဘူး။ ပြောလိုက်ရင် ပြဿနာဖြစ်မလား၊ ပြောလိုက်ရင် တို့ကိုတစ်မျိုးမြင်မလားစတဲ့ သံသယတွေ များကြပါတယ်။ ကျွန်မတို့ ဆွေးနွေးပွဲမှာ မတူတဲ့အမြင်တွေကို ဖွင့်ဟပြီးပြောတာ ရှိပါတယ်။ နောက် ကျွန်မတွေ့ရသလောက်ကတော့ အားလုံးကလည်း သဘောမတူဘူးဆိုရင် ယဉ်ယဉ်ကျေးကျေးနဲ့ သဘောမတူဘူးဆိုတာကို ပြန်ပြောတာကို သတိပြုမိပါတယ်။ ယဉ်ယဉ်ကျေးကျေးနဲ့၊ ရန်မဖြစ်ဘဲနဲ့ သဘောမတူပါဘူးလို့ ပြောနိုင်တဲ့ဟာက သဘောတူညီချက်ရတဲ့ အဆင့်ကို ရောက်ဖို့ လမ်းဖွင့်ပေးလိုက်တယ်လို့ ကျွန်မဒီလိုပဲထင်ပါတယ်။

"ငါပြောတာရမှ၊ ငါလိုချင်တာရမှ အလုပ်ဖြစ်မယ်ဆိုတဲ့ စိတ်ဓာတ်တွေကနေ ပြောင်းလဲလာတယ်လို့ ကျွန်မဒီလိုပဲ မြင်ပါတယ်။ ကျွန်မအနေနဲ့ အခုအစည်းအဝေးဟာ သဘောမတူတဲ့ ကိစ္စတွေ ဆွေးနွေးနိုင်ခဲ့ခြင်းကိုက အောင်မြင်ခြင်းတစ်ခုပဲလို့ ယူဆပါတယ်။ ဒီလိုအောင်မြင်ခြင်းအပေါ်မှာ ထောက်ကြည့်ပြီးတော့ ပိုမိုပြီး အောင်မြင်မှုရအောင်လို့ ကျွန်မတို့အနေနဲ့ ကြိုးစားသွားမယ်လို့လည်း ဆုံးဖြတ်ပြီးသား ဖြစ်ပါတယ်။ ကျွန်မတို့ ရည်မှန်းထားတဲ့ ဒုတိယအကြိမ် ပင်လုံ ညီလာခံ ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံ အစည်းအဝေးမှာ အခုအကြိမ် ချလိုက်တဲ့ နားလည်မှုများ တစ်ဦးပေါ် တစ်ဦး ပိုပြီးတော့ ယုံကြည်နိုင်မှု၊ တစ်ဦးကိုတစ်ဦး ပိုပြီးလေးစားတဲ့အခါ နားလည်မှုပေးနိုင်တာတွေအပေါ်မှာ အခြေခံပြီး ထပ်ပြီး အောင်မြင်မှုကို ပြည်သူလူထုအားလုံးလိုလားနေတဲ့ ငြိမ်းချမ်းရေး ရအောင် အများကြီးတိုးတက်မှုဖြစ်နိုင်မယ်လို့ ကျွန်မမျှော်လင့်ပါကြောင်း ပြောရင်း နိဂုံးချုပ်ပါတယ်"ဟု ပြောကြားခဲ့သည်။

ငင်းနောက် နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အစည်းအဝေးသို့ တက်ရောက်လာကြသူများအားလုံး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကူးခဲ့ကြသည်။

ယနေ့ကျင်းပသော JICM အစည်းအဝေး သဘောတူညီချက်အရ ပြည်ထောင်စု ငြိမ်းချမ်းရေးညီလာခံ-(၂၁)ရာစုပင်လုံ ဒုတိယအစည်းအဝေးကို မေ ၂၄ ရက်တွင် ကျင်းပမည်ဖြစ်သည်။

**(သတင်းစဉ်)**



ဒုတိယ တပ်မတော် ကာကွယ်ရေး ဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း

ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဦးဆောင်အဖွဲ့ ခေါင်းဆောင် ကရင်အမျိုးသား အစည်းအရုံးဥက္ကဋ္ဌ စောမူတူးစေးဖိုး



❖ *ရှေ့ဖုံးမှ*

အစည်းအဝေးတွင် အားလုံးလက်ခံနိုင်သည့် အခြေခံမူဝါဒဖော်ထုတ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန် သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း။

အမျိုးသားအဆင့် နိုင်ငံရေးတွေ့ဆုံဆွေးနွေးပွဲများ မကျင်းပနိုင်သေးသည့် အဖွဲ့များနှင့် ပတ်သက်၍ အတတ်နိုင်ဆုံး ကြိုးစားဆောင်ရွက်ရန်၊ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲများ ကျင်းပသည့်အခါ အစည်းအဝေးဆုံးဖြတ်ချက်များနှင့် သဲသဲကွဲကွဲမဖြစ်သည့်အရာများ အပေါ် လုပ်ထုံးလုပ်နည်းများ တိတိကျကျရေးဆွဲရန် သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း။

ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) တင်ပြသည့် တင်ပြချက်များ၊ လုပ်ထုံး လုပ်နည်းပြင်ဆင်ချက်များ၊ ဆက်ဆံရေးရုံးများနှင့် ပတ်သက်ပြီး ရေးသားထားသည်များမှ အချို့ကိစ္စရပ်များသည် JMC ဘောင်ကို ကျော်လွန်နေသည့်အတွက် ပြည်ထောင်စုငြိမ်းချမ်းရေးဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC) က လုပ်ရမည့်ကိစ္စရပ်များပါဝင်နေသဖြင့် ဒါကို UPDJC တွင်ဆွေးနွေးပြီး တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် အကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး(JICM)ကို ပြန်တင်ရန် သဘောတူခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးသည့်အချိန်မှစပြီး ပြည်ထောင်စုသဘောတူညီ ချက်စာချုပ် မထွက်ခင်အချိန်အထိ ကြားကာလတွင် နှစ်ဖက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများနှင့်ပတ်သက်၍ သဘောတူညီချက်များ ရရှိပါကြောင်း။

ကြားကာလအစီအစဉ်တွင် လုပ်ငန်းအဖွဲ့ဖွဲ့ရန် JICM က သဘောတူခဲ့ပါကြောင်း၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)နှင့် တပ်မတော် အငြင်းပွားနေသည့် နယ်မြေဒေသသတ်မှတ်ချက်၊ ကျေးရွာဒေသ သတ်မှတ်ချက်များကို ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ (JMC) က လုပ်ဆောင်ရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

အဆိုပါကြားကာလတွင် တိုင်းရင်းသားဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ရန်ပုံငွေ ဆိုင်ရာ ပေါင်းစပ်ညှိနှိုင်းရေးအဖွဲ့ (JCB)က တင်ပြ၍ ညှိနှိုင်းဆောင်ရွက်သွားရန်၊ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ပိုမို ပါဝင်လာရေး NCA အပေါ်အခြေခံပြီး ကြိုးပမ်းဆောင်ရွက်သွားရန် နှစ်ဖက်သဘောတူခဲ့ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းသည် လက်မှတ်မထိုးရသေးသည့်အဖွဲ့များ ပါဝင်လာရန် ရည်ရွယ် ဆောင်ရွက်ခြင်း ဖြစ်ပါကြောင်း၊ ချင်းပြည်နယ်တွင် JMC ဖွဲ့စည်းရေးနှင့် ပတ်သက်ပြီး JMC တွင် ဆွေးနွေးရန် အဆင်မပြေဖြစ်နေသည်ကို JICM က ပူးတွဲအဖွဲ့ဖွဲ့၍ အသေးစိတ်ဆွေးနွေးပြီး JICM ကိုပြန်လည်တင်ပြရန် သဘောတူဆုံးဖြတ်ခဲ့ပါကြောင်း။

NCA မတိုင်ခင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများတွင် အစိုးရနှင့် EAOs တို့အကြား ပြည်နယ်အဆင့်၊ ပြည်ထောင်စုအဆင့် သဘောတူညီချက်များရှိပါကြောင်း၊ အဆိုပါ သဘောတူညီချက်များအနက် အကောင်အထည်ဖော်ရန် ကျန်နေသည့်အချက် များကို အမျိုးသားပြန်လည်သင့်မြတ်ရေး နှင့် ငြိမ်းချမ်းရေးဗဟိုဌာန (NRPC) ကိုတင်၍ နှစ်ပတ်တစ်ကြိမ်ကျင်းပသည့် ပုံမှန်အစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး ဆောင်ရွက်ရန် သဘောတူခဲ့ပါကြောင်း ပြောကြားခဲ့သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဦးဝင်းနိုင် ၎င်း၏ခန့်အပ်လွှာကို ဖိလစ်ပိုင်သမ္မတ မစ္စတာ ရိုဒရီဂို ရိုအာ ဒူတာဒေးထံပေးအပ်

**နေပြည်တော် မေ ၂၅**

ဖိလစ်ပိုင်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးဝင်းနိုင်သည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မေ ၂၀ ရက်တွင် မနီလာမြို့၌ ဖိလစ်ပိုင်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ရိုဒရီဂို ရိုအာ ဒူတာဒေးထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## ဦးဟောက်ဒိုဆွမ်းအား ဂျမေကာနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မေ ၂၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နယူးယောက်မြို့ ကုလသမဂ္ဂဆိုင်ရာ မြန်မာအမြဲတမ်းကိုယ်စားလှယ် ဦးဟောက်ဒိုဆွမ်းအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဂျမေကာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

# ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဆဋ္ဌမအကြိမ် ညှိနှိုင်းစည်းဝေး

**ဘားအံ မေ ၂၄**

ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC)၏ ဆဋ္ဌမအကြိမ်မြောက် အစည်းအဝေးကို မေ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင် ဘားအံမြို့ အမှတ်(၄)ရပ်ကွက် သီရိလမ်းရှိ ကရင်ပြည်နယ် (JMC) ရုံး၌ကျင်းပသည်။

ရှေးဦးစွာ ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မျိုးဝင်းက အမှာစကားပြောကြားရာတွင် ကရင်ပြည်နယ်အတွင်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်း၊ နိုင်ငံရေး၊ စီးပွားရေး လူမျိုးရေး၊ လူမှုရေးနှင့် ဘာသာရေး စသည့်ကိစ္စရပ်တွေမှာ ကော်မတီအနေဖြင့် ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် ညှိနှိုင်းဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ညှိနှိုင်းတိုင်ပင်ခြင်း၊ ဆွေးနွေးခြင်းအားဖြင့် အဖွဲ့အစည်းများအတွက်၊ ပြည်သူလူထုအတွက်၊ ပြည်နယ်အတွက်၊ နိုင်ငံတော်အတွက် အေးအေးချမ်းချမ်းနှင့် ဒေသဖွံ့ဖြိုးမှုကို ပိုမိုဆောင်ရွက်လာနိုင်မည် ဖြစ်ကြောင်း၊ နှစ်ဖက်အဖွဲ့အစည်းများအနေဖြင့် ပွင့်ပွင့်လင်းလင်း ဆွေးနွေးခြင်းနှင့် လက်အောက်တပ်ဖွဲ့ဝင်များကိုပါ ချပြရှင်းလင်းခြင်းဖြင့် အားလုံးပါဝင်ဆောင်ရွက်ပြီး ငြိမ်းချမ်းရေးကို ပိုမိုဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဥက္ကဋ္ဌ(၂)ဒေါ်နန်းစေးအွာ (အရပ်သားကိုယ်စားလှယ်)၊ ကော်မတီအတွင်းရေးမှူး (၁)ပဒိုရွှေမောင်၊ ကော်မတီအတွင်းရေးမှူး (၂) ဒုတိယဗိုလ်မှူးကြီး ရဲထွဋ်၊ အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်နယ်ရဲမှူးကြီး ကြည်လင်း၊ DKBAမှ စောထွန်းထွန်းနှင့် KNU/KNLA-PCမှ စောသြဘာတို့က ဆွေးနွေးကြပြီး ဆွေးနွေးမှုများအပေါ် ပြန်လည်သုံးသပ်ကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်းနှင့် ကရင်ပြည်နယ် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ ဆဋ္ဌမအကြိမ်မြောက်အစည်းအဝေးသို့ ကော်မတီဥက္ကဋ္ဌ၊ အဖွဲ့ဝင်များ၊ အတွင်းရေးမှူးများနှင့် လေ့လာသူများ စုစုပေါင်း ၂၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။




**နေမျိုးလွင်(ပြန်/ဆက်)**

# ပြည်သူနှင့်အတူ

## တောင်ပေါ်မြေပြန့်မခွဲခြားဘဲ လက်တွဲပူးပေါင်း

**နိုင်ငံတော်တစ်ဝန်းလုံးတွင် တည်ငြိမ်အေးချမ်းလာသည်နှင့်အမျှ ပြည်ထောင်စု၏ နယ်မြေဒေသအားလုံးတွင် တစ်ချိန်တည်း တစ်ပြိုင်တည်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စားဝတ်နေမှုပြည့်စုံလုံခြုံရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရေးတို့အတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးအနေဖြင့်လည်း တောင်ပေါ်မြေပြန့်၊ ပြည်နယ် ပြည်မ မခွဲခြားဘဲ မိမိကျရာအခန်းကဏ္ဍမှ ပြည်ထောင်စုအစိုးရနှင့်အတူ လက်တွဲပူးပေါင်း ဆောင်ရွက်သွားကြရန် လိုအပ်လှပေသည်။**

((၆၉) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားသို့ပေးပို့သော နိုင်ငံတော်သမ္မတ ဦးထင်ကျော်၏ သဝဏ်လွှာမှ ကောက်နုတ်ချက်)

## တတ်နိုင်သလောက် ပြည်သူ့အကျိုးနဲ့ နိုင်ငံ့အကျိုးအတွက် ထမ်းဆောင်ခဲ့

**ပွင့်လင်းမြင်သာမှုရဲ့ အခြေခံအားဖြင့် ပြည်သူကို လေးစားခြင်းပဲဖြစ်ပါတယ်။ ပွင့်ပွင့်လင်းလင်းပြောတယ်ဆိုတာဟာ ပြည်သူဟာ ပြောသင့်ပြောထိုက် သိသင့်သိထိုက်တဲ့ သူမို့လို့ ပြောတယ်ဆိုတဲ့ အဓိပ္ပာယ်ရောက်ပါတယ်။ ဒါကြောင့်မို့ အစိုးရကောင်းများ အားလုံးရဲ့အခြေခံဟာ ပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုပဲ ဖြစ်ပါတယ်။ ဒီပွင့်လင်းမြင်သာမှုနဲ့ တာဝန်ယူမှုကို ကျွန်မတို့ လက်ကိုင်ပြီးတော့ ဒီတစ်နှစ်အတွင်းမှာ တတ်နိုင်သလောက် ပြည်သူ့အကျိုးနဲ့ နိုင်ငံအကျိုးအတွက် ထမ်းဆောင်ခဲ့ပါတယ်။ ပြည်သူတွေအားလုံး တိုးတက်သင့်သလောက် တိုးတက်ချင်သလောက် မတိုးတက်သေးဘူးဆိုတာလည်း ကျွန်မတို့ သိပါတယ်။**

(၃၀-၃-၂၀၁၇ ရက်နေ့တွင် နိုင်ငံတော်အစိုးရတာဝန်ယူမှု တစ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)

## မြန်မာနှင့် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာညှိနှိုင်းရေးရုံးတို့အကြား ပူးပေါင်းဆောင်ရွက်မှုအပေါ် အမြင်ချင်းဖလှယ်

**နေပြည်တော် မေ ၂၄**

နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်သည် ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA)၏ OCHA Donor Support Group (ODSG) အဖွဲ့အား ယနေ့ညနေ ၄ နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် OCHA အဖွဲ့၏ ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံ လူသားချင်းစာနာမှု အကူအညီပေးရေးစီမံချက်နှင့် မြန်မာနိုင်ငံအတွင်း လက်ရှိလူသားချင်းစာနာမှု အကူအညီပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများ၊ မြန်မာနှင့် OCHA တို့အကြား ပူးပေါင်းဆောင်ရွက်နိုင်မှုအခြေအနေများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**



**နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး၏ OCHA Donor Support Group (ODSG) အဖွဲ့အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)



**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း အင်ဒိုနီးရှားနိုင်ငံအထက်လွှတ်တော် Regional Representative Council မှ အဖွဲ့အစည်းများ အရည်အချင်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ Prof. Dr. John Pieris အား လက်ခံတွေ့ဆုံစဉ်** (သတင်းစဉ်)

## လွှတ်တော်ချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး လွှတ်တော်နှစ်ရပ်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေး

**နေပြည်တော် မေ ၂၄**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းသည် အင်ဒိုနီးရှားနိုင်ငံအထက်လွှတ်တော် Regional Representative Council မှ အဖွဲ့အစည်းများ အရည်အချင်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ ( Institutional Capacity Development Committee) ၏ ဥက္ကဋ္ဌ Prof. Dr. John Pieris နှင့်အဖွဲ့အား ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ လွှတ်တော်ချင်း အပြန်အလှန်ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ရေး၊ လွှတ်တော်နှစ်ရပ်၏ ဥပဒေပြုရေးဆိုင်ရာ လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်၊ အမျိုးသားလွှတ်တော် အစိုးရမဟုတ်သော ပြည်တွင်းပြည်ပ အဖွဲ့အစည်းများဆိုင်ရာကော်မတီဥက္ကဋ္ဌ ဦးမင်းဦးနှင့် အမျိုးသားလွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မိုးဆက်လက် ထစ်ချုန်းရွာမည်

**နေပြည်တော် မေ ၂၄**

နေပြည်တော်၊ ရန်ကုန်မြို့နှင့်မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးဆက်လက်ထစ်ချုန်းရွာမည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော်အလယ်ပိုင်းတွင် အများအားဖြင့် သာယာနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။

(မိုး/ဇလ)



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

**ရန်ကုန် မေ ၂၄**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် နယ်သာလန်နိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် လူမှုရေးရာနှင့် အလုပ်အကိုင်ရရှိရေးရာဝန်ကြီး H.E. Mr. Lodewijk Asscher ၏ ဖိတ်ကြားချက်အရ နယ်သာလန်နိုင်ငံသို့ အလုပ်သဘောခရီး သွားရောက်ခဲ့ပြီး ယနေ့နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ဒုတိယသမ္မတနှင့်အဖွဲ့အား ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Wouter Robert Marie Jurgens နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

**(သတင်းစဉ်)**

ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံသို့ အလုပ်သဘောခရီး သွားရောက်ခဲ့ပြီး လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိစဉ်

(သတင်းစဉ်)

# တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အား ဩစတြီးယားတပ်မတော်စစ်ဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

**နေပြည်တော် မေ ၂၄**

ဩစတြီးယားနိုင်ငံ၌ အလုပ်သဘောချစ်ကြည်ရေးခရီးစဉ် ရောက်ရှိနေသည့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား ယနေ့နံနက် ဒေသစံတော်ချိန် ၁၀ နာရီတွင် ဩစတြီးယားတပ်မတော်စစ်ဦးစီးချုပ် General Othmar Commenda က ဩစတြီးယားကာကွယ်ရေးဝန်ကြီးဌာနတွင် ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆိုသည်။

ရှေးဦးစွာ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဩစတြီးယားတပ်မတော်စစ်ဦးစီးချုပ်တို့သည် ဂုဏ်ပြုတပ်ဖွဲ့၏ အလေးပြုခြင်းကိုခံယူပြီး ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးကြသည်။

ဂုဏ်ပြုကြိုဆိုပွဲအပြီးတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဩစတြီးယားတပ်မတော်စစ်ဦးစီးချုပ်တို့သည် ဩစတြီးယားတပ်မတော်စစ်ဦးစီးချုပ်၏ ဧည့်ခန်းမ၌ တွေ့ဆုံဆွေးနွေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့သည် မေ ၂၃ ရက် ဒေသစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲက ဗီယင်နာမြို့ရှိ Schonbrunn Palace သို့ ရောက်ရှိလေ့လာကြသည်။

Schonbrunn Palace တွင် ဩစတြီးယားနိုင်ငံ Habsburger မင်းဆက်၏ စိတ်ဝင်စားဖွယ်ရာဓလေ့ထုံးစံများနှင့် အလေ့အထများကို ပြသထားရှိသည်။ Schonbrunn Palace အား UNESCO ၏ ကမ္ဘာ့ရှေးဟောင်းအမွေအနှစ်စာရင်း၌ ၁၉၉၆ ခုနှစ်တွင် မှတ်တမ်းတင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍ မြန်မာ့တပ်မတော်ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ညနေ ၄ နာရီ ၁၀ မိနစ်တွင် Donau Tower မှ ဗီယင်နာမြို့၏ ရှုမျှော်ခင်းများအား ကြည့်ရှုကြသည်။

ဒေသစံတော်ချိန် ည ၇ နာရီတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အဖွဲ့အား ဩစတြီးယား တပ်မတော်စစ်ဦးစီးချုပ် General Othmar Commenda နှင့် ဇနီးတို့က ဗီယင်နာမြို့ရှိ Marriott ဟိုတယ်၌ ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**(သတင်းစဉ်)**



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဩစတြီးယားတပ်မတော်စစ်ဦးစီးချုပ်တို့က ဂုဏ်ပြုတပ်ဖွဲ့အား စစ်ဆေးစဉ်

(သတင်းစဉ်)

❂ *ကျောဖုံးမှ*

ပြောင်းလဲမှုနောက် လိုက်ပါချင်အောင် ပိုမိုဆွဲဆောင်သင့်ကြောင်း ဒေါ်ကြည်ပြာက ဆက်လက်ပြောသည်။

တိုင်းဒေသကြီးအစိုးရ အဖွဲ့အနေဖြင့် YBS ဘတ်စ်ကားစနစ်ပြောင်းလဲပြေးဆွဲရာတွင် လွှတ်တော်သို့ တင်ပြခဲ့ခြင်းမရှိဘဲ လွှတ်တော်ကိုယ်စားလှယ်များကို ရက်ပိုင်းနီးကပ်မှသာ အသိပေးခဲ့ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အဓိကကျသည့် ပြုပြင်ပြောင်းလဲမှုများကို လုပ်ဆောင်ရာတွင် တိုင်းဒေသကြီး လွှတ်တော်သို့ တင်ပြရန်လိုကြောင်း ယနေ့ဆွေးနွေးရာတွင် ကိုယ်စားလှယ်များက ထည့်သွင်းပြောကြားသည်။

လက်ရှိပြေးဆွဲနေသည့် YBS ဘတ်စ်ကားစနစ်မှာ ကြိုတင်ပြင်ဆင်မှုအားနည်းခြင်း၊ စီမံခန့်ခွဲမှုများ အားနည်းခြင်း စသည်ဖြင့် အားနည်းချက်များရှိခဲ့ကြောင်း၊ လက်ရှိအချိန်တွင် ရုံးဆင်း၊ ရုံးတက်အချိန်များတွင် ယာဉ်အစီးရေလုံလောက်စွာ ပြေးဆွဲခြင်းမရှိသောကြောင့် ပြည်သူများမှာ အခက်အခဲများ ကြုံတွေ့နေရကြောင်း လွှတ်တော်ကိုယ်စားလှယ်များက ယနေ့ဆွေးနွေးမှုတွင် ပြောကြားသည်။

"အရင် (မထသ) စနစ်ကို ဖျက်သိမ်းပြီးတော့ ကျွန်တော်တို့ ဒီ YBS၊ YRTA ကိုဖွဲ့လိုက်တဲ့အခါမှာ ကျွန်တော်တို့ အခုဆက်လုပ်မှာက ဘယ်မူ၊ ဘယ်စည်းကမ်းတွေနဲ့ လုပ်မှာလဲ၊ (မထသ) တုန်းကတော့ ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေး ဥပဒေရှိတယ်၊ အခုဘယ်ဥပဒေနဲ့ လုပ်မှာလဲဆိုတော့၊ ဒါလေးတွေဟာ ကျွန်တော်တို့စဉ်းစားသင့်တဲ့အရာလေးတွေပါ၊ အခုကအတည်ပြုပြီးတော့ ပြည်သူ့အသံ လွှတ်တော်အသံ၊ လွှတ်တော်အသံဘယ်မှာပျောက် လေထဲမှာပျောက်ဆိုရင်တော့ ဒါသိပ်မကောင်းပါဘူး၊ ကျွန်တော်တို့သတိထားဖို့လိုပါတယ်" ဟု ဒဂုံမြို့နယ် မဲဆန္ဒနယ် အမှတ်(၂) မှ ဦးကျော်ဇေယျက ဆွေးနွေးရာတွင် ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအစိုးရအနေဖြင့် ယာဉ်ကြောကျပ်တည်းမှု လျှော့ချနိုင်ရန်နှင့် ဘတ်စ်ကားလိုင်းများ စနစ်တကျဖြစ်စေရန်အတွက် ဇန်နဝါရီ ၁၆ ရက်မှ စတင်ကာ ဘတ်စ်ကားစနစ်ကို ပြောင်းလဲခဲ့ပြီး သုံးလကျော်ကြာမြင့်လာခဲ့သော်လည်း ခရီးသွားပြည်သူအချို့မှာ ဘတ်စ်ကားစီးနင်းရာတွင် အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

လက်ရှိပြေးဆွဲလျက်ရှိသည့် ဘတ်စ်ကားများမှာ ယာဉ်စီးခပိုမိုတောင်းခံခြင်း၊ အပြိုင်အဆိုင် မောင်းနှင်ခြင်း၊ မှတ်တိုင်တွင် စနစ်တကျရပ်တန့်မှုမရှိခြင်း စသည်ဖြင့် စည်းကမ်းလိုက်နာမှုအားနည်းခြင်းများကြောင့် ယခင်(မထသ)စနစ်ကဲ့သို့ပင်ဖြစ်နေကြောင်း ယနေ့ဆွေးနွေးမှုများအရ သိရသည်။

အဆိုပါဆွေးနွေးမှုနှင့်ပတ်သက်၍ ထောက်ခံဆွေးနွေးမှုများအပေါ် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် မေ ၂၇ ရက်တွင် ပြန်လည်ဖြေကြားသွားမည်ဖြစ်ကြောင်း တိုင်းဒေသကြီး လျှပ်စစ်၊ စက်မှု လက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါ်နီလာကျော်က လွှတ်တော်အစည်းအဝေးတွင် ပြောကြားသည်။

YBS ဘတ်စ်ကားပြေးဆွဲမှုနှင့်ပတ်သက်၍ တိုင်းဒေသကြီးအစိုးရအနေဖြင့် သုံးလတစ်ကြိမ် ပြန်လည်သုံးသပ်သွားမည်ဖြစ်သည့်အပြင် ၂၀၁၇ ခုနှစ်အတွင်း အဆိုပါယာဉ်လိုင်းများကို အများပိုင်ဘတ်စ်ကားလိုင်းများအဖြစ် ပြောင်းလဲသွားမည်ဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများကို ဝန်ဆောင်မှုပေးရန် ယာဉ်လိုင်းပေါင်း ၈၀ ကျော်မှ ဘတ်စ်ကားအစီးရေ ၃၇၀၀ ကျော် ဖြင့် ပြေးဆွဲလျက်ရှိကြောင်း တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေးကြီးကြပ်မှု အာဏာပိုင်အဖွဲ့မှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း လူဦးရေ ခြောက်သန်းကျော် နေထိုင်လျက်ရှိသည့်အနက် ပြည်သူ ၂ ဒသမ ၅ သန်းခန့်မှာ ခရီးသွားလာရေးအတွက် ဘတ်စ်ကားများကို နေ့စဉ် အသုံးပြုနေရကြောင်းသိရသည်။

❍ *ကျောဖုံးမှ*

ပထမအဆင့်ပွဲစဉ်များအဖြစ် မေ ၂ ရက်တွင် သုဝဏ္ဏကွင်း၌ ဖုန်ဂန်နှင့် GFA အသင်း၊ အောင်ဆန်းကွင်း၌ ငွေကြယ်ပွင့်အသင်းနှင့် စီးတီးစတားအသင်း၊ မေ ၃ ရက်တွင် သုဝဏ္ဏကွင်း၌ ဖီးနစ်(က)အသင်းနှင့်မောရဝတီအသင်း၊ အောင်ဆန်းကွင်း၌ စီးတီးရန်ကုန်အသင်းနှင့် မြဝတီအသင်း၊ မေ ၄ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်းနှင့် တက္ကသိုလ်လက်ရွေးစင်အသင်း၊ အောင်ဆန်းကွင်း၌ နေပြည်တော်အသင်းနှင့် ဒဂုံအသင်းတို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပထမအဆင့်တွင် လက်ရှိပထမတန်းလိဂ်၌ ထိပ်ဆုံးမှရပ်တည်နေသည့် စီးတီးရန်ကုန်နှင့် ဒုတိယနေရာမှ မြဝတီအသင်းတို့ တွေ့ဆုံလျက်ရှိသည်။

ဒုတိယအဆင့်ပွဲစဉ်များအဖြစ် မေ ၁၀ ရက်တွင် အောင်ဆန်းကွင်း၌ ဟံသာဝတီအသင်းနှင့် ဇွဲကပင်အသင်း၊ သုဝဏ္ဏကွင်း၌ မြဝတီ/ စီးတီးရန်ကုန်အသင်းနှင့် ရန်ကုန်ယူနိုက်တက်အသင်း၊ မေ ၁၀ ရက်တွင် သုဝဏ္ဏကွင်း၌ ရခိုင်အသင်းနှင့် ချင်းယူနိုက်တက်အသင်း၊ အောင်ဆန်းကွင်း၌ ဖီးနစ်/ မောရဝတီအသင်းနှင့် ရောဝတီအသင်း၊ မေ ၁၇ ရက်တွင် အောင်ဆန်းကွင်း၌ လက်ရှိ ချန်ပီယံမကွေးအသင်းနှင့်ဖုန်ဂန်/GFAအသင်း၊ သုဝဏ္ဏကွင်း၌ ငွေကြယ်ပွင့်/စီးတီးစတားအသင်းနှင့် ရှမ်းယူနိုက်တက်အသင်း၊ မေ ၁၈ ရက်တွင် သုဝဏ္ဏကွင်း၌ Southern အသင်းနှင့် နေပြည်တော်/ဒဂုံအသင်း၊ အောင်ဆန်းကွင်း၌ မဟာ/တက္ကသိုလ်အသင်းနှင့် ရတနာပုံအသင်းတို့ ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

၂၀၁၆ ဗိုလ်ချုပ်အောင်ဆန်းဒိုင်းရှုံး/ထွက်ပြိုင်ပွဲ ဗိုလ်လုပွဲတွင် မကွေးအသင်းက ရန်ကုန်အသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲထားသည်။ ဆုကြေးများအဖြစ် ပထမကျပ်သိန်း ၃၀၀၊ ဒုတိယ ကျပ်သိန်း ၁၅၀ နှင့် ဆီမီးဖိုင်နယ်ရောက်ရှိသည့်အသင်းများမှာ ကျပ် ၇၅ သိန်းစီရရှိမည်ဖြစ်ကာ ပွဲစဉ်များကို မြဝတီရုပ်မြင်သံကြားမှ တိုက်ရိုက်ပြသမည်ဖြစ်သည်။

# သဘာဝဘေးကြုံတွေ့ရမှု၊ ကယ်ဆယ်စောင့်ရှောက်ပေးနေမှုများနှင့်ပတ်သက်၍ ပြည်သူများ၏ စကားသံများ

**သတင်းအဖွဲ့**

မြန်မာနိုင်ငံတွင် ရာသီဥတု ဖောက်ပြန် ပြောင်းလဲမှုများကြောင့် ဖြစ်ပေါ်လာသည့် သဘာဝဘေးအန္တရာယ် ဖြစ်ပွားမှုများကြုံတွေ့ခဲ့ရသည်။

၂၀၁၆ ခုနှစ် ဧပြီလမှ ၂၀၁၇ ခုနှစ် မတ်လအထိ တစ်နှစ်တာ ကာလအတွင်းမှာ ကြုံတွေ့ခဲ့ရသည့် သဘာဝဘေးနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၊ အင်းစိန်မြို့နယ်၊ ရွှေပြည်သာမြို့နယ်တို့မှ ပြည်သူများ သဘာဝဘေးလျော့ပါးရေး စေတနာ့ဝန်ထမ်း လူငယ်များနှင့် လူမှုကာကွယ်စောင့်ရှောက်ရေး စေတနာ့ဝန်ထမ်းများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် တွေ့ဆုံ မေးမြန်းခြင်း၊ တိုက်ကြီးမြို့နယ်တွင် မတ် ၁၃ ရက်က အင်အား ၅ ဒသမ ၈ အဆင့်ရှိ မြေငလျင်တစ်ခုလှုပ်ခတ်ခဲ့သဖြင့် မြေငလျင်ဘေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ထောက်ပံ့ပေးခဲ့မှုများ၊ ပြည်သူအချို့ ပျက်စီးသွားသည့်နေအိမ်များကို ပြန်လည်တည်ဆောက်နိုင်ရန် အခက်အခဲကြုံတွေ့နေရမှုများ၊ ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်းများ၏ လိုအပ်ချက်များ၊ မွန်ပြည်နယ် ဘီးလင်းမြို့နယ်တွင် ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရမှုများနှင့် ပတ်သက်၍ ဒေသခံများနှင့် တွေ့ဆုံမေးမြန်းထားသည် -


ဦးချစ်လှိုင်


ဦးဆန်းနိုင်(လူမှုကယ်ဆယ်ရေးအသင်း)


ဦးနီထွန်း


ဦးဆန်းနိုင်(၂)


ဦးစံထွန်း


ဦးတင်အေး

**တိုက်ကြီး၊ အင်းစိန်နှင့် ရွှေပြည်သာမြို့နယ်တို့မှ ပြည်သူများ၏ စကားသံများ**

**ဦးတင်အေး(နေသိဒ္ဓိလမ်း၊ အင်းစိန်မြို့နယ်)**

မြန်မာနိုင်ငံမှာ မီးဘေးတို့၊ ရေဘေးတို့ဆိုတာ အများဆုံး ခံစားနေရတာပါ။ အများဆုံးဖြစ်တဲ့နေရာကတော့ လှိုင်သာယာမြို့နယ်နဲ့ သဃ်န်းကျွန်းတို့ဖြစ်ပါတယ်။

**ဦးဇော်တိုးအောင်(အမှတ်-၆ ရပ်ကွက်၊ ရွှေပြည်သာမြို့နယ်)**

ကျွန်တော်တို့အနေနဲ့ နာဂစ်မုန်တိုင်းလို ဘေးအန္တရာယ်ကြီးကြီးမားမားခံစားခဲ့ကြရပါတယ်။ သာမန်အားဖြင့်တော့ မိုးများတဲ့အခါမျိုးမှာ ရေဘေးအန္တရာယ်တွေ ခံစားရတယ်။ ပတ်ဝန်းကျင်မှာ မီးလောင်မှုလည်း အနည်းငယ်ရှိခဲ့တော့ မီးဘေးနဲ့ပတ်သက်လို့လည်း အထိတ်တလန့် ခံစားခဲ့ရတာလေးတွေလည်းရှိပါတယ်။

**ဦးညွန့်ဝေ(နံ့သာကုန်းရပ်ကွက်၊ အင်းစိန်မြို့နယ်)**

သဘာဝဘေးအန္တရာယ်ဖြစ်ရင် အဖွဲ့အစည်းတွေနဲ့ ကြိုတင်ပြင်ဆင်ထားတာ၊ ဟောပြောပွဲတွေလုပ်ပြီးတော့ လုပ်ဆောင်ထားတာရှိပါတယ်။

**ဦးနီထွန်း( စေတနာ့ဝန်ထမ်း၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၊ အင်းစိန်မြို့နယ်)**

လူမှုဝန်ထမ်းဦးစီးဌာနအနေနဲ့ မြို့နယ်အဆင့်တွေမှာ အခုနောက်ပိုင်းဆိုရင် ပရဟိတအဖွဲ့တွေ၊ စေတနာရှင်၊ လုပ်ငန်းရှင်တွေ တော်တော်များများ ရှိပါတယ်။ ဒီအဖွဲ့တွေနဲ့ စနစ်တကျ သေချာပူးပေါင်းဆောင်ရွက်ပြီးတော့ သင်တန်းတွေဖွင့်လှစ်တာမျိုးတွေ၊ လူမှုဝန်ထမ်းဦးစီးဌာနကနေပြီး တကယ့်တကယ် ဖြစ်ပေါ်လာရင် မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကတော့ နည်းနည်းအားနည်းနေသေးတယ်လို့ ထင်မြင်မိပါတယ်။ ထင်မြင်မိတယ်ဆိုတာက ထဲထဲဝင်ဝင် လုပ်ဆောင်နိုင်ဖို့အတွက် အစုအဖွဲ့တွေနဲ့ ခေါ်ယူပြီးတော့မှ သင်တန်းဖွင့်တာတွေ၊ Workshop ဖွင့်တာမျိုးတွေ ဆောင်ရွက်သင့်တယ်လို့ ထင်မြင်ယူဆပါတယ်။

**တိုက်ကြီးမြို့နယ်မှ ပြည်သူများ၏ စကားသံများ**

**ဦးချာလီ(အမှတ် ၈ ရပ်ကွက်၊ တိုက်ကြီးမြို့)**

ပန်းကန်တွေ၊ ခွက်တွေဆေးပြီးလို့ ကျန်တဲ့ထမင်းဟင်းအကျန်တွေကို ငှက်တွေစားဖို့ အစာထည့်နေတဲ့အချိန် ဝုန်းဆိုတဲ့ အသံလည်းကြားရော ဘာဖြစ်လဲကြည့်တော့ အရှေ့က အကန့်လိုက်ပြုတ်ကျသွားတယ်။ ပြုတ်ကျပြီးတဲ့အခါကျတော့ ဆက်တိုက်လှုပ်လာတယ်။ ပြုတ်ကျတဲ့နေရာကို ပြေးပြီးကြည့်တော့ အမေနဲ့ ညီမလေးက အုတ်ခဲကြားထဲမှာပိနေတယ်။ အဲဒီလိုပိနေတော့ ဆွဲပြီးတော့ ထုတ်ရတယ်။ ကျွန်တော် ကတော့ လွတ်သွားပါတယ်။ ဒဏ်ရာရတဲ့လူကတော့ ငါးယောက်ရှိပါတယ်။ နောက်ဆက်တွဲ ဘယ်လိုဆောင်ရွက်ပေးမလဲဆိုတာတော့ မသိသေးပါဘူး၊ အခုလောလောဆယ်တော့ ကျွန်တော်တို့ တခြားနေရာမှာ အိမ်ငှားပြီးတော့ နေရပါတယ်။

**ဦးစံထွန်း(ဂျိုးဖြူကန်လမ်း၊ တိုက်ကြီးမြို့)**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနဲ့ ပြန်လည်နေရာချထားရေးဝန်ကြီး လာရောက်ပြီးတော့ ပျက်စီးတဲ့အိမ်တွေ၊ နောက်သာသနာ့ အဆောက်အအုံပျက်စီးတာတွေကို ကူညီထောက်ပံ့ပေးတာတွေလည်း ကျွန်တော်တို့ သိရပါတယ်။ ပျက်စီးသွားတဲ့အိမ်တစ်အိမ်ဆိုရင် နှစ်သိန်းနှုန်း၊ နောက်တစ်ခါ သာသနိက အဆောက်အအုံတွေမှာ ပျက်စီးသွားတဲ့ အတိုင်းအတာတွေမှာလည်း အဆောက်အအုံပျက်တိုင်း ပျက်တိုင်း တစ်သိန်းနှုန်း ဒီလိုထောက်ပံ့တာတွေရှိသလို၊ ဆေးရုံတက်တဲ့လူနာတွေကိုလည်း တစ်ဦးကို ငါးသောင်းနှုန်း ထောက်ပံ့တာ တွေရှိခဲ့ရပါတယ်။ ကျွန်တော်တို့တိုက်ကြီးမှာ အခုလို ထူးထူးခြားခြားလှုပ်တဲ့ ငလျင်မျိုးဟာ နှစ်ပေါင်း ၈၀ ဝန်းကျင်လောက်မှာ တစ်ကြိမ်ပြန်လည်ခံစားရတဲ့ အနေအထားရှိပါတယ်။ နှစ်စဉ်နှစ်တိုင်း ခံစားနေရတာကတော့ ရေကြီးတာပါ။ လွယ်လင့်တကူ ရေဘေးရှောင်နိုင်ဖို့ကတော့ Center တွေရှိရင် ပိုကောင်းပါတယ်။

**အမျိုးသမီးများ၊ ကလေးသူငယ်များနှင့် ပတ်သက်ပြီး ဆောင်ရွက်ပေးနေမှုအပေါ် ပြည်သူအချို့၏ အတွေ့အကြုံများ**

**ဦးဆန်းနိုင်(ရွှေပြည်သာမြို့နယ်)**

ကျွန်တော်တို့ကို လာပြီးတော့ စခေါ်တုန်းက လားရှိုးဆိုပြီး ခေါ်တော့ သွားလုပ်ပါတယ်။ အဲဒီနေရာမှာ လူပြည့်သွားပြီ၊ တခြားနေရာကို ထပ်သွားရမယ်ဆိုပြီးတော့ သွားရပါတယ်။ သွားတော့ တစ်နေ့ကို တစ်သောင်းရမယ်ဆိုလို့ သွားလုပ်တာပါ။ ရောင်းစားမှန်းလည်း မသိပါဘူး၊ အလုပ်လုပ်နေရတယ်လို့ပဲ ထင်တာပါ။ နောက်ဆုံး ကျတော့ သူက အရောင်းစားခံရတာပါ။ အဲ့ဒီဖြစ်စဉ်ကို သိရတဲ့အခါကျတော့ ဇနီးဖြစ်သူက ပြန်လာတော့မှ သူ့ကို ရောင်းစားခံရတယ်ဆိုတာ သူက ပြောပြပါတယ်။ လူမှုဝန်ထမ်းဦးစီးဌာနကို ဦးစံသိန်းနဲ့အတူ သွားပါတယ်။ သွားပြီးတော့ ကျွန်တော့် အမျိုးသမီးဖြစ်တာကို ပြောပြပါတယ်။ ပြောပြတော့ အကူအညီပေးပါတယ်။ ကောင်းကောင်းမွန်မွန် အကူအညီပေးတဲ့အခါကျတော့ ကျွန်တော်တို့ ပြန်လာပါတယ်။

**ဦးစံသိန်း(Child Production Group၊ ရွှေပြည်သာမြို့နယ်)**

ကျွန်တော်တို့က လူမှုဝန်ထမ်းဦးစီးဌာနနဲ့ ပေါင်းပြီးတော့ ကလေးတွေ ဖြစ်စဉ် ဖြစ်ပေါ်လာတဲ့အခါမှာဆိုရင် အဲ့ဒီအပေါ်မှာ မူတည်ပြီးတော့ လူမှုဝန်ထမ်းနဲ့ ပေါင်းပြီးတော့ ဆောင်ရွက်တာပါ။ ဆောင်ရွက်နေရင်းနဲ့ ကလေးတွေရဲ့ ဖြစ်စဉ်တွေ ဖြစ်ပေါ်လာမယ်ဆိုရင် ကလေးတွေရဲ့ သတင်းအချက်အလက်ကို မြေပြင်ကို ကွင်းဆင်းပြီးတော့ ကာယကံရှင်ရဲ့ ထွက်ဆိုချက်၊ နောက် မိဘရဲ့ထွက်ဆိုချက် သတင်းအချက်အလက်ကို အတိအကျ အခိုင်အမာယူတယ်။ ယူပြီးရင် ကျွန်တော်တို့အဖွဲ့အစည်းမှာ ပြန်လည်သုံးသပ်ဆွေးနွေးကြတယ်။ ဆွေးနွေးချက်အပေါ်မှာ မူတည်ပြီးတော့ အတည်ယူပြီး လူမှုဝန်ထမ်းကို အကြောင်းကြားတယ်။ ချိတ်ဆက်တယ်၊ ချိတ်ဆက်ပြီးတော့ အကြံဉာဏ်တွေတောင်းတယ်။ အဲ့ဒီကနေတစ်ဆင့် ရဲစခန်းနဲ့ ချိတ်ဆက်ပါဆိုရင် အဲ့ဒီက အကြံဉာဏ်အတိုင်း ရဲစခန်းနဲ့ ချိတ်ဆက်တယ်။ ဆေးရုံဆေးခန်းနဲ့ ချိတ်ဆက်ပါဆိုရင် ဆေးရုံဆေးခန်းနဲ့ ချိတ်ဆက်တယ်။ နောက်လူကုန်တားနဲ့ ချိတ်ဆက်ပါဆိုရင်လည်း လူကုန်တားနဲ့ ချိတ်ဆက်ပါတယ်။


ဦးအောင်ခိုင်လင်း


ဦးဇော်တိုးအောင်


မခိုင်စုဝေ

နောက်တစ်ခါ ဥပဒေပိုင်းဆိုင်ရာမှာလည်း အခက်အခဲတွေ မရှိရအောင် ကလေးတွေကို အခမဲ့ ကူညီဆောင်ရွက်တဲ့ ရှေ့နေအဖွဲ့အစည်းတွေနဲ့ ချိတ်ဆက်ပြီးတော့ ကူညီဆောင်ရွက်ခဲ့ပါတယ်။

**မရမ်းကုန်းမြို့နယ်အတွင်း ဖွင့်လှစ်ထားသည့် ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းနှင့် အမျိုးသမီးကလေးများ သင်တန်းကျောင်းများနှင့် ပတ်သက်သည်များ**

**မခိုင်စုဝေ(သင်တန်းသူ)**

သမီးတို့ကို ဒီကျောင်းမှာ ဆရာ ဆရာမတွေနဲ့လည်း သင်တန်းပေးတယ်။ ပြီးတော့ ပြင်ပက ဆရာမတွေကိုလည်းခေါ်ပြီးတော့ သင်တန်းပေးပါတယ်။ ညနေ ၄ နာရီခွဲကနေ ည ၈ နာရီလောက်အထိ သင်တန်းပေးပါတယ်။

ဒီနှစ်ကတော့ နွေရာသီကျောင်းပိတ်ရက်မှာ နှစ်လလောက်အထိ သင်ပါမယ်။ သမီးတို့ အခုသင်နေရတာတွေအားလုံးက အင်္ကျီချုပ်တာတွေက လက်မတွေနဲ့ပဲ သင်ရပါတယ်။ လက်မတွေနဲ့ပဲ သင်ရတော့ စင်တီမီတာနဲ့ ချုပ်တာ သင်ချင်ပါသေးတယ်။ ပြီးတော့ ပစ္စည်းတွေက စုံတယ်ဆိုပေမယ့်လည်း တစ်ချို့ချွတ်ယွင်းချက်ရှိတဲ့ဟာတွေလည်းရှိတဲ့အတွက် ပစ္စည်းစုံတာလည်း လိုချင်ပါသေးတယ်။ ပိတ်စအပြင် ရောင်စုံချည်လေးတွေလည်း များများလိုချင်ပါသေးတယ်။

**တာဝန်ရှိသူတစ်ဦး (ကျိုက်ဝိုင်းလူငယ် သင်တန်းကျောင်း)**

ကျိုက်ဝိုင်းလူငယ်သင်တန်းကျောင်းမှာတော့ အသက် ၈ နှစ်မှ အသက် ၁၈ နှစ်အထိ ကျောင်းသား ၃၀၀ ကျော်ကို လက်ခံထိန်းသိမ်းထားစောင့်ရှောက်ထားပြီး အမျိုးသမီးကလေးများ သင်တန်းကျောင်းမှာတော့ သင်တန်းသူ ၁၀၃ ဦးကို လက်ခံစောင့်ရှောက်ပေးနေပါတယ်။

**မွန်ပြည်နယ် ဘီးလင်းမြို့ရှိ ပြည်သူများ၏ အသံများ**

**ဦးသန်းရီ(ဆရာစံရပ်ကွက်၊ ဘီးလင်းမြို့နယ်)**

ကျွန်တော်တို့ ဘီးလင်းမှာ ရေဘေး၊ လေဘေးတွေ နှစ်စဉ်လိုလိုဖြစ်ပါတယ်။ ရေဘေးလည်း ကြုံတွေ့ခဲ့ရပါတယ်။ သဘာဝဘေးအန္တရာယ် ကျရောက်လာတဲ့အခါမှာ အရေးပေါ်ခေါ်ဆိုရမယ့် ဖုန်းနံပါတ်တွေကိုလည်း မှတ်ထားပါတယ်။ ရေဘေးဖြစ်တာကများတော့ ရေစိုမယ့်အရာတွေအားလုံးကို ရေမစိုတဲ့နေရာမှာ သိမ်းဆည်းထားပါတယ်။ လှေတွေ ပြင်ဆင်ထားပါတယ်။ အဲ့ဒါတွေကတော့ ကြိုတင်ကာကွယ်တဲ့ပုံစံမျိုးနဲ့ လုပ်ထားပါတယ်။

**ကိုအောင်ခိုင်လင်း(လိပ်ခုံကျေးရွာ၊ ဘီးလင်းမြို့နယ်)**

သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု သင်တန်းကျောင်းတက်ဖြစ်ရတဲ့ ရည်ရွယ်ချက်ကတော့ လူမှုကယ်ဆယ်ရေးလုပ်ငန်းမှာ ပါဝင်ဆောင်ရွက်ချင်တယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ပါ။ မီးဘေးနဲ့ ပတ်သက်ပြီးတော့ မီးလောင်ရင် မီးသတ်ဆေးဘူးနဲ့ ဘယ်လိုဖျန်းရမယ်ဆိုတာနဲ့ပတ်သက်ပြီး ကိုယ်တိုင်ပါဝင်ခဲ့ရပါတယ်။

**ဦးဆန်းနိုင်(မြန်မာနိုင်ငံ လူမှုကယ်ဆယ်ရေးအသင်း၊ ဘီးလင်းမြို့နယ်)**

ပြည်သူလူထုတွေ ကိုယ့်လိုကြုံတွေ့နေရတဲ့ ရေဘေးဒုက္ခသည်တွေ စသဖြင့် ဖြစ်ပျက်နေတဲ့ လူကြီး၊ လူငယ်၊ ကလေးတွေ အားလုံးကို အခုလို ဒီမှာ ရုံးတစ်ရုံးဆောက်ပေးရင် ပိုကောင်းလိမ့်မယ်လို့ထင်ပါတယ်။ ဆောက်ပေးတဲ့အခါမှာ ပြည်သူလူထုကလည်း ဒီရုံးကို အမြဲတမ်းချိတ်ဆက်မှုရှိမယ်။ ပြည်သူလူထုကိုလည်း ထောက်ပံ့မှုတွေက ဒီရုံးမှာရှိရင် ပိုရလိမ့်မယ်လို့လည်းထင်ပါတယ်။ ကျွန်တော့်အနေနဲ့ကတော့ ဒီရုံးတစ်ရုံးကို မဖြစ်မနေ ဆောက်ပေးပါလို့ ဘီးလင်းမြို့သူမြို့သားတွေရဲ့ကိုယ်စား ကျွန်တော့်အနေနဲ့ တောင်းဆိုပါတယ်။

**ဦးချစ်လှိုင်(ဘီးလင်းမြို့)**

အခုလတ်တလောအားဖြင့် ပိုက်ဆံ တစ်သောင်းရှစ်ထောင်လာပေးသွားပါတယ်။ လေမုန်တိုင်းကျမယ်ပြောတယ်။ တို့ဘယ်လိုလုပ်မလဲ။ သူတို့ပြောတာက ဘယ်လိုနေပါ၊ ဘယ်လိုထိုင်ပါ၊ ဘယ်လိုလုပ်ပါ ပြောတာတွေကတော့ စုံနေတာပါပဲ။

**တာဝန်ရှိသူတစ်ဦး (ဘီးလင်းမြို့နယ်)**

ဘီးလင်းမြို့နယ် ကမာစိုင်ကျေးရွာမှာ ၂၀၁၆ ခုနှစ် စက်တင်ဘာလက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနက ကျေးရွာအတွက် စက်ရေတွင်း ထောက်ပံ့လှူဒါန်းပေးခဲ့တဲ့အတွက် ကျေးရွာသူ၊ ကျေးရွာသားတွေအတွက် သောက်သုံးရေ လုံလောက်မှုရှိနေပြီဖြစ်ပါတယ်။

---

## မင်းလှမြို့၌ ယဉ်ကျေးလိမ္မာနှင့် နွေပညာဒါနသင်တန်းဖွင့်

**မင်းလှ မေ ၂၄**

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့သဒ္ဓမ္မပဇ္ဇောတာရုံစာသင်တိုက် ပဓာန နာယကဆရာတော်ဦးကုမာရနှင့် အရှဏ်ဦးဆွမ်းကပ်အဖွဲ့ ဆရာ၊ ဆရာမများ ဦးစီးဖွင့်လှစ်သော စတုတ္ထအကြိမ်မြောက် ယဉ်ကျေးလိမ္မာနှင့် နွေပညာဒါနသင်တန်းကို စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ မေ ၂၄ ရက်မှစတင်ပြီး မင်းလှမြို့ ကျောင်းလမ်း သဒ္ဓမ္မပဇ္ဇောတာရုံစာသင်တိုက်၌ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

ရပ်ကွက်ကျေးရွာများမှ ကျောင်းသား ကျောင်းသူ ၁၅၉ ဦးအား စတုတ္ထတန်းမှ တက္ကသိုလ်ဝင်တန်းအထိ အင်္ဂလိပ်စာ၊ သင်္ချာ၊ ဗုဒ္ဓဝင်ယဉ်ကျေးမှုဘာသာရပ်နှင့် အထူးသီးသန့် နဝမတန်း၊ တက္ကသိုလ်ဝင်တန်းဓာတုဗေဒ၊ ရူပဗေဒဘာသာရပ်များကို နံနက် ၆ နာရီခွဲမှ ညနေ ၅ နာရီထိ အရုဏ်ဦးဆွမ်းကပ်အဖွဲ့မှ ဆရာ၊ ဆရာမ ၂၅ ဦးက သင်ကြားပေးကြောင်း သိရသည်။ အင်္ဂလိပ်ဘာသာနှင့် သင်္ချာဘာသာတို့ကို ထည့်သွင်းလျက် ဘက်စုံထူးချွန်တိုးတက်စေရန်လည်းကောင်း ရည်ရွယ်ဖွင့်လှစ်ကြောင်း သိရသည်။

**ပေါက်စ-မင်းလှ**

# ဝန်ထမ်းများပင်စင်ယူသည့်အချိန်တွင် တစ်အိုးတစ်အိမ်ဖြင့်နေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်နေ

နေပြည်တော် မေ ၂၄

**နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကို ယနေ့မွန်းလွဲ ၁ နာရီတွင် ပြန်ကြားရေးဝန်ကြီးဌာန စုပေါင်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။**

**သတင်းစာရှင်းလင်းပွဲသို့ ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း၊ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနတို့မှ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်တွင်းပြည်ပ သတင်းမီဒီယာများမှ သတင်းထောက်များ တက်ရောက်ကြသည်။**



**နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့မှုများနှင့်ပတ်သက်သည့် သတင်းစာရှင်းလင်းပွဲကျင်းပစဉ်** (သတင်းစဉ်)

သတင်းစာရှင်းလင်းပွဲတွင် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းက မိမိတို့ ယခုဖွင့်ထားသည့် စစ်ဆေးရေးစခန်း နှစ်ခုတွင် ကားအစီးရေ တစ်စီးချင်းမဟုတ်ဘဲ သုံး၊ လေးစီး တစ်ပြိုင်နက် စစ်ဆေးနိုင်ရန် ဆောင်ရွက်ထားပါကြောင်း၊ စစ်ဆေးရာတွင်လည်း ကာလတိုမိနစ်ပိုင်းအတွင်း စစ်ဆေးနိုင်ရန် စီစဉ်ထားပါကြောင်း၊ ထို့ပြင် သတင်းအချက်အလက် ခိုင်ခိုင်မာမာရရှိမှုအပေါ်အခြေခံပြီး စစ်ဆေးဆောင်ရွက်သည့်အတွက် ကုန်စည်စီးဆင်းမှု ရပ်တန့်ခြင်းမရှိပါကြောင်း။

**နိုင်ငံ့တာဝန်ကျေပွန်စွာထမ်းဆောင်ခဲ့**

နိုင်ငံ့ဝန်ထမ်းများမှ မိမိတို့၏တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျှင် နိုင်ငံတော်မှ အသိအမှတ်ပြုသည့်အနေဖြင့် ထိုက်တန်စွာ ဂုဏ်ပြုချီးမြှင့်ရန် ဆောင်ရွက်ခဲ့သည့်အတွက် ယခုဆိုလျှင် စစ်ဆေးရေးစခန်းများ၌ ဝန်ကြီးဌာနအသီးသီးမှ ပူးပေါင်းအဖွဲ့များသည် လွဲမှားသည့် အပြုအမူများကို မလုပ်ဘဲ နိုင်ငံ့တာဝန်အား ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည်ကို မှတ်တမ်းတင် ပြောကြားလိုပါကြောင်း။

နိုင်ငံတော်မှအခွန်အခ တိုးမြှင့်ကောက်ခံပါကလည်း နိုင်ငံသားအားလုံးက မျှမျှတတ မှန်မှန်ကန်ကန်၊ ပေါ့ပေါ့ပါးပါးနှင့် ထမ်းဆောင်နိုင်သည့် အခွန်အကောက်ဖြစ်အောင် အခြေခံစဉ်းစားထားပါကြောင်း၊ စဉ်းစားရာတွင် ပြည်တွင်း၊ ပြည်ပ အတတ်ပညာရှင်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အခွန်အကောက်စနစ်ကို ပြင်ဆင်ခဲ့သည်များရှိပါကြောင်း။

**ထီဆုငွေများ ချီးမြှင့်သွားမည်**

လက်ရှိပြင်ဆင်ထားသည့်အပိုင်းတွင် ပထမဆုံးအချက်မှာ အောင်ဘာလေထီအား ငွေကျပ် ၅၀၀ နှင့်ရောင်းချရာ၌ ပြည်သူများ ကံစမ်းရာတွင် ထူးထူးခြားခြား ကံထူးပြီး ထီဆုပေါက်သောလူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းအနေဖြင့် ရရှိသည့်ထီဆုငွေသည် ၎င်းတို့အတွက် စီးပွားရေးလုပ်ငန်းတစ်ခု ဖြစ်ဖြစ်မြောက်မြောက် လုပ်နိုင်သည့် ပမာဏဖြစ်ရန် မိမိတို့အနေဖြင့် ငွေကျပ်သိန်း ၁၀၀၀၀ ဆုပေးထားပါကြောင်း၊ နောက်ပိုင်းတွင် ထီဆုငွေများအား သိန်း ၅၀၀၀ ဆု၊ ၃၀၀၀ ဆု၊ ၂၀၀၀ ဆု စသဖြင့် ချီးမြှင့်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းဖြင့် ပြည်သူများအနေဖြင့် မပင်မပန်းဘဲ နိုင်ရာနိုင်ရာ အခွန်အကောက်ကို တစ်နည်းအားဖြင့် သွယ်ဝိုက်ပြီးဆောင်၍ရသည့် အခွန်သဘောမျိုးဖြစ်ပါကြောင်း၊ ထီထိုး၍ မပေါက်သည့်တိုင်အောင် မိမိတို့ထိုးလိုက်သည့် ထီသည် နိုင်ငံအတွက် ပညာရေး၊ ကျန်းမာရေးအတွက် အသုံးပြုနေခြင်းဖြစ်သည်ဟု ပြည်သူများ ကျေနပ်နှစ်သိမ့်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် စီစဉ်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါကြောင်း။

**အထောက်အပံ့ဖြစ်ရန် ဆောင်ရွက်မည်**

လယ်ယာစိုက်ပျိုးရေးနှင့်ပတ်သက်၍ မြန်မာ့စိုက်ပျိုးရေးဘဏ်ကို စနစ်တကျ အစီအစဉ်တကျအသုံးချနိုင်ပါက လယ်ယာကဏ္ဍသည် တိုးတက်လာနိုင်မည်ဟု ယုံကြည်သည့်အတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနသို့ ပြောင်းလဲလုပ်ဆောင်ခဲ့ပါကြောင်း၊ လယ်ယာကဏ္ဍတွင် သီးနှံစိုက်ပျိုးစရိတ်ချေးငွေသာမက လယ်ယာကဏ္ဍသွင်းအားစုများကို တောင်သူလယ်သမားများအတွက် အထောက်အပံ့ဖြစ်ရန် ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

ဝန်ထမ်းများနှင့်ပတ်သက်၍ ဝန်ထမ်းများ ပင်စင်ယူသည့်အချိန်တွင် တစ်အိုးတစ်အိမ်ဖြင့် နေထိုင်နိုင်အောင် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအနေဖြင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဆိုင်ရာများကို ရေးဆွဲသွားမည့်အပြင် တိုက်ရိုက်နှင့် သွယ်ဝိုက်စပ်ဆက်နေသည့် လုပ်ငန်းများကို အခြားသော ဝန်ကြီးဌာနများ အထောက်အပံ့ဖြင့် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ပြင် ဂြိုဟ်တုစနစ်အား ယခုတစ်နှစ်အတွင်း အသုံးချနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုအတူ ၂၀၁၇ - ၂၀၁၈ ခုနှစ်တွင် DATA IT Card System ဖြင့် e-Government လုပ်ငန်းစဉ်များကိုလည်း ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပါကြောင်း၊ လာမည့် သုံးနှစ်အတွင်းမှာ မြန်မာနိုင်ငံသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို မဂ္ဂါဝပ် ၃၀၀၀ အထိ ရောက်ရှိအောင် အစီအစဉ်များ ရေးဆွဲဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

**ထုတ်ချေးပေးခဲ့**

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မြန်မာ့စီးပွားရေးဘဏ်အနေဖြင့် ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် တောင်သူလယ်သမားများသို့တစ်ဧက ငွေကျပ်၁၅၀၀၀၀ နှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်မှ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်သို့ စိုက်ပျိုးစရိတ်ထုတ်ချေးငွေကျပ် ၁၇၉၂ ဒသမ ၈၁၁ ဘီလီယံ ထုတ်ချေးပေးခဲ့ပါကြောင်း၊ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် Two Step Loan နှင့်စပ်လျဉ်း၍ KBZ, AYA, MCB, MAB, CB နှင့် SMIDB ဘဏ်များမှတစ်ဆင့် SMEs လုပ်ငန်းရှင် ၁၇၅ ဦးအတွက် မြန်မာငွေကျပ် ၃၆၇၅၀ ဒသမ ၄၃ သန်းအား ထုတ်ချေးခဲ့ပါကြောင်း။

**ကုန်သွယ်ရေးလုပ်ငန်းခွန်စတင်ကောက်ခံ**

ပြည်တွင်းအခွန်များဦးစီးဌာနအနေဖြင့် ၂၀၁၆ ခုနှစ် ပြည်ထောင်စု အခွန်အကောက်ဥပဒေအရ ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာနှစ်တွင် တယ်လီဖုန်းပြောဆိုခများမှ ကုန်သွယ်လုပ်ငန်းခွန် ၅ ရာခိုင်နှုန်း စတင်ကောက်ခံခဲ့ရာ ၂၀၁၆ ခုနှစ် ဧပြီလအထိ ကောက်ခံရရှိငွေကျပ် ၇ ဒသမ ၄၅၄ ဘီလီယံအား ပညာရေးကဏ္ဍတွင် သုံးစွဲရန် လွှဲပြောင်းပေးခဲ့ပါကြောင်း။

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ရန်ကုန်ဆိပ်ကမ်းနှင့် လေဆိပ်တို့တွင် မြန်မာအလိုအလျောက်နည်းသုံး ကုန်စည်ရှင်းလင်းရေးစနစ် (Myanmar Automated Cargo Clearance System- MACCS) အသုံးပြုပြီး ကုန်စည်ရှင်းလင်းရေးလုပ်ငန်းများ လွယ်ကူလျင်မြန်စွာ ဆောင်ရွက်နိုင်ရန်အတွက် MACCS စနစ်ကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၁၂ ရက်မှစတင်၍ ဆောင်ရွက်နိုင်ခဲ့ကြောင်း။

**ငွေကြေးဝန်ဆောင်မှုပေး**

ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေး ဦးစီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ကျေးလက်နေပြည်သူ ၇၀ ရာခိုင်နှုန်းကျော်၏ လူမှုဘဝ တိုးတက်မြင့်မားရေးကို အထောက်အကူဖြစ်စေရန်အတွက် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်း ၁၇၀ အား လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်များခွင့်ပြုထားပြီး ၂၀၁၆ - ၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာပေါင်း ၁၅၉၈၆ ရွာ၊ လူဦးရေ ၂ ဒသမ ၅၁၉ သန်းကို ထုတ်ချေးငွေကျပ် ၂၃၅၄ ဘီလီယံနှင့် စုဆောင်းငွေကျပ် ၁၄၀ ဘီလီယံအထိ ငွေကြေးဝန်ဆောင်မှုပေးနိုင်ခဲ့ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနအနေဖြင့် ယခုနှစ်အတွင်း တောင်သူပေါင်း ၅၃၉၄၁ ဦး၊ ဦးပိုင်ပေါင်း ၁၀၉၅၇၂ ခု အတွက် မြေဧရိယာ ၄၁၇၅၈ အား ပုံစံ ၇ ကို ထပ်မံထုတ်ပေးနိုင်ခဲ့ပါကြောင်း။

**ရှေ့ပြေးစံပြဆောင်ရွက်ပေး**

ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနအနေဖြင့် စိုက်ပျိုးရေရရှိရေး ဆည်ရေသောက်လုပ်ငန်း ၄၁၉၆ ခု၊ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ခြင်းနှင့် တုံ့ပြန်ရင်ဆိုင်နိုင်ရန် လုပ်ငန်း ၁၁၂၆ ခု စီမံဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ ထူးခြားမှုအနေဖြင့် ညောင်ဦးမြို့နယ် အနောက်ပုလင်းကျေးရွာတွင် ရှစ်လက်မစက်ရေတွင်းမှ အစက်ချရေပေးစနစ် (Drip Irrigation System) အသုံးပြုပြီး စိုက်ပျိုးရေပေးဝေခြင်းကို ရှေ့ပြေးစံပြအနေဖြင့် ဆောင်ရွက်ပေးခဲ့ပါကြောင်း။

စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးစေ့ထုတ်လုပ်သူများအသင်းကိုလည်း ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ တစ်နိုင်ငံလုံး အတိုင်းအတာအရ မြို့နယ် ၂၀၆ မြို့နယ်က တောင်သူ ၃၁၈ ဦး၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မျိုးစေ့ထုတ် ဧကပေါင်း ၁၀၅၆၁ ဧက ဆောင်ရွက်နိုင်ခဲ့ပါကြောင်း၊ မြန်မာဆယ်မားအူးလ်ဒုန်ကျေးရွာသစ် လှုပ်ရှားမှုစီမံကိန်းကို ကိုရီးယားနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတိုင်း KOICA ၏ အထောက်အပံ့ အမေရိကန်ဒေါ်လာ ၂၂ သန်းနှင့် ငါးနှစ်တာကာလ လုပ်ငန်းစဉ်အဖြစ် တိုင်းဒေသကြီး၊ ပြည်နယ် ကိုးခုရှိ ကျေးရွာ ၁၀၀ တွင် ရှေ့ပြေးစံပြကျေးရွာများအဖြစ် အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

**ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ငန်းဖွဲ့စည်း**

စက်မှုလယ်ယာဦးစီးဌာနအနေဖြင့် ယခုဘဏ္ဍာရေးနှစ်တွင် ထွန်ယက်ရေးလုပ်ငန်း ဧက ၈၈၅၀၀၀၊ ရိတ်သိမ်းခြွေလှေ့ခြင်းလုပ်ငန်း ဧက ၄၂၀၀၀၊ ကောက်စိုက်စက်အသုံးပြုလုပ်ငန်း ဧက ၇၀၀၀ ကိုလည်း စက်အငှားစနစ်ဖြင့် ဆောင်ရွက်ပေးနိုင်ခဲ့သည့်အတွက် ယခင်နှစ် လျာထားဆောင်ရွက်နိုင်ခဲ့မှုထက် ဧက ၅၀၇၉၀၀ ပိုမိုဆောင်ရွက်နိုင်ခဲ့ကြောင်း၊ တောင်သူများအတွက် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကဏ္ဍမှလည်း ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် ပုဂ္ဂလိကလယ်ယာဝန်ဆောင်မှုလုပ်ငန်း ၃၉ ခု ဖွဲ့စည်းဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း။

**သမဝါယမအသင်းတိုးချဲ့ဖွဲ့စည်း**

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း သမဝါယမအသင်းပေါင်း ၃၉၁ သင်းကို တိုးချဲ့ဖွဲ့စည်းနိုင်ခဲ့ပါကြောင်း၊ စက်မှုလယ်ယာကူးပြောင်းရေးနှင့် လယ်ယာမြေအဆင့်မြှင့်တင်ခြင်းတို့ကို သမဝါယမအသင်း ၅၅၁ အသင်းရှိ သမဝါယမအသင်းသား ၇၁၅၇ ဦးတို့အတွက် လယ်ယာမြေဧက စုစုပေါင်း ၂၇၉၄၉ ဒသမ ၉၉ ဧက အကောင်အထည်ဖော်နိုင်ခဲ့ပါကြောင်း၊ ဝန်ဆောင်မှုသမဝါယမအသင်း ၂၀၊ ဝန်ဆောင်မှုလုပ်ငန်းခွဲ ၂၉ ခု၊ ရိတ်သိမ်းခြွေလှေ့စက် ၂၁ စီးနှင့် ထွန်စက်ကြီး ၁၀၇ စီးတို့ဖြင့် လယ်ယာဝန်ဆောင်မှုလုပ်ငန်းများဆောင်ရွက်နိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် အသေးစားစက်မှုလက်မှုလုပ်ငန်းများ မှတ်ပုံတင်ခြင်းလုပ်ငန်းအနေဖြင့် ၂၃၀၃ ခုကို ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

**ယာတစ်ဧကအတွက် ပိုမိုထုတ်ချေးနိုင်ရေးစီစဉ်**

မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် လယ်တစ်ဧကကို ယခင် ကျပ်တစ်သိန်းကနေပြီး ယခုနှစ်တွင် ကျပ်တစ်သိန်းခွဲအထိ တိုးမြှင့်ထုတ်ချေးပေးခဲ့ပါကြောင်း၊ ဘဏ်လုပ်ငန်းများ ပိုမိုအဆင်ပြေချောမွေ့အောင် ဆောင်ရွက်နိုင်ရန်အတွက် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်ကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအောက် သို့ မေ ၁ ရက်နေ့က စတင်ပြောင်းရွှေ့ရန်ဆောင်ရွက်ခဲ့ပြီး လက်ရှိအခြေအနေတွင် ယာတစ်ဧကအတွက်ပါ ပိုမိုတိုးမြှင့်ထုတ်ချေးနိုင်ရေး စီစဉ်ဆောင်ရွက်နေပါကြောင်း။

မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနအနေဖြင့် တိရစ္ဆာန်ကောင်ရေ စာရင်းကောက်ယူခြင်းကို FAO-LIFT Fund စီမံကိန်းအကူအညီရယူပြီး မြင်းခြံ၊ တောင်သာ၊ နွားထိုးကြီး၊ မလှိုင်၊ ပခုက္ကူနှင့် ရေစကြိုမြို့နယ်များတွင် ဆောင်ရွက်နိုင်ခဲ့ပြီး ဆက်လက်၍ ကျောက်ဆည်ခရိုင် လေးမြို့နယ်၊ မိတ္ထီလာခရိုင် သုံးမြို့နယ်နှင့် မြင်းခြံခရိုင် တစ်မြို့နယ်မှာလည်း ရှေ့ပြေးစာရင်းကောက်ယူသွားရန် စီစဉ်ဆောင်ရွက်ထားပါကြောင်း။

**ရေဝတီလင်းပိုင်မှတ်တမ်းတင်**

ငါးလုပ်ငန်းဦးစီးဌာနအနေဖြင့် နိုင်ငံ ၁၃ နိုင်ငံသို့တင်ပို့သည့် ပင်လယ်ရေထွက်ပစ္စည်းများအတွက် Catch Certificate ၆၁၇ ခု၊ Health Certificate ၃၈၂၁ စောင်ကို ထုတ်ပေးနိုင်ခဲ့ပါကြောင်း၊ ရေဝတီလင်းပိုင်မှတ်တမ်းတင်ခြင်းနှင့် သမီးလုကျွန်းအတွက် ပင်လယ်လိပ်မျိုးထိန်းသိမ်းခြင်းဆိုင်ရာ အသိအမှတ်ပြု Site Network Certificate ကိုရယူနိုင်ခဲ့ပါကြောင်း။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းအနေဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ကျေးရွာ ၂၁၀၇ ရွာထိ တိုးချဲ့ဆောင်ရွက်ခဲ့ပြီး လက်ရှိကျေးရွာ ၈၇၅၆ ရွာကို အကျိုးပြုလျက်ရှိပါကြောင်း၊ ထောက်ပံ့ခွင့်ပြုငွေကျပ် သန်း ၂၁၅၃၄၀၊ အတိုးရရှိငွေကျပ် သန်း ၃၃၉၁၉ ဒသမ ၀၆ နှင့် အကျိုးပြုလူဦးရေ ၅၈၂၁၀၉၉ ဖြစ်ပါကြောင်း။

**လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်**

လူထုဗဟိုပြုစီမံကိန်း (CDD)ဆောင်ရွက်မှုအနေဖြင့် ကမ္ဘာ့ဘဏ်အထောက်အပံ့ ချေးငွေအကူအညီ အမေရိကန်ဒေါ်လာ သန်း ၄၈၀ ဖြင့် မြို့နယ် ၆၃ မြို့နယ်ကို ဆောင်ရွက်ရန် လျာထားခဲ့ပြီး ယခင်ကာလတွင် ၂၇ မြို့နယ် ယခုအစိုးရသစ်ကာလ မြို့နယ် ၂၀ စုစုပေါင်း ၄၇ မြို့နယ်အား လူထုဗဟိုပြုစီမံကိန်းဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

**စည်းကမ်းချက်များထုတ်ပြန်ထိန်းချုပ်**

ယင်းနောက် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခင်မောင်ရီက တရားမဝင်သစ်ခုတ်လှဲမှု တားဆီးကာကွယ်ရန် လက်ကိုင်စက်လွှ (Chain Saw) များ ပြည်ပမှတင်သွင်းခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများကို စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း၍ စည်းကမ်းသတ်မှတ်ချက်များ ထုတ်ပြန်ထိန်းချုပ်ခြင်း၊ တရားမဝင် ကျွန်း၊ သစ်မာ၊ အခြား စုစုပေါင်း ၅၀၀၂၆ တန် ဖမ်းဆီးနိုင်ခြင်း၊ ဥရောပသမဂ္ဂနိုင်ငံများသို့ တရားဝင်သစ်တင်ပို့ရာတွင် တရားမဝင်သစ်ခိုးထုတ်မှုနှင့် ကုန်သွယ်မှုကို တိုက်ဖျက်တားဆီးရန် Forest Law Enforcement, Governance and Trade Voluntary Partnership Agreement (FLEGT VPA) လုပ်ငန်းစဉ်တွင် ပါဝင်ဆောင်ရွက်ခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း။

သစ်တောများ ပြန်လည်တည်ထောင်ရာတွင် ပြုန်းတီးသွားသည့် သစ်တောများ ပြန်လည်စိုက်ပျိုးပြုစုထိန်းသိမ်းခြင်းဖြင့် မူလသဘာဝ တောများကဲ့သို့ ဂေဟစနစ်ပြန်လည်ရရှိပြီး ရာသီဥတုပြောင်းလဲမှု လျော့ချသက်သာစေရန်၊ ရေရှည်တည်တံ့သည့် သစ်တောစီမံအုပ်ချုပ်မှုကိုရရှိစေရန်နှင့် နိုင်ငံစီးပွားရေး၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို အထောက်အကူပြုရန် ရေရှည်မျှော်မှန်းချက်ထား၍ ဆောင်ရွက်နေပါကြောင်း။

*စာမျက်နှာ ၁၂ သို့*

# ဒေသအလိုက်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲ (ဒုတိယနေ့)ကျင်းပ

**တောင်ကြီး မေ ၂၄**
ဒေသအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲ ဒုတိယနေ့ကို ယနေ့နံနက် ၉ နာရီတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ဆက်လက်ကျင်းပသည်။ **(ယာပုံ)**



အစည်းအဝေးတွင် သဘာပတိနှင့် အဖွဲ့ဝင်များအဖြစ် ဦးခွန်မောင်သောင်း (ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်)၊ ဦးကျိုင်းလုံ (ဥက္ကဋ္ဌ၊ လားဟူစာပေနှင့်ယဉ်ကျေးမှုအဖွဲ့)၊ ဦးဝင်းမြင့် (အင်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး (ငြိမ်း))၊ ဦးထွန်းနိုင် (ဥက္ကဋ္ဌ၊ ကိုးကန့်စာပေနှင့်ယဉ်ကျေးမှုအဖွဲ့)၊ ဦးကံလု (တအာင်းပလောင် စာပေနှင့်ယဉ်ကျေးမှုအဖွဲ့)တို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ဦးခွန်မောင်သောင်းက အမှာစကားပြောကြားသည်။ ဆက်လက်၍ အစီအစဉ်အလိုက် စာတမ်းများဖတ်ကြားရာ စီးပွားရေးဆိုင်ရာကိစ္စရပ်များစာတမ်းကို ဦးစိုင်းနောင့်(လင်းခေးခရိုင်)၊ အမျိုးသားအဆင့် စီးပွားရေးဆိုင်ရာစာတမ်းကို ဒေါ်မီမီသိန်း (ကျိုင်းတုံခရိုင်)၊ ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာ အခြေခံရမည့်မူများစာတမ်းကို ဦးစိုင်းလုံစံခတ် (တာချီလိတ်ခရိုင်)၊ ဖက်ဒရယ်ပြည်ထောင်စုအား အထောက်အကူဖြစ်စေမည့် ဒေသန္တရဖွံ့ဖြိုးရေးဆိုင်ရာကိစ္စရပ်များစာတမ်းကို ဒေါ်နန်းကြည်မြင့် (လားရှိုးခရိုင်)၊ စီးပွားရေးဆိုင်ရာ မူဝါဒကိစ္စရပ်များ စာတမ်းကို ဦးစိုင်းမွမ် (မူဆယ်ခရိုင်)၊ ဖက်ဒရယ်စနစ်ကို အခြေခံသည့် တိုင်းရင်းသားလူမျိုးများ၏ စီးပွားရေးဆိုင်ရာ အခြေခံလိုအပ်ချက်များစာတမ်းကိုဒေါ်ရီရီဝင်း (မိုးမိတ်ခရိုင်)၊ စီးပွားရေးဆိုင်ရာစာတမ်းကိုဦးဆမ်ဆောင်း (“ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း)၊ ဦးဝင်းဝဏ္ဏဝင်း(ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ)၊ ဒေါ်နန်းခမ်းယဉ်အောင်(ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)၊ ဦးနေဝင်းထွန်း (တောင်ကြီးခရိုင်)၊ ဦးခွန်သိန်းမောင်(ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဦးမောင်မောင်စိန် (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)တို့က ဖတ်ကြားကြသည်။

“ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီမှ တင်သွင်းသောစာတမ်းကို ဦးဆိုင်နပ် (“ဝ” အမျိုးသားစည်းလုံးညီညွတ်ရေးပါတီ)၊ “ဝ” ဒီမိုကရက်တစ်ပါတီမှတင်သွင်းသော စာတမ်းကို ဦးအိုက်ဆောတို့က ဖတ်ကြားကြသည်။ မွန်းလွဲပိုင်းတွင် စာတမ်းများကို ဆက်လက်ဖတ်ကြားရာ မြေယာနှင့် သဘာဝပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မူဝါဒစာတမ်းကို ဒေါ်နန်းငယ်ငယ် (ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်)၊ ဦးဝင်းဇော်ဦး (တောင်ကြီးခရိုင်)၊ ဒေါ်မီးမီး (လွိုင်လင်ခရိုင်)၊ အမျိုးသားအဆင့်နိုင်ငံရေး၊ စီးပွားရေး၊ မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းကို ဦးစိုင်းလုံ(ခ) ဦးအိုက်ပွင့် (ကျိုင်းတုံခရိုင်)၊ မြေယာနှင့်သဘာဝ ပတ်ဝန်းကျင် ကဏ္ဍဆိုင်ရာ မူဝါဒများကို ဦးနန်တိ(မိုင်းဆတ်ခရိုင်)၊ ဦးတင်မြင့်ဝင်း (တာချီလိတ်ခရိုင်)၊ ဦးဆမ်ဗရား (လားရှိုးခရိုင်)၊ ဦးစိုင်းဆန်စိန် (လားရှိုးခရိုင်)၊ မြေယာနှင့်သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒဆိုင်ရာစာတမ်းကို ဦးစိုင်းအောင်မြတ်(မူဆယ်ခရိုင်)၊ ဖက်ဒရယ်စနစ်ကိုအခြေခံသည့် မြေအသုံးချမှုဆိုင်ရာ ပြောင်းလဲဆောင်ရွက်သင့်သည့် အချက်များစာတမ်းကို ဦးအောင်မြင့်ရှိန် (မိုးမိတ်ခရိုင်)၊ မြေယာနှင့်သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စာတမ်းကိုဦးအိုက်ဆော( “ဝ” ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရတိုင်း)၊ ဦးစိုင်းဝဏ္ဏဝင်း (ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ဒေသ)၊ ဦးစိန်ဝင်း (ရှမ်းတိုင်းရင်းသားများ ဒီမိုကရက်တစ်ပါတီ)၊ ဦးစိုင်းဟွမ်နွဲ့ (ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ)၊ ဒေါ်နီလာဝင်း (အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်)၊ ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်မှ တင်သွင်းသော စာတမ်းကို ဒေါ်နန်းမြဦး (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်)၊ တအာင်းအမျိုးသားပါတီမှ တင်သွင်းသောစာတမ်းကို ဦးအောင်ကျော် (တအာင်းအမျိုးသားပါတီ)၊ မြေယာနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ မူဝါဒ စာတမ်းကို ဦးတင်လှိုင် (ကျောက်မဲ ခရိုင်)တို့က ဖတ်ကြားကြသည်။

အဆိုပါ ဒေသအလိုက်အမျိုးသားနိုင်ငံရေးဆွေးနွေးပွဲ ဒုတိယနေ့ကို ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း/ဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌများနှင့်အဖွဲ့ဝင်များ၊ ရှမ်းပြည်နယ်အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကြီးကြပ်မှုကော်မတီများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလူမျိုးကိုယ်စားလှယ်များ၊ NCA လက်မှတ်ရေးထိုးထားသည့် ပအိုဝ်း အမျိုးသားလွတ်မြောက်ရေးအဖွဲ့ချုပ်၊ ရှမ်းပြည်နယ်ပြန်လည်ထူထောင်ရေးကောင်စီတို့မှ ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာမှတာဝန်ရှိသူများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ တိုင်းရင်းသား စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ၊ စုစုပေါင်း အင်အား ၃၂၇ ဦး တက်ရောက်ကြပြီး စာတမ်း ၃၃ စောင်ဖတ်ကြားခဲ့ကြောင်း သတင်းရရှိသည်။
**(ပြည်နယ် ပြန်/ဆက်)**

# ဒေသအလိုက်နိုင်ငံရေးဆွေးနွေးပွဲများသည် ၂၁ ရာစုပင်လုံညီလာခံကို များစွာအထောက်အကူပြုသွားမည်ဖြစ်

နေပြည်တော် မေ ၂၄

**ရှမ်းပြည်နယ်ဒေသအလိုက် အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို မေ ၂၃ ရက်မှ ၂၅ ရက်အထိ တောင်ကြီးမြို့၌ ကျင်းပလျက်ရှိသည်။ အဆိုပါ အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲသို့ တက်ရောက်လာကြသူများ၏ လက်ရှိငြိမ်းချမ်းရေးဖြစ်စဉ်အပေါ်ထားရှိသည့်သဘောထား၊ ဆွေးနွေးပွဲတွင် တင်ပြမည့်အကြောင်းအရာများ၊ ဆွေးနွေးပွဲမှတစ်ဆင့် ရရှိလာမည့်အကျိုးကျေးဇူးများ၊ ဒီမိုကရေစီ ဖက်ဒရယ် ပြည်ထောင်စုအဖြစ်သို့ရောက်ရှိရန် ၎င်းတို့၏ ကိုယ်စီသဘောထားများကို မေးမြန်းတင်ပြလိုက်ရပါသည်။**



ဒေါက်တာမျိုးထွန်း



ဒေါ်ခင်စန်းရီ



စိုင်းထွန်း



နန်းမြဦး

**ဦးဝင်းကျော်(ခ) ဦးအိုက်မိန်း (ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ)**

ဒေသအလိုက်အမျိုးသား အဆင့် နိုင်ငံရေးဆွေးနွေးပွဲကို ပြည်နယ်အစိုးရကဖိတ်လို့ တက်ရောက်တာပါ။ ရှမ်းပြည်နယ်မှာ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း/ဒေသငါးခုရှိတယ်။ ကျွန်တော့်အနေနဲ့တော့ နမ့်စန်မြို့မှာ ဖြစ်ပျက်ခဲ့တဲ့ စစ်ရေး၊ နိုင်ငံရေးအဖြစ်အပျက်တွေကို ဆွေးနွေးခဲ့ပါတယ်။ ပထမအကြိမ် ၂၁ ရာစု ပင်လုံညီလာခံကို တက်ခဲ့ဖူးပါတယ်။ အခုလာမယ့် ဒုတိယအကြိမ် ပင်လုံညီလာခံဟာ ဒေသအလိုက်ရလာတဲ့ နိုင်ငံရေးဆွေးနွေးပွဲတွေက စာတမ်းတွေ၊ ပြည်သူလူထုလိုလားချက်တွေ၊ ပြည်သူလူထုဖြစ်စေချင်တာတွေကို စုစည်းပြီးတော့ ညီလာခံကျင်းပတဲ့ ဗဟိုကော်မတီတွေက ပြန်လည်စိစစ်သုံးသပ်မယ်လို့ မျှော်လင့်ပါတယ်။ ငြိမ်းချမ်းရေးအောင်မြင်သွားရင်တော့ ပြည်သူလူထုကိုယ်စား အတိုင်းထက်အလွန် ပီတိဖြစ်တာပေါ့။

**ဦးခွန်သိန်းမောင် (ရှမ်းပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီ အတွင်းရေးမှူး)**

ဒေသအလိုက်အမျိုးသားအဆင့်နိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်ရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ရဲ့ ဘုံရည်မှန်းချက်ဖြစ်တဲ့ ငြိမ်းချမ်းရေးရရှိဖို့၊ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ ပြည်ထောင်စုဖက်ဒရယ်စနစ်နိုင်ငံရေးကို သွားတဲ့အခါမှာ ငြိမ်းချမ်းရေးအတွက်သော်လည်းကောင်း၊ အခြေခံဥပဒေရေးဆွဲတဲ့နေရာမှာ သော်လည်းကောင်း၊ ဖက်ဒရယ် အတွက်သော်လည်းကောင်း ကျွန်တော်တို့ရဲ့စာတမ်းဟာ အထောက်အကူပြုစေဖို့ ပြည်သူတွေရဲ့ဆန္ဒ၊ တိုင်းရင်းသားတွေရဲ့ဆန္ဒတွေကို ပြုစုပြီးတော့ တင်ပြရခြင်းဖြစ်ပါတယ်။ ဒီလိုနိုင်ငံရေးဆွေးနွေးပွဲတွေ ဆောင်ရွက်ခြင်းအားဖြင့် ၂၁ရာစု ပင်လုံညီလာခံကို ထိုက်သင့်တဲ့အတိုင်းအတာတစ်ခုထိတော့ အကျိုးပြုသွားမှာ ဖြစ်ပါတယ်။ အခုတိုင်းရင်းသားတွေအားလုံး ဆွေးနွေးခဲ့တာကို နားထောင်ရင် လိုလားချက်ဆန္ဒတွေဟာအများစုတူညီနေတာကို တွေ့ရမှာဖြစ်ပါတယ်။ မြန်မာနိုင်ငံက တိုင်းရင်းသား ၁၃၀ ကျော်စုစည်းပြီး နေထိုင်တဲ့နိုင်ငံဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကြီး ငြိမ်းချမ်းဖို့၊ ဖွံ့ဖြိုးတိုးတက်ဖို့ဆိုရင် အခုဆွေးနွေးပွဲမှာရှိနေတဲ့ တိုင်းရင်းသားတွေဟာ ရေတိုကို မကြည့်ဘဲ ရေရှည်ကိုကြည့်ပြီး သည်းခံတဲ့စိတ်၊ တစ်ဦးကို တစ်ဦးနားလည်တဲ့စိတ်နဲ့ ငြိမ်းချမ်းစွာ အတူလက်တွဲ နေထိုင်ပြီး ပူးပေါင်းဆောင်ရွက်ကြမယ်ဆိုရင် ကျွန်တော်တို့နိုင်ငံဟာ မလွဲမသွေ ငြိမ်းချမ်းပြီးတော့ ဖွံ့ဖြိုးတိုးတက်သွားမှာ ဖြစ်ပါတယ်။

**ဒေါက်တာမျိုးထွန်း (ရှမ်းပြည်နယ်လူမှုရေးဝန်ကြီး )**

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် ပါဝင်သင့်သူအားလုံးပါဝင်နိုင်ဖို့ လူမျိုးအလိုက်၊ ဒေသအလိုက်၊ အကြောင်းအရာအလိုက် ကျွန်တော်တို့ ဆွေးနွေးပွဲတွေလုပ်ပါတယ်။ ဒီလိုလုပ်တဲ့အခါမှာ ရှမ်းပြည်နယ်မှာတော့ ဒေသအလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲဆိုပြီး လုပ်ပါတယ်။ ဒီဆွေးနွေးပွဲကနေ ဖက်ဒရယ်စနစ်ကိုအခြေခံတဲ့ နိုင်ငံရေးစာတမ်းတစ်စောင်၊ စီးပွားရေးစာတမ်းတစ်စောင်နဲ့ မြေယာနဲ့ သယံဇာတဆိုင်ရာ စာတမ်းတစ်စောင် ထွက်လာမှာဖြစ်ပါတယ်။ ဒုတိယအကြိမ်ကျင်းပမယ့် ၂၁ ရာစုပင်လုံ ညီလာခံမှာတင်ပြဖို့အတွက် ရှမ်းပြည်နယ်ကိုယ်စားပြုတဲ့ စာတမ်းသုံးစောင်ထွက်ပေါ်လာတဲ့ အကျိုးရလဒ်ရပါတယ်။

ရေရှည်တည်တံ့ခိုင်မြဲတဲ့ ငြိမ်းချမ်းရေးရရှိဖို့အတွက် သက်ဆိုင်ရာ တာဝန်ရှိသူတွေအားလုံးအပါအဝင် ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံးပူးပေါင်းမှ အောင်မြင်နိုင်မယ်လို့ ယုံကြည်ပါတယ်။ ငြိမ်းချမ်းရေးကအရေးကြီးတယ်။ ငြိမ်းချမ်းမှုမရှိရင် ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ဖို့ အဆင်မပြေပါဘူး။ လက်ရှိ ရှမ်းပြည်နယ် မြောက်ပိုင်းမှာ ခံစားနေရတဲ့ ဒုက္ခတွေက ပြည်သူလူထုတွေ သွားရေးလာရေးခက်ခဲတယ်။ စီးပွားရေး အရခက်ခဲတယ်။ ဒါဟာ မငြိမ်းချမ်းလို့ ကျွန်တော်တို့ လူမှုစီးပွားတွေဆုံးရှုံးတာပေါ့။ အဓိကကတော့ ကျွန်တော်တို့ နိုင်ငံသူနိုင်ငံသားအားလုံး ငြိမ်းချမ်းရေးကို ရှေးရှုတဲ့ စိတ်ဓာတ်၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ချင်တဲ့စိတ်ဓာတ်နဲ့ အားလုံးဝိုင်းပြီး ပူးပေါင်းဆွေးနွေးမယ်ဆိုရင် ဒီဆွေးနွေးပွဲက အင်မတန်မှ အကျိုးရှိတဲ့ ဆွေးနွေးပွဲဖြစ်မှာပါ။

**ခွန်းကလဲမင်း (ကယန်းစာပေနှင့်ယဉ်ကျေးမှု)**

ကျွန်တော်တို့ ကယန်းလူမျိုးတွေမှာလည်း ရသင့်ရထိုက်တဲ့ အခွင့်အရေးတွေ ရဖို့အတွက် ဒီဆွေးနွေးပွဲကိုလာရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ကယန်းဆိုတဲ့ လူမျိုးတွေစုစည်းပြီး ငြိမ်းချမ်းရေးအတွက် အခြားတိုင်းရင်းသားတွေနဲ့ အတူတူဆောင်ရွက်မယ်။ ဒီဆွေးနွေးပွဲပြီးရင် ရလဒ်တစ်ခုအနေနဲ့ ဘုံသဘောတူညီချက်ကို စာတမ်းပြုစုနိုင်ပြီး ၂၁ ပင်လုံညီလာခံမှာ ရှမ်းပြည်နယ်ကိုယ်စားပြုအနေနဲ့ တင်ပြနိုင်လိမ့်မယ်လို့ ကျွန်တော်မျှော်လင့်ပါတယ်။

**ဒေါ်ခင်စန်းရီ (တောင်ရိုးလူမျိုး)**

ဒီနိုင်ငံရေးဆွေးနွေးပွဲကို လူနည်းစုတောင်ရိုးတိုင်းရင်းသားတွေရဲ့ ကိုယ်စားလာရောက် ခြင်းဖြစ်ပါတယ်။ ကျွန်မအနေနဲ့ လူမျိုးတစ်မျိုးချင်းစီရဲ့အခွင့်အရေးတွေကို တင်ပြရတဲ့အတွက် ဝမ်းသာပါတယ်။ ဒီဆွေးနွေးပွဲမှာ လူမျိုးတစ်မျိုးစီရဲ့နိုင်ငံရေး၊ စီးပွားရေး၊ မြေယာပိုင်ဆိုင်မှုတို့ကို တင်ပြခြင်းအားဖြင့် ၂၁ ရာစုပင်လုံညီလာခံအတွက် အကျိုးရှိမယ်လို့ ထင်ပါတယ်။

**စိုင်းထွန်း (ယင်းကျားလူမျိုး)**

ကျွန်တော့်အနေနဲ့ နမ့်ဆန်မြို့နယ်အတွင်းမှာနေထိုင်တဲ့ ယင်းကျားလူမျိုးစုအတွက် တင်ပြစရာတွေရှိလို့ ဒီနိုင်ငံရေးဆွေးနွေးပွဲကို တက်ရောက်ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ ဒေသက စိုက်ပျိုးရေးအတွက် ရေ၊ မီး အခက်အခဲဖြစ်တယ်။ ဒါကြောင့် ဆွေးနွေးပွဲမှာ တောင်းဆိုမှာပါ။ ကျွန်တော်တို့ရဲ့ တောင်းဆိုမှုတွေကိုလည်း စာတမ်းပြုစုတဲ့အခါမှာ ပါသွားစေချင်ပါတယ်။

**နန်းမြဦး (ရှမ်းတိုင်းရင်းသားများ ဒီမိုကရေစီအဖွဲ့ချုပ်၊ တောင်ကြီးမြို့နယ် အတွင်းရေးမှူး)**

ဒီဆွေးနွေးပွဲမှာ ကျွန်မတို့ပါတီရဲ့ သဘောထားလေးတွေ ပါသွားအောင်လာပြီး ဆွေးနွေးတင်ပြခြင်းဖြစ်ပါတယ်။ ငြိမ်းချမ်းရေးအောင်မြင်ဖို့ဆိုရင် ကျွန်မတို့ ခဏခဏသုံးနေတဲ့ အမျိုးသားရင်ကြားစေ့ရေးပေါ့။ ဥပမာအားဖြင့် တစ်ဦးကိုတစ်ဦး ဘယ်သူကဘာအလိုရှိတယ်ဆိုတာ တွေ့ဆုံဆွေးနွေးမယ့်နေရာလိုပါတယ်။ တိုင်းရင်းသားတွေလိုလားတဲ့ နိုင်ငံရေးနည်းလမ်းနဲ့ ဖြေရှင်းခွင့်ရမယ်ဆိုရင် အခုလိုအပ်နေတဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို ရရှိမှာအမှန်ပါပဲ။

**ခွန်အောင်သိန်းနိုင် (ပအိုဝ်းတိုင်းရင်းသား)**

ပအိုဝ်းတိုင်းရင်းသားတွေအနေနဲ့ ဖက်ဒရယ်ပြည်ထောင်စုကြီးကို တည်ထောင်တော့မယ်ဆိုရင် တစ်ဖက်တစ်လမ်းက ပါဝင်နိုင်ဖို့ ဒီဆွေးနွေးပွဲကို တက်ရောက်တာပါ။ ဒီဆွေးနွေးပွဲမှာ နိုင်ငံရေး၊ စီးပွားရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာတွေကို တင်ပြဆွေးနွေးခဲ့ပါ တယ်။ အခုတင်ပြဆွေးနွေးခဲ့ကြတဲ့အထဲမှာ ကျွန်တော်တို့ လူမျိုးသာမက အခြားတိုင်းရင်းသားအားလုံးရဲ့တင်ပြမှုတွေကလည်း ပြည့်စုံတယ်လို့ မရှိပါဘူး။ လိုအပ်ချက်ဆိုတာ အမြဲ ရှိနိုင်တာပါပဲ။ အခုတင်ပြတဲ့ ဆွေးနွေးချက်တွေထဲက အကောင်းဆုံးထုတ်နုတ်ပြီး ထွက်ပေါ်လာတဲ့ စာတမ်းသုံးစောင်ဟာ ငြိမ်းချမ်းရေးညီလာခံကြီး အောင်မြင်ဖို့အတွက် အကျိုးရှိမယ်လို့ ယုံကြည်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုကြီး တည်ဆောက်နိုင်ဖို့ဆိုရင် ငြိမ်းချမ်းရေးညီလာခံကြီးမှာ တစ်သွေးတည်းတစ်သားတည်း စုစုစည်းစည်းနဲ့ ပါဝင်ဆွေးနွေးသွားကြဖို့ လိုပါတယ်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# တူရကီသမ္မတနှင့် ထရန့်တို့ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးကြမည်

**ဝါရှင်တန် မေ ၂၄**

တူရကီသမ္မတ တေယစ်အာဒိုဂန်သည် လာမည့် မေလလယ်တွင် ဆွေးနွေးဖက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်ထံသို့ အလည်အပတ်သွားရောက်ကာ အိမ်ဖြူတော်၌ တွေ့ဆုံဆွေးနွေးမှု ပြုလုပ်သွားကြမည်ဖြစ်ကြောင်း တူရကီသမ္မတရုံး ပြောရေးဆိုခွင့်ရှိသူ အီဘရာဟင်ကာလင်က တနင်္လာနေ့တွင် ပြောကြားခဲ့သည်။

တူရကီသမ္မတအနေဖြင့် ထရန့်၏ ဖိတ်ကြားမှုကို လက်ခံရရှိခဲ့ကြောင်း ကာလင်က ပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်တို့သည် ဆီးရီးယား၊ အီရတ်အရေးကိစ္စများအပါအဝင် ပြီးခဲ့သည့်နှစ်က တူရကီ၌အာဏာသိမ်းရန်ကြိုးပမ်းမှုကို စီစဉ်ခဲ့သည်ဟုစွပ်စွဲခံထားရသည့် အမေရိကန်တွင် အခြေစိုက်နေထိုင်သူ အစ္စလာမ် ဘုန်းတော်ကြီး ဖက်တူလာဂူလန်အား လွှဲပြောင်းပေးအပ်မည့်ကိစ္စရပ်များကို ဆွေးနွေးသွားမည်ဖြစ်ကြောင်း အီဘရာဟင်က ထည့်သွင်းပြောကြားခဲ့သည်။ **(ရိုက်တာ)**



# ပါကစ္စတန်တွင် မိုးရွာသွန်းမှုဖြစ်စဉ်များကြောင့် လူ ၁၁ ဦးသေဆုံး

**အစ္စလမ္မာဘတ် မေ ၂၄**

ပါကစ္စတန်ဒေသအချို့တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး မတော်တဆမှုများ ဖြစ်ပွားခဲ့သောကြောင့် လူ ၁၁ ဦးထက်မနည်းသေဆုံးခဲ့ကာ အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း တာဝန်ရှိသူများက ယမန်နေ့ကပြောကြားခဲ့သည်။

ပါကစ္စတန်အရှေ့ဘက် ပန်ချပ်ပြည်နယ်သည် မိုးသည်းထန်စွာ ရွာသွန်းမှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ရကာ လူ ခုနစ်ဦး သေဆုံးခဲ့ကြောင်း ဂျီယိုရုပ်သံက ဖော်ပြခဲ့သည်။

ထို့ပြင် ကန်မွန်ကီခရိုင်တွင် မိုးသည်းထန်စွာရွာသွန်းခဲ့ပြီး နေအိမ်တစ်လုံးပြိုကျခဲ့ရာ မိသားစုဝင် လေးဦး သေဆုံးခဲ့ကြောင်း သိရသည်။




ရှိုက်ခူပူရာခရိုင်တွင်လည်း ခေတ်ကြိုးတစ်ချောင်း ဆောက်လက်စ အဆောက်အအုံတစ်လုံးအပေါ် ပြတ်ကျခဲ့သောကြောင့် အလုပ်သမားခြောက်ဦးဒဏ်ရာရရှိခဲ့သည်။ ဒဏ်ရာရရှိသူများအား နီးစပ်ရာ ဆေးရုံသို့ ပို့ဆောင်ပေးခဲ့သော်လည်း သုံးဦးမှာ သေဆုံးခဲ့ပြီး အခြားသူများမှာ စိုးရိမ်စရာအခြေအနေတွင်မရှိကြောင်း သိရသည်။

ပါကစ္စတန် အနောက်မြောက်ပိုင်း ခိုင်ဘာပက်ကူထွန်ခွာ ပြည်နယ်တွင်လည်း မိုးရွာသွန်း၍ မတော်တဆမှုများ ဖြစ်ပွားရာ လူလေးဦး သေဆုံးခဲ့ရကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲရေးအာဏာပိုင်က ပြောခဲ့သည်။

လေပြင်းများနှင့် မုန်တိုင်းများကြောင့်ဖြစ်သော မိုးရွာသွန်းမှုနှင့် သဲမုန်တိုင်းများသည် လာမည့် ၂၄ နာရီအတွင်း ပြည်နယ်အချို့တွင် တိုက်ခတ်နိုင်ကြောင်း ပါကစ္စတန်နိုင်ငံ မိုးလေဝသဌာနက ပြောခဲ့သည်။ **(ဆင်ဟွာ)**

# အာဖဂန်အရှေ့ပိုင်းရှိ အမေရိကန်စစ်အခြေစိုက်စခန်းကို ဗုံးထိမှန်

**ကဘူးလ် မေ ၂၄**

အာဖဂန်အရှေ့ပိုင်းပြည်နယ် ခို့စ်ရှိ အမေရိကန်က စီမံကွပ်ကဲလျက်ရှိသည့် စစ်အခြေစိုက်စခန်းကို တာလီဘန်စစ်သွေးကြွများဟု ယူဆရသူများက တနင်္လာနေ့တွင် တိုက်ခိုက်မှုပြုလုပ်ခဲ့ကြောင်း အာဏာပိုင်များက ပြောကြားခဲ့သည်။

ကဘူးလ်သို့ အမေရိကန်ကာကွယ်ရေးဝန်ကြီး ဂျိမ်းစ်မက်တစ် လာရောက်လည်ပတ်ချိန်နှင့်တိုက်ဆိုင်စွာ ဖြစ်ပွားခဲ့သည့် ယင်းကျူးကျော်တိုက်ခိုက်မှုနှင့်ပတ်သက်၍ အသေးစိတ်ဖော်ပြမှုမရှိခဲ့ကြောင်း သိရသည်။

အမေရိကန်အင်အားစုများနှင့် ပုဂ္ဂလိကဘက်မှ ကန်ထရိုက်တာများ လျှို့ဝှက်စွာစီမံကြီးကြပ်ဆောင်ရွက်လျက်ရှိသည့် Camp Chapman စစ်အခြေစိုက်စခန်းဝင်ပေါက်ကို တိုက်ခိုက်ရေးသမားများက ကားဗုံးထောင်ထားခဲ့ခြင်းဖြစ်ကြောင်း ပြည်နယ်အုပ်ချုပ်ရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ မူဘာရက်ဇ်မိုဟာမက်ဇာဒရန်က ပြောကြားခဲ့သည်။

သို့သော် သေဆုံးဒဏ်ရာရရှိမှု၊ ထိခိုက်ပျက်စီးမှုများနှင့် ပတ်သက်သည့် အသေးစိတ်အကြောင်းအရာများကို သတင်းပေးခွင့်မရှိသေးကြောင်း ၎င်းက ပြောကြားခဲ့သည်။ အာဖဂန်ရှိ အမေရိကန်တပ်မတော်ပြောရေးဆိုခွင့်ရှိသူ ကပ္ပတိန်ဝီလီယံဆယ်လ်ဗင်က ကားဗုံးခွဲတိုက်ခိုက်မှုအတွင်း အာဖဂန်များဘက်မှ ထိခိုက်သေဆုံးမှုရှိသည်ဟု ထင်မြင်ရကြောင်း၊ သို့သော် အခြေစိုက်စခန်းရှိ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် မဟာမိတ်အဖွဲ့များ အကျအဆုံးမရှိဟုထင်ရကြောင်း ဆယ်လ်ဗင်က ပြောသည်။

အာဖဂန် စစ်အခြေစိုက်စခန်း၌ စစ်ယူနီဖောင်းများ ဝတ်ဆင်ထားကြသည့် တာလီဘန်တိုက်ခိုက်ရေးအဖွဲ့များ၏ တိုက်ခိုက်မှုကြောင့် အာဖဂန်တပ်ဖွဲ့ဝင် ၁၄၀ ကျော်သေဆုံးခဲ့ပြီးနောက် သုံးရက်အကြာတွင် ယင်းကားဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **(ရိုက်တာ)**

# အာဘေးနှင့်ထရန့် မြောက်ကိုရီးယားအရေး ဖုန်းဖြင့် ဆက်သွယ်ဆွေးနွေး

**တိုကျို မေ ၂၄**

ဂျပန်ဝန်ကြီးချုပ် ရှင်ဇိုအာဘေးနှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် မြောက်ကိုရီးယားရှိအခြေအနေများနှင့်ပတ်သက်၍ ဖုန်းဖြင့်ဆက်သွယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

တနင်္လာနေ့နံနက်ပိုင်းတွင် မိနစ် ၃၀ ကြာ ဖုန်းဖြင့်ဆက်သွယ်စကားပြောဆိုခဲ့မှုကို အာဘေးက အလေးအနက်ဖော်ပြခဲ့သည်။ အာဘေးသည် ထရန့်၏ လုပ်ကိုင်ဆောင်ရွက်နေမှုများနှင့် စကားပြောဆိုခဲ့မှုများကို အသိအမှတ်ပြုကြောင်းပြောကြားခဲ့သည်။ အမေရိကန်သမ္မတက မြောက်ကိုရီးယားအရေးနှင့်ပတ်သက်၍ ဆောင်ရွက်ရမည့်ကိစ္စရပ်များကို စားပွဲဝိုင်းထိုင်ဆွေးနွေးနေပြီဖြစ်ကြောင်း ပြောကြားခဲ့သည်။

နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးတို့သည် အန္တရာယ်ရှိသည့် ခြိမ်းခြောက်လှုံ့ဆော်မှုများကို အဆက်မပြတ်ပြုလုပ်လာနေသည့် မြောက်ကိုရီးယားကို အလေးအနက်တိုက်တွန်းမှုများလုပ်ဆောင်ရန် သဘောတူညီခဲ့ကြောင်း အာဘေးက ပြောကြားခဲ့သည်။

မြောက်ကိုရီးယား၏ နျူကလီးယားအစီအစဉ်နှင့် ဒုံးကျည်ဆောင်ရွက်မှုများသည် ဂျပန်နိုင်ငံ၏ လုံခြုံရေးကိုသာမက နိုင်ငံတကာအဖွဲ့အစည်းများ၏ လုံခြုံရေးကိုပါ အကြီးအကျယ်ခြိမ်းခြောက်နေသည့် ပြဿနာဖြစ်ကြောင်း ပြောကြားခဲ့သည်။
**(အင်န်အိတ်ချ်ကေ)**

# အာဖဂန်နစ္စတန်နိုင်ငံ ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ် (ကြည်း)တို့ ရာထူးမှ နုတ်ထွက်

**ကဘူးလ် မေ ၂၄**

အာဖဂန်နစ္စတန်နိုင်ငံ ကာကွယ်ရေးဦးစီးချုပ်(ကြည်း)ကာဒမ်ရှာရှာဟင်နှင့် ကာကွယ်ရေးဝန်ကြီး အဗ္ဗဒူလာဟာဘီဘီတို့သည် မေ ၂၄ ရက်တွင် ရာထူးမှ နုတ်ထွက်သွားခဲ့ကြောင်း ဆင်ဟွာသတင်းတစ်ရပ်တွင် ဖော်ပြခဲ့သည်။

သမ္မတကလည်း ၎င်းတို့၏နုတ်ထွက်စာများကို လက်ခံခဲ့ကြောင်းနိုင်ငံတော်သမ္မတရုံးက အတည်ပြုပြောကြားခဲ့သည်။

မေ ၂၁ ရက်က အာဖဂန်နစ္စတန်နိုင်ငံ မြောက်ပိုင်း ဘတ်ခ်ပြည်နယ်ရှိ တပ်ဖွဲ့ဝင်စခန်းတစ်ခုကို တာလီဘန်စစ်သွေးကြွများ ဝင်ရောက်တိုက်ခိုက်ခဲ့ရာ အာဖဂန်တပ်ဖွဲ့ဝင် ၁၃၅ ဦးကျော်သေဆုံးခဲ့ပြီး ၆၀ ကျော် ဒဏ်ရာရရှိမှုဖြစ်ပွားခဲ့သည်။

ထိုသို့ ဖြစ်ပွားပြီးနောက် ကာကွယ်ရေးဝန်ကြီးနှင့် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)တို့၏ နုတ်ထွက်စာများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။
**(ဆင်ဟွာ)**

# ဆိုမာလီယာနိုင်ငံတွင် မြေမြှုပ်ဗုံးပေါက်ကွဲ၊ လုံခြုံရေးတပ်ဖွဲ့ဝင် ကိုးဦးသေဆုံး

**နိုင်ရိုဗီ မေ ၂၄**

ဆိုမာလီယာနိုင်ငံ အရှေ့မြောက်ပိုင်းရှိ ပန့်တ်လန့်ဒ်ဒေသတွင် မြေမြှုပ်မိုင်းပေါက်ကွဲမှုဖြစ်ပွားခဲ့သောကြောင့် ဆိုမာလီယာတပ်ဖွဲ့ဝင် ကိုးဦးသေဆုံးခဲ့ပြီး အခြားသုံးဦး ဒဏ်ရာရရှိခဲ့ကြောင်း ဆိုမာလီယာအာဏာပိုင်များက ယမန်နေ့က ပြောကြားခဲ့သည်။

မြေမြှုပ်မိုင်းပေါက်ကွဲမှုသည် ပန့်တ်လန့်ဒ်ဒေသ ဗာရီပြည်နယ်တွင် ဖြစ်ပွားခဲ့ပြီး အဆိုပါဒေသတွင် အယ်လ်ရှာဘတ်အကြမ်းဖက်အဖွဲ့အစည်းကို တိုက်ခိုက်နေသော အစိုးရတပ်ဖွဲ့အား ပစ်မှတ်ထားတိုက်ခိုက်ခဲ့ကြောင်း အာဏာပိုင်များက ဆက်လက်ပြောကြားခဲ့သည်။

အဆိုပါတိုက်ခိုက်မှုကို အယ်လ်ရှာဘတ်အဖွဲ့က ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း ကြေညာခဲ့သည်။ အယ်လ်ရှာဘတ်အဖွဲ့အစည်းသည် ဆိုမာလီယာနိုင်ငံတွင် အခြေစိုက်ကာ အယ်ခိုင်ဒါအကြမ်းဖက်အဖွဲ့အစည်းနှင့် အဆက်အသွယ်ရှိသည့် အစွန်းရောက်အဖွဲ့အစည်းတစ်ခုဖြစ်ကြောင်း သိရသည်။

၎င်းအဖွဲ့သည် လတ်တလောတွင် ဆိုမာလီယာနိုင်ငံနှင့် အနီးအနားရှိ နိုင်ငံများတွင် အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏပြုလုပ်နေကြောင်း သိရသည်။

အယ်လ်ရှာဘတ်အကြမ်းဖက်အဖွဲ့အစည်းကို ရှင်းလင်းသုတ်သင်ရန်အတွက် ဆိုမာလီယာ လုံခြုံရေးတပ်ဖွဲ့နှင့် မဟာမိတ်တပ်ဖွဲ့တို့ပူးပေါင်းကာ စစ်ဆင်ရေးများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **(ဆင်ဟွာ)**



# ရွှေတိဂုံစေတီတော်ကို ကမ္ဘာ့အမွေအနှစ် စာရင်းတင်သွင်းနိုင်ရေးဆောင်ရွက်သွားမည်

**သတင်း - နန္ဒာဝင်း၊ ဓာတ်ပုံ- ရဲထွဋ်**



**ရန်ကုန် မေ ၂၄**

လေးဆူဓာတ်ပုံ ရွှေတိဂုံစေတီတော်ကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးဆိုင်ရာ အဆိုပြုအမည်စာရင်း ထည့်သွင်းရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက်ပိုင်းက ရွှေတိဂုံစေတီတော် ရင်ပြင်တောင်ဘက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။ **(ယာပုံ)**

ရွှေတိဂုံစေတီတော်ကြီးကို ကမ္ဘာ့အမွေအနှစ် စာရင်းဝင် သတ်မှတ်နိုင်ရေးအတွက် သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီး ဌာနက ဦးဆောင်၍ တာဝန်ယူဆောင်ရွက်သွားမည်ဖြစ်ရာ ယနေ့ ကျင်းပသည့် အစည်းအဝေးသည် ပထမအကြိမ် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အစည်းအဝေးသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီး ဌာန ပြည်ထောင်စုဝန်ကြီး သူရဦးအောင်ကို၊ ရန်ကုန်တိုင်း ဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လူမှုရေးဝန်ကြီး၊ ယူနက်စကို ရန်ကုန်ရုံးခွဲမှ ကျွမ်းကျင်ပညာ ရှင်များ၊ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ဗိသုကာပညာရှင်များ အသင်း၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်း၊ မြန်မာ့သမိုင်း အဖွဲ့နှင့် Yangon Heritage Trust မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက ရွှေတိဂုံ စေတီတော်မြတ်ကြီးသည် သမိုင်းကြောင်း၊ ဂုဏ်ထူးဝိသေသနှင့် ထင်ရှားကြီးကျယ်မှုတို့ကြောင့် ကမ္ဘာ့အမွေအနှစ်စာရင်းဝင် အဖြစ် သတ်မှတ်နိုင်ရေးအတွက် ယဉ်ကျေးမှုအမွေအနှစ်ဆိုင်ရာ ပြဋ္ဌာန်းသတ်မှတ်ထားသည့် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ် ချက် ခြောက်ချက်တွင် အနည်းဆုံး Criteria နှစ်ချက်နှင့် ကိုက်ညီ သတ်မှတ်နိုင်မည်ဖြစ်သည်ဟု ယုံကြည်မိပါကြောင်း၊ အဆိုပြု စာရင်းတင်သွင်းခြင်းအားဖြင့် ရွှေတိဂုံစေတီတော် ရေရှည် တည်တံ့ရေးအတွက် ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက် နိုင်မည်ဖြစ်သကဲ့သို့ အနာဂတ်တွင် ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းရေးကိုလည်း ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းက ရွှေတိဂုံစေတီတော်မြတ်ကြီးကို ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် မိမိတို့အစိုးရအဖွဲ့အနေဖြင့် ဘက်ပေါင်းစုံမှ ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အဖွင့်အမှာစကားတွင် ထည့်သွင်းပြောကြားခဲ့သည်။

ယူနက်စကို ရန်ကုန်ရုံးခွဲ ယဉ်ကျေးမှုအစီအစဉ် Programme Officer ဒေါ်ဉမ္မာမျိုးက "အမွေအနှစ်ဆိုတာ ဘိုးဘေးဘီဘင်လက်ထက်က ရှိခဲ့တဲ့ အမွေအနှစ်တွေကို နောင်လာနောက်သားတွေအတွက် လက်ဆင့်ကမ်းထိန်းသိမ်း သွားရမယ့် တာဝန်ရှိပါတယ်။ ယဉ်ကျေးမှုအမွေအနှစ်ပဲဖြစ်ဖြစ် သဘာဝအမွေအနှစ်ပဲဖြစ်ဖြစ် ပျက်စီးဆုံးရှုံးသွားရင် နောက် ဘယ်တော့မှပြန်မရနိုင်ပါဘူး။ ကမ္ဘာ့အမွေအနှစ်ကို ဘာဖြစ်လို့ လိုချင်လဲဆိုတော့ အမြင့်ဆုံးကာကွယ် စောင့်ရှောက်မှုကို ရချင်လို့ဖြစ်ပါတယ်။ အထိရောက်ဆုံး ဥပမာပြရမယ်ဆိုရင် နိုင်ငံတကာ စစ်ပွဲတွေဖြစ်မယ်ဆိုရင်တောင် အမွေအနှစ်ရှိတဲ့ နေရာတွေကို ဗုံးကြဲလို့၊ တိုက်ခိုက်လို့ မရပါဘူး၊ အဲဒီနေရာ တွေကို ဖျက်ဆီးလိုက်ပြီဆိုရင် နိုင်ငံတကာ ဥပဒေတွေနဲ့အညီ အရေးယူခံရနိုင်ပါတယ်။ ဒီလိုနည်းအားဖြင့် အမြင့်ဆုံးကာကွယ် စောင့်ရှောက်မှုတွေကို ရမှာဖြစ်သလို နိုင်ငံခြားသားခရီးသွား တွေလည်း တိုးတက်လာမှာ ဖြစ်ပါတယ်"ဟု ကမ္ဘာ့အမွေ အနှစ်စာရင်းဝင်ရန်အတွက် လိုအပ်ချက်များ၊ လုပ်ငန်းစဉ် များနှင့် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်လာပါက ရရှိနိုင် သည့် အကျိုးကျေးဇူးများနှင့် ပတ်သက်၍ ရှင်းလင်းပြောကြား သည်။

ထို့နောက် တာဝန်ရှိသူများနှင့် ပညာရှင်များက အကြံ ပြုဆွေးနွေးတင်ပြကြပြီး သာသနာရေးနှင့် ယဉ်ကျေးမှု ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ပြန်လည်ပေါင်းစပ် ဆွေးနွေးသည်။

ကမ္ဘာ့အမွေအနှစ် စာရင်းဆိုသည်မှာ ပြင်သစ်နိုင်ငံ ပါရီမြို့ရှိ ယူနက်စကို (ကမ္ဘာ့ ကုလသမဂ္ဂဆိုင်ရာ ပညာရေး၊ သိပ္ပံနှင့် ယဉ်ကျေးမှုဆိုင်ရာ အဖွဲ့အစည်း)မှ ၁၉၇၂ ခုနှစ် နိုဝင်ဘာလ ၁၆ ရက်တွင် သဘောတူဆုံးဖြတ်ခဲ့သည့် "ကမ္ဘာ့ ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ်များ ထိန်းသိမ်း ကာကွယ်ခြင်းဆိုင်ရာ နိုင်ငံတကာ သဘောတူညီချက်-၁၉၇၂ (Convention concerning the Protection of World Cultural and Natural Heritage, 1972)" အရ ပေါ်ထွက်လာခြင်းဖြစ်သည်။ စတင်ပေါ်ပေါက်ခဲ့သည့် ကာလကစပြီး ယခုနှစ် ဇန်နဝါရီလကုန်အထိ လက်မှတ်ရေးထိုး ထားသည့် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၃ နိုင်ငံရှိနေပြီဖြစ်သည်။ ဖော်ပြပါသဘောတူညီချက်အရ ကမ္ဘာ့အမွေအနှစ်ကော်မတီ၊ ကမ္ဘာ့အမွေအနှစ် ကော်မတီကို အထောက်အကူပြုသည့် ကမ္ဘာ့အမွေအနှစ် ဗဟိုဌာန၊ ကမ္ဘာ့အမွေအနှစ်ကော်မတီကို အကြံပြုပံ့ပိုးပေးသည့် အကြံပေးအဖွဲ့နှင့် ကမ္ဘာ့အမွေအနှစ် ရန်ပုံငွေအဖွဲ့တို့ကို ဖွဲ့စည်းတည်ထောင်ခဲ့သည်။ ၁၉၇၈ ခုနှစ် ကစပြီး ၂၀၁၆ ခုနှစ်အထိ အဖွဲ့ဝင်နိုင်ငံ ၁၆၅ နိုင်ငံတွင် ရှိသည့် အမွေအနှစ်စုစုပေါင်း ၁၀၅၂ ခုကို ကမ္ဘာ့အမွေအနှစ်စာရင်းအဖြစ် သတ်မှတ်ခဲ့ပြီးဖြစ်သည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင်များကို အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ရာတွင် ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (World Cultural Heritage)၊ ကမ္ဘာ့ သဘာဝ အမွေ အနှစ်စာရင်း (World Natural Heritage) နှင့် ယဉ်ကျေးမှု နှင့် သဘာဝရောနှောသည့်အမွေအနှစ် (Mixed Heritage) ဟူ၍ ခွဲခြားသတ်မှတ်ထားသည်။

ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သတ်မှတ်နိုင်ရေးအတွက် ကမ္ဘာလုံးဆိုင်ရာ စံတန်ဖိုးသတ်မှတ်ချက် (Outstanding Universal Value) ၁၀ ချက်ကို သတ်မှတ်ပြဋ္ဌာန်းထားပြီး ယဉ်ကျေးမှုအမွေအနှစ်အတွက် ခြောက်ချက်၊ သဘာဝအမွေအနှစ် အတွက် လေးချက်၊ ယဉ်ကျေးမှုနှင့် သဘာဝရောနှောအမွေအနှစ် အတွက် ယဉ်ကျေးမှုအမွေအနှစ်မှ တစ်ချက်၊ သဘာဝအမွေအနှစ် မှ တစ်ချက်တို့နှင့် ကိုက်ညီမှု ရှိ၊ မရှိ စိစစ်ဆုံးဖြတ် သတ်မှတ် ကြောင်းသိရသည်။

မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ် ဇန်နဝါရီ ၂၉ ရက်တွင် ကမ္ဘာ့အမွေအနှစ် ကော်မတီဝင်အဖြစ် လက်မှတ်ရေးထိုးခဲ့ပြီး အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံ ဖြစ်လာခဲ့သည်။ မြန်မာနိုင်ငံရှိ အမျိုးသား ယဉ်ကျေးမှုနှင့် သဘာဝအမွေအနှစ် စုစုပေါင်း ၁၅ ခုကို ကမ္ဘာ့ အမွေအနှစ်စာရင်းဝင် သတ်မှတ်နိုင်ရေးအတွက် အဆိုပြု အမည်စာရင်း တင်သွင်းထားခဲ့ပြီး ၎င်းစာရင်းများမှ ၂၀၁၄ ခုနှစ် ဇွန်လ ၂၂ ရက်တွင် ပျူရှေးဟောင်းမြို့များဖြစ်သည့် ဟန်လင်း၊ ဗိဿနိုး၊ သရေခေတ္တရာမြို့ဟောင်းများသည် ကမ္ဘာ့အမွေအနှစ် စာရင်းဝင်ဖြစ်ခဲ့သည်။

ရွှေတိဂုံစေတီတော်ကိုလည်း ကမ္ဘာ့အမွေအနှစ်စာရင်း တင်သွင်းနိုင်ရေးအတွက် အဆိုပြုအမည်စာရင်း (Tentative List)ကို ယခုနှစ်တွင် တင်သွင်းသွားမည်ဖြစ်ပြီး ၂၀၂၀ ခုနှစ် တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်နိုင်ရေးအတွက် ကြိုးစား ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သာသနာရေးနှင့်ယဉ်ကျေးမှု ဝန်ကြီးဌာနမှ သိရသည်။

# ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန လုပ်ငန်းညှိနှိုင်းစည်းဝေး

**နေပြည်တော် မေ ၂၄**

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီး ဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဦးအုန်းမောင် နှင့် ဌာနမှတာဝန်ရှိသူများ၊ ပြည်နယ်၊ တိုင်းဒေသကြီးများ၏ တာဝန်ခံများ တက်ရောက်ခဲ့ကြပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက် ခဲ့မှု အခြေအနေများ၊ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် လျာထားဆောင်ရွက် မည့်အခြေအနေများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းများ စနစ်တကျ ဆောင်ရွက်ထားမှု အခြေအနေများကို ဆွေးနွေးခဲ့ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရန် အတွက် ဆောင်ရွက်သည့် နေရာတွင် အခြားဆက်စပ် ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ များ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် လည်း မလွဲမသွေ ပူးပေါင်းဆောင်ရွက် ကြရမည်ဖြစ်ကြောင်း၊ တက်ရောက် လာကြသော ဌာနအသီးသီးမှ တာဝန်ခံ များအနေဖြင့် ယခင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း လုပ်ငန်းဆောင်ရွက် ခဲ့မှုများနှင့် ၂၀၁၇-၂၀၁၈ဘဏ္ဍာနှစ်မှာ ရှေ့ဆက်ဆောင်ရွက်မည့်ကိစ္စများအား တင်ပြသည့်နေရာတွင် အမှန်တကယ် အကျိုးရှိပြီး ထိရောက်မည့် လုပ်ငန်း ဆောင်ရွက်ချက်များကို တင်ပြရန် လိုအပ်ပါကြောင်း၊ ဝန်ကြီးဌာန၏ အဓိကတာဝန်ဖြစ်သည့် ခရီးသွား လုပ်ငန်း စနစ်တကျ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သည့်နေရာတွင် တစ်တပ် တစ်အားပါဝင်ကြရန် တာဝန်ရှိကြောင်း၊ ဌာနအသီးသီးကို တာဝန်ယူဆောင်ရွက် နေရသူများ အထူးသဖြင့် ပြည်နယ်နှင့် တိုင်းဒေသကြီးရုံးခွဲများ၌ တာဝန်ယူ ဆောင်ရွက်နေသူများအနေဖြင့် ပုံမှန် နေ့စဉ်လုပ်ငန်းများအပေါ်တွင် မျော မနေကြဘဲ အတွေးအခေါ်သစ်များ၊ ဖန်တီးမှုအသစ်များကို အသုံးချပြီး မိမိတို့လုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်သွားကြရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ဟိုတယ်နှင့်ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၏ စီမံခန့်ခွဲရေး နှင့် ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကောင်း ထွဋ်က ရှင်းလင်းတင်ပြသည်။ ဆက်လက် ၍ တိုင်းဒေသကြီးနှင့် ပြည်နယ် တာဝန်ခံ များနှင့် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်အေးဟန်တို့က တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် ဟိုတယ်လုပ်ငန်းနှင့် ခရီးသွားလုပ်ငန်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက် ရေးဆိုင်ရာ ဆောင်ရွက်မှု အခြေအနေ များအား အသီးသီး ရှင်းလင်းတင်ပြ ခဲ့ကြသည်။

ထို့နောက် ဟိုတယ်နှင့် ခရီးသွား ညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေး မှူးချုပ် ဦးတင့်သွင်က တိုင်းဒေသကြီး၊ ပြည်နယ်အလိုက် တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် သုံးသပ် ဆွေးနွေးတင်ပြခဲ့ပြီး ပြည်ထောင်စု ဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# အပန်းဖြေစခန်းများသို့ သွားရောက်ကြမည့် ဘက်စုံထူးချွန်ကျောင်းသား ကျောင်းသူများအား ပြည်နယ်ဝန်ကြီးချုပ် ထောက်ပံ့ငွေပေးအပ်

**မြစ်ကြီးနား မေ ၂၄**

ဘက်စုံထူးချွန်လူငယ်များ၏ ပဉ္စမအကြိမ် ပုဂံ၊ အင်းလေး၊ ငွေဆောင် အပန်းဖြေ လေ့လာရေးခရီးသို့ သွားရောက်ကြ မည့် ကချင်ပြည်နယ်အတွင်းရှိ ခရိုင် လေးခရိုင်မှ ဘက်စုံပညာထူးချွန်သည့် ကျောင်းသား ကျောင်းသူများအား ယနေ့မွန်းလွဲပိုင်းတွင် ပြည်နယ် အစိုးရအဖွဲ့ရုံး ဆမားဒူဝါဆင်ဝါးနော် ခန်းမ၌ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ခက်အောင်က တွေ့ဆုံ၍ ဆုံးမသြဝါဒ စကားပြောကြားပြီး ထောက်ပံ့ငွေများ ပေးအပ်သည်။

ရှေးဦးစွာ ကျောင်းအဆင့်၊ မြို့နယ် အဆင့်၊ ခရိုင်အဆင့်ပြိုင်ပွဲများတွင် အောင်မြင်မှုရရှိပြီး မြစ်ကြီးနားခရိုင်မှ ၁၂ ဦး၊ မိုးညှင်းခရိုင်မှ ခြောက်ဦး၊ ဗန်းမော် ခရိုင်မှ ခြောက်ဦးနှင့် ပူတာအိုခရိုင်မှ ခြောက်ဦး စုစုပေါင်း ပြည်နယ်ကိုယ်စား ပြု ရွေးချယ်ခံရသည့် ဘက်စုံပညာထူးချွန် သည့် ကျောင်းသား ကျောင်းသူ ၃၀တို့နှင့် ကြီးကြပ်ဆရာ ဆရာမ သုံးဦးတို့က မိတ်ဆက်ကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ဘက်စုံထူးချွန်အရွေးချယ်ခံ လူငယ် မောင်မယ်များအနေဖြင့် ယခုလို အောင် မြင်မှုများရရှိသည့်အတွက် မိဘ၊ ဆရာ ဆရာမများနှင့်အတူ ဂုဏ်ယူဝမ်းမြောက်မိ ပါကြောင်း၊ အပန်းဖြေစခန်းများတွင် သွားလာနေထိုင် စားသောက်မှုများကို အထူးဂရုစိုက်ရန် လိုအပ်ပါကြောင်း၊ ပညာကို ဆက်လက်ဆည်းပူး၍ အနာဂတ် တွင် ပြည်နယ်၏တိုးတက်မှုကို ဆောင် ရွက်သယ်ပိုးနိုင်သည့် လူငယ်၊ လူရွယ်များ ဖြစ်နိုင်ကြပါစေကြောင်းဖြင့် ဆုံးမသြဝါဒ စကားပြောကြားသည်။

ထို့နောက် ပြည်နယ်လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က အမှာစကား ပြောကြားပြီး ပြည်နယ်ပညာရေးမှူး ဦးအောင်သန်းမြင့်က ဘက်စုံပညာ ထူးချွန်လူငယ်များ သွားရောက်ရ မည့် အပန်းဖြေ လေ့လာရေးခရီး စဉ်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ် က ဘက်စုံထူးချွန်လူငယ်များအတွက် ထောက်ပံ့ငွေကျပ်ကိုးသိန်းကို ကျောင်းသူ တစ်ဦးထံ ထောက်ပံ့ပေးအပ်ပြီး ဘက်စုံ ပညာထူးချွန် နှစ်ထပ်ကွမ်းရ ကျောင်းသူ တစ်ဦးက ကျေးဇူးတင်စကား ပြန်လည် ပြောကြားသည်။

**(ပြည်နယ် ပြန်/ဆက်)**



စာမျက်နှာ ၈ မှ

သဘာဝနယ်မြေများ စီမံအုပ်ချုပ်ရာ၌ ခါကာဘိုရာဇီကို ကမ္ဘာ့အမွေအနှစ် နယ်မြေ (World Heritage Site) နေရာတစ်ခုအဖြစ် တင်ပြနိုင်ရေးဆောင်ရွက်လျက်ရှိခြင်း၊ ယူနက်စကိုအဖွဲ့၏ လူသားနှင့် ဇီဝအဝန်းနယ်မြေ (Man and the Bioshphere Reserve Programme-MAB)အဖြစ် အင်းတော်ကြီး ကန်ဒေသအား အဆိုပြုတင်ပြခြင်း၊ ရေဝပ်ဒေသထိန်းသိမ်းရေး ရမ်ဆာကွန်ဗင်းရှင်း အဖွဲ့ဝင်နိုင်ငံဖြစ်သည့်အတွက် ရေဝတီတိုင်းဒေသကြီးရှိ မိန်းမလှကျွန်း တောရိုင်း တိရစ္ဆာန်ဘေးမဲ့တောကို ကမ္ဘာလုံးဆိုင်ရာ ရေဝပ်ဒေသနယ်မြေ (Ramsar Site) စာရင်းဝင်ဖြစ်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း။

ခါတ်သတ္တုနှင့် ကျောက်မျက်ရတနာများကို အကန့်အသတ်ဖြင့် တူးဖော်ထုတ်လုပ်ရာ၌ ၂၀၁၆ ခုနှစ် မတ် ၁ ရက်မှစ၍ ကျောက်မျက်လုပ်ကွက်အသစ်များ ထပ်မံ၍ ခွင့်ပြုမိန့်ချထားပေးခြင်းများ မပြုလုပ်ဘဲ ရပ်ဆိုင်းထားရှိခြင်း၊ သက်တမ်းကုန်ကျောက်မျက်လုပ်ကွက်များကိုလည်း ၂၀၁၆ ခုနှစ် မေ ၁ ရက်မှစ၍ ထပ်မံသက်တမ်းတိုးခွင့်မပေးဘဲ လစ်လပ် လုပ်ကွက်များအဖြစ် မှတ်တမ်းတင်ထားရှိခြင်း၊ ၂၀၁၆ ခုနှစ် ဇူလိုင် ၂၆ ရက်မှစ၍ ခါတ်သတ္တု လုပ်ကွက်အသစ်များထပ်မံ၍ ခွင့်ပြုမိန့်ချထားပေးခြင်းများမပြုလုပ်ဘဲ ရပ်ဆိုင်းထားရှိခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။

**အရန်သတ္တုသိုက် ၁၁၈၇၄၉၂ ကေရှိ**

အနာဂတ်အတွက် အရန်သတ္တုသိုက်များ သတ်မှတ်ထားရာ၌ ကျောက်မီးသွေးကဏ္ဍအနေဖြင့် ၁၁၆၈၃၄၅ ကေရှိပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် ၈၆၅၄၄၂ ကေ၊ မကွေးတိုင်းဒေသကြီးတွင် ၃၀၂၉၀၃ ကေ ရှိကြောင်း၊ ဂရပ်ဖိုက်ကဏ္ဍအနေဖြင့် မန္တလေးတိုင်းဒေသကြီးတွင် ကေ ၁၁၁၀၀၊ သံသတ္တုကဏ္ဍအနေဖြင့်(ကချင်ပြည်နယ်)တွင် ၈၀၄၇ ကေစုစုပေါင်း အရန်သတ္တုသိုက် ၁၁၈၇၄၉၂ ကေရှိပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မော်ကွန်းမဂ္ဂဇင်း၊ 7 Days မီဒီယာ၊ The Voice ဂျာနယ်နှင့် မြန်မာ့သတင်းစဉ်အပါအဝင် သတင်းထောက်များက အခွန်ငွေကောက်ခံရရှိမှုနှင့် ဆုကြေးငွေ ချီးမြှင့်မှုများ၊ တရားမဝင်ကုန်စည်များ၊ ငွေကြေးဖောင်းပွမှု၊ အောင်ဘာလေထီ၊ သဘာဝသယံဇာတထုတ်ယူမှုအပါအဝင် မေးမြန်းချက်များကို ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ အမြဲတမ်းအတွင်းဝန်များနှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဖြေကြားကြသည်။

ထိုသို့ဖြေကြားရာတွင် **အခွန်ဝန်ထမ်းများ လစာနှစ်ဆတိုးပေးခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက လစာနှင့် ဆုကြေးငွေများချီးမြှင့်ခြင်းကို ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ လုပ်ရပါကြောင်း၊ ဥပဒေလုပ်ထုံးလုပ်နည်းနှင့် မညီညွတ်ပါက ဆောင်ရွက်ပေး၍ မရပါကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ၂၀၁၇ မတ် ၁ ရက်တွင် ပြည်ထောင်စုလွှတ်တော်က ပြဋ္ဌာန်းလိုက်သည့် ၂၀၁၇ ခုနှစ် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို အခြေခံဆောင်ရွက်ရပါကြောင်း။

ယင်းဥပဒေ၏ ပုဒ်မ ၃၇(က)တွင် ပြည်တွင်းအခွန်ဦးစီးဌာန အခွန်ပေးဆောင်ထိုက်သူများ ဥပဒေနှင့်အညီ ခံစားနိုင်သော အခွန်ဆိုင်ရာ သက်သာခွင့်၊ ကင်းလွတ်ခွင့်များကို ပြည်သူများအား အသိပေးခြင်း၊ သက်သာခွင့်များနှင့်အညီ အခွန်အကောက်ခံရာတွင် တွက်ချက်ခွင့်ပြုပေးခြင်း၊ အခွန်ဆိုင်ရာ ဥပဒေကျေပွန်သည့် အခွန်ဝန်ထမ်းများ၊ အခွန်ထမ်းပြည်သူများအား အသိအမှတ်ပြုခြင်း၊ ထိုက်သင့်သော ချီးမြှင့်မှုများ စီမံဆောင်ရွက်ပေးခြင်း ပြုလုပ်ပေးရမည်ဟု ပါရှိကြောင်း၊ အဆိုပါ ဥပဒေနှင့်အညီ လုပ်ငန်းတာဝန်ကျေပွန်သည့် နိုင်ငံဝန်ထမ်းများကို ဆုကြေးငွေချီးမြှင့်ရန်အတွက် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရပါကြောင်း။

**အကဲဖြတ်စစ်ဆေးသွားမည်**

လစာတိုးမည် သို့မဟုတ် လစာနှစ်ဆပေးမည့်ကိစ္စသည် လုံးဝမဟုတ်ပါကြောင်း၊ မိမိတို့တိုးပေးမည့် အစီအစဉ်သည် ဆုကြေးငွေချီးမြှင့်ခြင်းဖြစ်ပါကြောင်း၊ စွမ်းဆောင်ရည်ကောင်းမွန်သည့်ဝန်ထမ်းများအား ဆုကြေးငွေချီးမြှင့်နိုင်ရန်အတွက် သာမန်အသုံးစရိတ်ထဲတွင် ထည့်သွင်းထားခြင်းဖြစ်ပါကြောင်း၊ ဆုကြေးငွေချီးမြှင့်ရာတွင် အခွန်ရုံးဝန်ထမ်းများ၏ လုပ်ရည်ကိုင်ရည်၊ အဂတိတရားကင်းရှင်းမှု၊ အခွန်တိုးတက်ကောက်ခံရရှိမှု စသည်ဖြင့် သုံးလတစ်ကြိမ် အကဲဖြတ်စစ်ဆေးသွားမည် ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

**အောင်ဘာလေထီမှ ရရှိငွေများအား ခွဲဝေအသုံးချမှု**နှင့် စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အောင်ဘာလေထီလက်မှတ်ရောင်းချရငွေများ၏ ၆၀ ရာခိုင်နှုန်းအား ဆုကြေးအဖြစ် ပြန်လည်ခွဲဝေပြီး ၄၀ ရာခိုင်နှုန်းအား နိုင်ငံတော်၏ ဘတ်ဂျက်သို့ အောင်ဘာလေထီအခွန်အဖြစ် ထည့်သွင်းပါကြောင်း၊ နိုင်ငံတော်ဘတ်ဂျက်သို့ ထည့်သွင်းသည့် ၄၀ ရာခိုင်နှုန်းအား ပညာရေး၊ ကျန်းမာရေး စသည့်ကဏ္ဍများတွင် အသုံးပြုပါကြောင်း၊ အောင်ဘာလေထီ ဆုကြေးအား ငွေကျပ် သိန်း ၁၀၀၀၀ အဖြစ် ချီးမြှင့်ရာမှ ဆုကြေးချီးမြှင့်မှု အရေအတွက်အား တိုးချဲ့နိုင်ရန် စီစဉ်ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် အောင်ဘာလေထီလက်မှတ်များ ရောင်းချရသည့်အပေါ်တွင် မူတည်ပြီး ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း။

**နှစ်ပတ်တစ်ကြိမ်သို့ ပြောင်းလဲလာနိုင်**

ငွေကျပ် ၅၀ တန် ထီလက်မှတ်ကို ထီထိုးသူများအနေဖြင့် တတ်နိုင်သည့် ပမာဏအရ ထိုးနိုင်ရန် နောင်ပေါ်ပေါက်လာမည့် e - Lottery စနစ်တွင် ပါဝင်လာမည်ဖြစ်ပါကြောင်း၊ ယခုလက်ရှိကျင့်သုံးနေသည့်စနစ်မှာ ထီလက်မှတ်နှင့် ထီပေါက်စဉ် တိုက်ဆိုင်စစ်ဆေး၍ ထီဆုငွေ ထုတ်ယူသော စနစ်ဖြစ်ပါကြောင်း၊ နိုင်ငံတကာတွင် အသုံးပြုထားသည့် e - Lottery စနစ်မှာ အင်တာနက်အွန်လိုင်းမှ ထိုး၍ အွန်းလိုင်းမှ ဆုကြေးငွေ ခွဲယူသည့်စနစ်များရှိပါကြောင်း၊ အဆိုပါ စနစ်များအနက်မှ မိမိတို့နိုင်ငံနှင့် ကိုက်ညီသော စနစ်ကျင့်သုံးနိုင်ရန် ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ထီဥပဒေ နှင့်သက်ဆိုင်သည့်အတွက် e - Lottery စနစ် ကျင့်သုံးနိုင်ရန် ထီဥပဒေအား ပြန်လည်ပြင်ဆင် ဆောင်ရွက်နေပါကြောင်း၊ e - Lottery စနစ်ကျင့်သုံးပါက ဈေးနှုန်းအမျိုးမျိုးပါဝင်လာမည့်အပြင် တစ်လတစ်ကြိမ် ထီဖွင့်လှစ်ခြင်းမှ နှစ်ပတ်တစ်ကြိမ်သို့ ပြောင်းလဲလာနိုင်ပါကြောင်း ဖြေကြားသည်။

**သယံဇာတမှ ရရှိသည့်ဘဏ္ဍာငွေ (revenues) ခွဲဝေသုံးစွဲမှု**နှင့် ပတ်သက်၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက သယံဇာတထုတ်လုပ်နေသည့် လုပ်ငန်းများတွင် ပေးဆောင်ရသည့် ကုန်သွယ်လုပ်ငန်းခွန်များထဲမှ ၁၅ ရာခိုင်နှုန်းကို တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ ခွဲဝေပေးပါကြောင်း၊ မိမိတို့ နိုင်ငံအနေဖြင့် ယခုသွားမည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုနှင့် လိုက်လျောညီထွေဖြစ်မည့် ရရှိသည့်ဘဏ္ဍာငွေခွဲဝေခြင်းများကိုလည်း လေ့လာနေပါကြောင်း၊ ပြည်ထောင်စုအစိုးရနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများအကြားတွင် ဘဏ္ဍာငွေခွဲဝေမှုများကို မည်သို့ဆောင်ရွက်သင့်သည်ကို အဆက်မပြတ်လေ့လာဖော်ထုတ်လျက်ရှိပါကြောင်း ဖြေကြားသည်။

**အခွန်ရငွေများ တိုးတက်လာ**

**အခွန်ကောက်ခံမှုနှင့်ပတ်သက်၍** ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အခွန်ရငွေကို တိုးတက်အောင် ဆောင်ရွက်ကြရာတွင် အခွန်၏အခြေခံများကို ချဲ့ထွင်ရန် လိုအပ်ပြီး အခွန်တိမ်းရှောင်သူများကိုလည်း ဖော်ထုတ်ရန် လိုအပ်ပါကြောင်း၊ သတ္တုကဏ္ဍတွင် အခွန်ဝန်ထမ်းနှင့် အခွန်ထမ်းသည့် ကုမ္ပဏီကြားထဲတွင် ညှိနှိုင်းပြီး လွတ်နေနိုင်သည်များ ရှိနိုင်ပါကြောင်း၊ ထိုသို့မရှိနိုင်အောင် နည်းအမျိုးမျိုးဖြင့် ဝန်ထမ်းများကို စိစစ်ခြင်း၊ ဆုကြေးပေးခြင်း၊ အခြားသော အဖွဲ့အစည်းများ၏ အကူအညီဖြင့် ဖော်ထုတ်ခြင်း၊ အရေးယူခြင်းများ ဆောင်ရွက်နေပါကြောင်း၊ ထိုသို့ဆောင်ရွက်သည့်အတွက် အခွန်ရငွေများ တိုးတက်လာပါကြောင်း ဖြေကြားသည်။

**တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ မြေလွတ်၊ မြေလပ်၊ မြေရိုင်းများ**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသက်နိုင်ဦးက အသုံးမပြုတော့သည့် မြေလွတ်၊ မြေလပ်၊ မြေရိုင်းများကို အမှန်တကယ်လုပ်ကိုင်မည့် မည်သူမဆိုသတ်မှတ်ပုံစံများနှင့်အညီ လျှောက်ထားရယူပြီး လုပ်ကိုင်နိုင်ပါကြောင်း ဖြေကြားသည်။

**ရှေ့ပြေးစီမံကိန်းအဖြစ်ဆောင်ရွက်**

နိုင်ငံခြားချေးငွေဖြင့် ဆောင်ရွက်နေသည့် စိုက်ပျိုးရေး လုပ်ငန်းစီမံကိန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးလှမြင့်အောင်က စိုက်ပျိုးရေး စီမံကိန်းများကို နိုင်ငံတကာအဖွဲ့အစည်း ၁၁ ဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်နေပါကြောင်း၊ ကိုရီးယားနိုင်ငံ KOICA ၏ အထောက်အပံ့ဖြင့် ဆောင်ရွက်နေသည့် ကျေးရွာသစ်စီမံကိန်း ရှိပါကြောင်း၊ ယင်းစီမံကိန်းကို ၂၀၁၆ ခုနှစ်ကစ၍ သုံးနှစ်ဆောင်ရွက်မည်ဖြစ်ပြီး စီမံကိန်းတန်ဖိုးမှာ စုစုပေါင်း ဒေါ်လာ ၂၂ သန်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ကိုးခုရှိ ကျေးရွာပေါင်း ၁၀၀ ကို ရှေ့ပြေးစီမံကိန်းအဖြစ် ဆောင်ရွက်ခဲ့ပါကြောင်း၊ တစ်နှစ်လျှင် ကျေးရွာတစ်ရွာအတွက် ဒေါ်လာနှစ်သောင်းနှင့် ညီမျှသည့် မြန်မာငွေကျပ်ကို ထောက်ပံ့ပေးပြီး ကျေးရွာဖွံ့ဖြိုးရေးအတွက် လုပ်ငန်း (၃)ရပ်ဖြင့် အခြေခံပြီး ဆောင်ရွက်ပါကြောင်း။

ပထမလုပ်ငန်းမှာ ကျေးရွာနေပြည်သူများ၏ စွမ်းဆောင်ရည်မြင့်မားတိုးတက်ရေးကို ဆောင်ရွက်ပေးသည့် လုပ်ငန်းစဉ်ဖြစ်ပါကြောင်း၊ ဒုတိယလုပ်ငန်းစဉ်မှာ ထောက်ပံ့လိုက်သည့် ငွေကြေးများ စဉ်ဆက်မပြတ် ရေရှည်တည်တံ့သည့် ရန်ပုံငွေအဖြစ် ရပ်တည်နိုင်ရန် ဝင်ငွေတိုးသည့် လုပ်ငန်းများကို အကောင်အထည်ဖော်သည့် လုပ်ငန်းဖြစ်ပါကြောင်း၊ တတိယလုပ်ငန်းစဉ်မှာ ဖွံ့ဖြိုးမှုကို အခြေခံသည့် စာသင်ကျောင်း၊ လမ်း၊ ရေပေးဝေရေးစနစ်များကို ပြုပြင်သည့်လုပ်ငန်းများကို ဆောင်ရွက်ပါကြောင်း ဖြေကြားသည်။

**သမဝါယမဘဏ် ချေးငွေထုတ်ချေးခြင်း**နှင့် ပတ်သက်၍ သမဝါယမဦးစီးဌာန ညွှန်ကြားရေးမှူး ဦးမျိုးအောင်က သမဝါယမဘဏ်အနေဖြင့် စိုက်ပျိုးစရိတ်များကို သီးခြားချေးပေးခြင်း မရှိပါကြောင်း၊ သမဝါယမအသင်းများ အဆင့်မြှင့်တင်မည်၊ ဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်မည်ဆိုပါက သမဝါယမဘဏ်မှ ထုတ်ချေးပေးပါကြောင်း ဖြေကြားသည်။

**ပြန်လည်စဉ်းစားသုံးသပ်သွားမည်**

**သယံဇာတတူးဖော်မှု**နှင့် ပတ်သက်၍ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးဌေးအောင်က သယံဇာတများကို သားစဉ်မြေးဆက်ခံစားနိုင်အောင် ကန့်သတ်စနစ်ဖြင့် ထုတ်ယူနေပါကြောင်း၊ ကျောက်မျက်လုပ်ကွက်အသစ်များကို ထပ်မံချထားပေးခြင်း မပြုတော့ပါကြောင်း၊ သက်တမ်းကုန်ကျောက်စိမ်း၊ ကျောက်မျက် လုပ်ကွက်များကို သက်တမ်းတိုး မပေးတော့ဘဲ လစ်လပ်လုပ်ကွက်အဖြစ် မှတ်တမ်းတင် ထားရှိပါကြောင်း၊ သတ္တုလုပ်ကွက်များနှင့်ပတ်သက်၍လည်း လုပ်ကွက်အသစ်များ လျှောက်ထားခြင်းကို ခွင့်မပြုတော့ဘဲ ယာယီရပ်ဆိုင်းထားရှိပါကြောင်း၊ သတ္တုတွင်း နည်းဥပဒေထုတ်ပြန် ပြီးပါက သတ္တုလုပ်ကွက်သစ်များ လျှောက်ထားခြင်းကို ပြန်လည်စဉ်းစားသုံးသပ်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

**ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်မှု**နှင့် စပ်လျဉ်း၍ မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး ဦးအောင်ညွန့်သိန်းက ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်း လုပ်ငန်းများကို တိုင်းရင်းသားကုမ္ပဏီကိုသာ လုပ်ကိုင်ခွင့် ပေးပါကြောင်း၊ နိုင်ငံခြားကုမ္ပဏီများအနေဖြင့် အချောထည် လက်ဝတ်ရတနာ ထုတ်လုပ်သည့် လုပ်ငန်းများကိုသာ လုပ်ကိုင်ခွင့်ရပါကြောင်း ဖြေကြားသည်။

**သစ်တောများ ပြန်လည်ပြုစုပျိုးထောင်ရေးလုပ်ငန်းများ**နှင့်စပ်လျဉ်း၍ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာညီညီကျော်က သစ်တောများ ထိန်းသိမ်းရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၃၀ ပြည့်နှစ်တွင် မိမိတို့ နိုင်ငံဧရိယာ၏ ၃၀ ရာခိုင်နှုန်းကို အမြဲတမ်းသစ်တောနယ်မြေအဖြစ် ဖွဲ့စည်းနိုင်ရန် စီမံချက်ချ ဆောင်ရွက်လျက်ရှိပါကြောင်း၊ သဘာဝထိန်းသိမ်းရေးနယ်မြေများကိုလည်း နိုင်ငံ့ဧရိယာ၏ ၁၀ ရာခိုင်နှုန်းအထိ တိုးချဲ့ ဖွဲ့စည်းရန် စီမံလျက်ရှိပါကြောင်း၊ သစ်တောများကို ခုတ်ထွင်ရှင်းလင်းခြင်း ခွင့်မပြုပါကြောင်း၊ ရှိနေသည့် သစ်တောများကို ပြန်လည်ကောင်းမွန်လာအောင် ဆောင်ရွက်ခြင်း၊ သဘာဝတောများ မူလအတိုင်းရှိပါက မျိုးဆက်ပင်များ ကောင်းအောင်ဆောင်ရွက်ခြင်း၊ ဖြည့်စွက်စိုက်ပျိုးခြင်းများ၊ ပြုန်းတီးသွားသောတောများအား သစ်တောစိုက်ခင်းများအဖြစ် ပြန်လည်စိုက်ပျိုးခြင်းများကို စီမံကိန်းချမှတ် ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**



## အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းများလေ့လာရန် ဗီယက်နမ်သို့ထွက်ခွာ

**ရန်ကုန် မေ ၂၄**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာ နှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မတီအဖွဲ့ဝင် ဦးတင်မောင်ဦး၊ ဦးစန်းလွင်တို့နှင့်အတူ မြန်မာနိုင်ငံအိမ်ခြံမြေလုပ်ငန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးအသင်းဥက္ကဋ္ဌ ဦးတင်တောင်၊ M Law အဖွဲ့မှ ဦးကျော်မြင့်၊ ဦးအောင် ထွန်းတို့ ပါဝင်သောအဖွဲ့သည် မြန်မာနိုင်ငံ အိပ်ခြံမြေဝန်ဆောင်မှု၊ ဥပဒေရေးဆွဲရာတွင် အထောက်အကူပြုနိုင်ရန်အတွက် ဗီယက်နမ်နိုင်ငံ၏ အိမ်ခြံမြေဝန်ဆောင်မှုလုပ်ငန်းများ လေ့လာရန် ယနေ့ နံနက်တွင် လေးကြောင်းခရီးဖြင့် ထွက်ခွာသွားကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

## မိုးလေဝသ အခြေအနေ

**နေပြည်တော် မေ ၂၄** ထူးခြားသည့် နေ့အပူချိန်များမှာ ဘော်လခဲမြို့တွင် ၃၉ ဒီဂရီစင်တီဂရိတ်နှင့် ပဲခူးမြို့တွင် ၃၇ ဒီဂရီစင်တီဂရိတ်တို့ဖြစ်ကြသည်။ မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ကျောက်တော်မြို့တွင် ၁ ဒသမ ၆၅ လက်မ၊ ပလက်ဝမြို့တွင် ၁ ဒသမ ၄၂ လက်မ၊ မချမ်းဘော့မြို့တွင် ၁ ဒသမ ၃၄ လက်မ၊ မြောက်ဦးမြို့တွင် ၁ ဒသမ ၂၂ လက်မ၊ မြစ်ကြီးနားမြို့တွင် ၀ ဒသမ ၇၁ လက်မ၊ မောင်တောမြို့နှင့် စစ်တွေမြို့တို့တွင် ၀ ဒသမ ၆၇ လက်မစီ၊ ပူတာအိုမြို့တွင် ၀ ဒသမ ၆၄ လက်မတို့ဖြစ်ကြသည်။ **(မိုး/ဇလ)**

## ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မေ ၂၄**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များဖြင့် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မေ ၂၃ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီး တစ်လျှောက် ကုန်သွယ်မှုယဉ် ပို့ကုန် ၄၁၃ စီး၊ သွင်းကုန် ၃၉၉ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၃၉ စီး၊ သွင်းကုန် ၁၅၄ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ မေ ၂၃ ရက်တွင် မူဆယ်မှ မန္တလေးမြို့သို့သွားရောက်မည့် "Foton" ခြောက်ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် "BLUE CLASSIC" Beer (1 x 24 Can) (900) Pkgs နှင့် သယ်ဆောင်သည့်ယာဉ် တစ်စီး စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၁၅ ဒသမ ၃ သန်းခန့်အား တွေ့ရှိ၍ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**







တရားဝင်စာရွတ်စာတမ်း အထောက်အထားတစ်စုံတစ်ရာတင်ပြနိုင်ခြင်းမရှိသည့် "BLUE CLASSIC" Beer များနှင့် အတူ ယာဉ်ကို တွေ့ရစဉ်

## တာချီလိတ်၌ ငွေကျပ်သိန်း ၄၃၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် လက်နက်ခဲယမ်းများ ဖမ်းမိ

**တာချီလိတ် ဧပြီ ၂၄**

ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက်၌ ဧပြီ ၂၄ ရက် နံနက် ၉ နာရီက ငွေကျပ်သိန်း ၄၃၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ၊ ကျောက်စိမ်းတုံးများနှင့် လက်နက်ခဲယမ်းများ ဖမ်းဆီးရမိကြောင်း သိရသည်။



ဖြစ်စဉ်မှာ မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ တပ်ဖွဲ့စု(၃၀) တာချီလိတ်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ တာချီလိတ်မြို့ ဝိန်းကျောက်ရပ်ကွက် အမှတ်(၀က/၁၆)နေ စိုင်းခမ်းကျောက်၏ နေအိမ်အား ဝင်ရောက်ရှာဖွေရာ နေအိမ်နှင့် ခြံဝင်းအတွင်းမှ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၀၀၊ ဒေသတန်ဖိုးငွေကျပ် ၃၂၁ သိန်းခန့်၊ WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၄၃ ပြား ဒေသတန်ဖိုး ငွေကျပ် ၀ ဒသမ ၆၄၅ သိန်းခန့်၊ ဘိန်းစိမ်း အလေးချိန် ၁ ဒသမ ၅ ကီလိုခန့်ပါ တစ်ထုပ် ဒေသတန်ဖိုး ငွေကျပ် ၂၂ ဒသမ ၅ သိန်းခန့်၊ စိတ်ကြွရူးသွပ် ဆေးမှုန့် အလေးချိန် ၂၅၀ ဂရမ်ပါ တစ်ထုပ်၊ စိတ်ကြွရူးသွပ်ဆေးမှုန့် ၃၀ ဂရမ်ပါ တစ်ထုပ် စုစုပေါင်း စိတ်ကြွရူးသွပ် ဆေးမှုန့် ၂၈၀ ဂရမ်ခန့် ဒေသတန်ဖိုးငွေကျပ် ၄၂ သိန်းခန့်၊ အိုက်စ် အဖြူရောင်ပုံဆောင်ခဲ အလေးချိန် ၁၈၀ ဂရမ်ခန့်ပါ တစ်ထုပ်၊ ဒေသတန်ဖိုးငွေကျပ် ၄၅ သိန်းခန့်၊ အဝါရောင်အနံ့အမှုန့် ၁ ဒသမ ၅ ကီလိုခန့်ပါ တစ်ထုပ်၊ အဖြူရောင်အမှုန့် ၅ ကီလိုခန့်ပါ တစ်ထုပ် စုစုပေါင်း ၆ ဒသမ ၅ ကီလိုခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ရိုက်နှိပ်ရာတွင် အသုံးပြုသည့် မှိုင်းချောင်း၊ ပြောင်းအရှည် ၆ ဒသမ ၅ လက်မခန့်ရှိ ကိုးလုံးကျည်ပစ် လုပ်သေနတ်အတိုတစ်လက်၊ ပြောင်းအရှည် လက်မ ၃၀ ခန့်ရှိ ပြုပြင်ထားသော လေသေနတ်ကိုယ်ထည်တစ်ခု၊ ပြောင်းအရှည် ၂၃ လက်မခန့်ရှိ စတီးပြောင်းတပ်ထားသော ပြုလုပ်ဆဲ သေနတ်တစ်လက်၊ ကိုးလုံးကျည် သုံးတောင့်၊ ဒသမ ၃၈ Special ကျည်လေးတောင့်၊ ဒသမ ၄၅ ကျည် နှစ်တောင့်၊ ကျောက်စိမ်းဟု ယူဆရသည့် ကျောက်အရိုင်းတုံး ၁၀ တုံး စုစုပေါင်းအလေးချိန် ၄၈ ဒသမ ၈ ကီလိုခန့်၊ စိတ်ကြွရူးသွပ်ဆေးပြား ထည့်ရာတွင် အသုံးပြုသည့် အပြာရောင် ပလတ်စတစ်ကပ်ခွာအိတ် အလေးချိန် ၁၅ ကီလို ခန့်စီပါ သုံးထုပ် စုစုပေါင်း အလေးချိန် ၄၅ ကီလိုခန့်တို့ကို သိမ်းဆည်းရမိခဲ့သည်။ (ဓါတ်ပုံ)

အဆိုပါ မူးယစ်ဆေးဝါးများ၊ ကျောက်စိမ်းတုံးများ၊ လက်နက်များနှင့်အတူ ဖမ်းဆီးရမိသည့် စိုင်းခမ်းကျောက်အား တာချီလိတ်မြို့မရဲစခန်းတွင် အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။

**ဝေယံလင်း(မြန်/ဆက်)**

## မောင်တောမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့နယ် ကြိမ်ချောင်းနယ်မြေရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေပိုင်းက လိပ်ရလမ်းဆုံအနီး၌ ဆိုင်ကယ်စီးနင်းလာသူနှစ်ဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မောင်တောမြို့နယ် ကြိမ်ချောင်းနယ်မြေရဲစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ယမန်နေ့ ညနေ ၄ နာရီခွဲက နယ်မြေ (၄) လိပ်ရလမ်းဆုံအနီး၌ လုံခြုံရေး ဆောင်ရွက်စဉ် ရွှေဇားကျေးရွာနေ မူဟာမက်အလီယက်နှင့် ဟာမီတူဆောင်းတို့ နှစ်ဦးစီးလာသည့် ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးစဉ် အာလူး၊ ငါးခြောက်၊ ဆပ်ပြာမှုန့်ထုပ်များဖြင့်ရော၍ သယ်ဆောင်လာသည့် စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀ကို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ရွှေဇား (ကန်ဘဲ့)ရွာနေ အဒူက သယ်ဆောင်ခငွေကျပ် ၅၀၀၀၀ ပေး၍ တောင်ပြို(ယာ)မြို့နေ ဒီမာမောက်ထံသို့ ပို့ဆောင်ပေးခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ ဖမ်းဆီးရမိသူများအား အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

**ဥပဒေဘောင်အတွင်းနေထိုင်ခြင်း ဘေးကင်းရန်ကျွ စိတ်ချမ်းသာ**

## ထားဝယ်၌ မူးယစ်ဆေးဝါး ဖမ်းဆီးရာတွင် ဓား ၊ လျှပ်စစ်မီးပူဖြင့် ခုခံသူအား ဖမ်းဆီးရမိ

**ထားဝယ် ဧပြီ ၂၄**

ထားဝယ်မြို့ကြက်စားပြင်ရပ် မင်းရပ်ကူးတို့လမ်းနေ ဦးဉာဏ်လင်းထက် နေအိမ်သို့ မူးယစ်ဆေးဝါးသတင်းအရ ထားဝယ်မြို့မ ရဲစခန်းမှ ရဲအုပ်စိုးနိုင်ဦးစီးသောအဖွဲ့တို့သည် ဝင်ရောက်ရှာဖွေဖမ်းဆီးရာ နေအိမ်ရှိ ဦးဉာဏ်လင်းထက်နှင့် ဦးသိန်းနိုင်တို့အား တွေ့ရှိရပြီး ၎င်းတို့က ဓား၊ လျှပ်စစ်မီးပူဖြင့် ပြန်လည်ခုခံသဖြင့် လုံးထွေးဖမ်းဆီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၂ ရက် ညနေ ၅ နာရီ ၄၅ မိနစ်တွင် ထားဝယ်မြို့မ ရဲစခန်းမှ ရဲအုပ်စိုးနိုင်နှင့်အဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ကျောက်မော်ရပ်ကွက် ကျန်းမာရေးလမ်း၌ စောင့်ဆိုင်း၍ ချမ်းသာ (ခ) ချမ်းချမ်း မောင်းနှင်လာသော ဆိုင်ကယ်အား ရပ်တန့်စစ်ဆေးစဉ် ၎င်းလက်တွင်းမှ လွှင့်ပစ်လိုက်သော အအေးစုပ်ပိုက်တိုအတွင်း ထည့်ထားသည့် စိတ်ကြွရူးသွပ်ဆေးပြား ၂၃ ပြားကို သိမ်းဆည်းရမိပြီး ကြက်စားပြင်ရပ်ကွက်နေ ဉာဏ်လင်းထက်ထံမှ ရရှိခြင်းဖြစ်ကြောင်း သိရသည်။

ဉာဏ်လင်းထက်အား ဖမ်းဆီးရမိရေးအတွက် ည ၇ နာရီ ၄၅ မိနစ်တွင် ကြက်စားပြင်ရပ်ရှိ ၎င်း၏နေအိမ်အား ပိတ်ဆို့ဖမ်းဆီးရာ ဉာဏ်လင်းထက်က ဓားဦးချွန်ကိုကိုင်ဆောင်တိုက်ခိုက်၍ ရာအိမ်မှူး ဦးလှသိန်းတွင် ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့ပြီး ဦးသိန်းနိုင်က ညှော့ခန်းရှိ လျှပ်စစ်မီးပူဖြင့် လိုက်ကပ်ရာ ဒုရဲတပ်ကြပ် ခင်မောင်တင့် အပူလောင်ဒဏ်ရာ (မစိုးရိမ်ရ) ရရှိခဲ့၍ ကျန်ရဲတပ်ဖွဲ့ဝင်များက လုံးထွေးဖမ်းဆီးနိုင်ခဲ့သည်။

ရဲအုပ်စိုးနိုင်နှင့်အဖွဲ့က နေအိမ်အတွင်း ဆက်လက်ရှာဖွေရာ အိမ်သာပိုက်ခေါင်းအဆုံး၌ စိတ်ကြွရူးသွပ်ဆေးပြား ၅၆ ပြား၊ အလေးချိန် ၁ ဂရမ်ခန့်ရှိ ဆေးခြောက်မှုန့်တစ်ထုပ်တို့ကို ရှာဖွေတွေ့ရှိရသဖြင့် သိမ်းဆည်းခဲ့သည်။

ပြစ်မှုကျူးလွန်သူများအား ထားဝယ်မြို့မရဲစခန်းက အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဖိုးရွှေသွန်း(ထားဝယ်)**



## မိုင်းဆတ်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် ကျေးရွာလေးရွာမှ နေအိမ် ၆၃ လုံး ပျက်စီး



**မိုင်းဆတ် ဧပြီ ၂၄**

ရှမ်းပြည်နယ်အရှေ့ပိုင်း မိုင်းဆတ်မြို့နယ်အတွင်းရှိ ကျေးရွာများ၌ လေပြင်းတိုက်ခတ်မှုကြောင့် နေအိမ်များပျက်စီးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဧပြီ ၂၃ ရက် မွန်းလွဲ ၂ နာရီခန့်က လေပြင်းတိုက်ခတ်မှုကြောင့် မိုင်းဆတ်မြို့နယ် မိုင်းတွမ်းတောင်ပေါ် ကျေးရွာအုပ်စု ဖားမိုက်ကျေးရွာတွင် သွပ်မိုးထရံကာ နေအိမ်လေးလုံး၊ ထရံကာ သက်ငယ်မိုး နေအိမ်သုံးလုံး၊ အိမ်ထောင်စု ခုနစ်စုနှင့် ဟွေမော်ကျေးရွာတွင် သွပ်မိုးထရံကာနေအိမ် ၁၁ လုံး၊ အိမ်ထောင်စု ၁၁ စု စုစုပေါင်း နေအိမ် ၁၈ လုံး၊ စတုံးကျေးရွာအုပ်စု လွယ်ပါရင်(၂)ကျေးရွာတွင် သွပ်မိုးထရံကာ နေအိမ် ၁၀ လုံး၊ အိမ်ထောင်စု ၁၀ စုနှင့် မယ်ကြုတ်ကျေးရွာတွင် သွပ်မိုးပျဉ်ကာနေအိမ် ၃၅ လုံး၊ အိမ်ထောင်စု ၃၅ စု အမိုးများလန်ပျက်စီးခဲ့ကြောင်း သိရသည်။

အဆိုပါ ဖြစ်စဉ်ကြောင့် မိုင်းဆတ်မြို့နယ်အတွင်း စုစုပေါင်း ကျေးရွာလေးရွာမှ နေအိမ် ၆၃ လုံး ပျက်စီးခဲ့ပြီး လေဘေးသင့် ပြည်သူများအား နီးစပ်ရာဆွေမျိုးများ နေအိမ်၌ နေရာချထားပေးကြောင်းနှင့် လူနှင့်တိရစ္ဆာန် ထိခိုက်ဒဏ်ရာရ သေဆုံးမှုမရှိကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

## ဘိန်းဖြူများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၂၄**

မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေးမြောက်ပိုင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၂၂ ရက်က ပုသိမ်ကြီးမြို့နယ် ဇီးကုန်းကွက်သစ် ၄၉ လမ်းမပေါ်ရှိ ငွေလှိုင်လက်ဖက်ရည်ဆိုင်၌ စိုင်းမျိုးထွန်းနှင့် နေလင်းအောင်တို့ နှစ်ဦးထံမှ အိုက်စ်အလေးချိန် ၀ ဒသမ ၉၅ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၉၆၀ တို့ကို သိမ်းဆည်းရမိ အရေးယူထားပြီး လားရှိုးမြို့နယ် ခေးနင်းကျေးရွာနေ အောင်ကျော်ဦးက သယ်ဆောင်ရောင်းချခိုင်းသဖြင့် ဧပြီ ၂၃ ရက်က အောင်ကျော်ဦး၏ နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၁၃၅ ပြား ထပ်မံသိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ စိတ်ကြွရူးသွပ်ဆေးပြားများကို လားရှိုးမြို့နယ် နောင်မွန် ကျေးရွာအုပ်စု နမ့်မော်အွတ်(၂)ကျေးရွာနေ အားတီထံမှ ဝယ်ယူထားကြောင်းသိရှိရ၍ ဧပြီ ၂၃ ရက်က အားတီ(ခ)လူဆွမ်မင်၏ နေအိမ်ကို ရှာဖွေရာ ဘိန်းဖြူအလေးချိန် ၂၆၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၅၇၀၀ တို့ကို ထပ်မံသိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့က မူးယစ် တပ်ဖွဲ့စု(၄၁)ရန်ကုန်အရှေ့ပိုင်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်းမပေါ် နှင်းဆီမြိုင်လမ်းထိပ်၌ ဝင်းကိုထံသို့ မူးယစ်ဆေးဝါးလာရောက် ပို့ဆောင်မည့် သတင်းအရ စောင့်ဆိုင်းနေစဉ် မင်းထက်လွင် မောင်းနှင်လာသည့် မော်တော်ယာဉ်နှင့် ဝင်းကိုတို့အား ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၄၅ ပြားနှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

စစ်ဆေးချက်အရ ပြစ်မှုကျူးလွန်ရာတွင် ပါဝင်သူ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် အုပ်စု (၄/ က) သီရိမြိုင်လမ်း တိုက်(၆၁)ရှိ ထွန်းထွန်းဝင်း၏ နေအိမ်ကို ဆက်လက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ ကို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ကိုရဲ**

## ဗဟိုစံပြငါးဈေးကြီးအတွင်း ငါးလှည်းဆွဲသူချင်း စကားများရာမှ လူသတ်မှုဖြစ်ပွား

**ရန်ကုန် ဧပြီ ၂၄**

ကြည့်မြင်တိုင်မြို့နယ် ဗဟိုစံပြငါးဈေးကြီးအတွင်း၌ ဧပြီ ၂၂ ရက် ညက ငါးလှည်းဆွဲသူချင်း စကားများရန်ဖြစ်ရာမှ လူသတ်မှု ဖြစ်ပွားခဲ့သည်။


ကြည့်မြင်တိုင်မြို့နယ်နေ မောင်ထွေး (၂၂နှစ်) သည် ဗဟိုစံပြငါးဈေးကြီးအတွင်း ငါးလှည်းဆွဲနေစဉ် ကြည့်မြင်တိုင်မြို့နယ် စက်ဆန်းရပ်ကွက် ကျန်စစ်သားလမ်းနေ တင့်ဇော်လင်း (၂၄ နှစ်) (ငါးလှည်းဆွဲသူ)နှင့်တွေ့ဆုံကြပြီး လူငယ်ချင်း အလုပ်ကိစ္စ စကားများရာမှ တင့်ဇော်လင်းက ဓားဖြင့်ထိုးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။

ဒဏ်ရာရရှိသူ မောင်ထွေးကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ တာဝန်ရှိသူများက တင်ပို့ခဲ့သည်။

ဒဏ်ရာရရှိသူ မောင်ထွေးမှာ ထိုးသွင်းဒဏ်ရာဖြင့် (စိုးရိမ်ရ)အခြေအနေတွင်ရှိစဉ် နောက်တစ်နေ့ နံနက်တွင် သေဆုံးသွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ဓားဖြင့်ထိုးသူ တင့်ဇော်လင်းအား ကြည့်မြင်တိုင်မြို့မရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကြီးတင်**

# အာဆင်နယ်တို့ အချိန်ပိုသွင်းဂိုးဖြင့် အနိုင်ရရှိပြီး ဗိုလ်လုပွဲသို့တက်ရောက်




အင်္ဂလန် အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲကို ဧပြီ ၂၃ ရက် တနင်္ဂနွေနေ့ ညပိုင်းက အာဆင်နယ်နှင့် မန်စီးတီးတို့ ယှဉ်ပြိုင်ကစားခဲ့ရာ အာဆင်နယ်အသင်း အချိန်ပိုတွင် ဆန်ချက်၏သွင်းဂိုး နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲတက်ရောက်ခဲ့သည်။

ဝင်ဘလေကွင်းကြီး၌ ယှဉ်ပြိုင်ခဲ့သည့် အကြိုဗိုလ်လုပွဲစဉ်တွင် အာဆင်နယ်အသင်းသည် ၃-၄-၂-၁ ကစားကွက်ဖြင့် ဂျီရော့ဒ်ကို အထောင်ထားခဲ့ပြီး မန်စီးတီးသည် ၄-၂-၃-၁ ပုံစံဖြင့် အဂူရိုကို အထောင်ထားပွဲထွက်လာသည်။ ပထမပိုင်းတွင် နှစ်သင်းစလုံးဂိုးမသွင်းနိုင်ဘဲ ဒုတိယပိုင်း ၆၂ မိနစ်တွင် အဂူရိုက မန်စီးတီးအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ပွဲချိန် ၇၁ မိနစ်တွင် နာချို့က အာဆင်နယ်အတွက် ချေပဂိုးသွင်းယူခဲ့ပြီး ပွဲပြီးချိန် မိနစ် ၉၀ အထိ တစ်ဖက်တစ်ဂိုးစီဖြင့် အနိုင်အရှုံးမပေါ်ခဲ့၍ ထပ်ဆောင်းအချိန်ပို မိနစ် ၃၀ ထပ်မံကစားခဲ့သည်။ ပွဲချိန် ၁၀၁ မိနစ်တွင် ဝဲလ်ဘက်ဖန်တီးမှုမှတစ်ဆင့် ဆန်ချက်က အာဆင်နယ်အတွက် အနိုင်သေချာသောဂိုးကိုသွင်းယူခဲ့ပြီး အာဆင်နယ်တို့ ဗိုလ်လုပွဲသို့တက်လှမ်းနိုင်ခဲ့သည်။

အင်္ဂလန် အက်ဖ်အေဖလား ဗိုလ်လုပွဲကြီးကို လန်ဒန်မြို့ ဝင်ဘလေကွင်းကြီး၌ မေ ၂၇ ရက် စနေနေ့ညတွင် ချဲလ်ဆီးနှင့် အာဆင်နယ်တို့ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ အက်ဖ်အေဖလားကို အာဆင်နယ်နှင့်မန်ယူတို့ ၁၂ ကြိမ်စီဖြင့် အများဆုံးရရှိထားပြီး စပါးက ရှစ်ကြိမ်၊ ချဲလ်ဆီး၊ လီဗာပူး၊ အက်စ်တွန်ဗီလာတို့ ခုနစ်ကြိမ်စီ ရရှိထားသည်။ **သီဟ**

# အယ်လ်ကလက်စီကိုဒါဘီပြိုင်ပွဲ ဘာစီလိုနာတို့အနိုင်ယူပြီး ဇယားထိပ်၌ ပြန်လည်ဦးဆောင်

စပိန်လာလီဂါပွဲစဉ် (၃၃) အယ်လ်ကလက်စီကိုဒါဘီပြိုင်ပွဲဖြစ်သော ရီးရဲမက်ဒရစ်နှင့် ဘာစီလိုနာတို့ ဧပြီ ၂၄ ရက် နံနက်ပိုင်းက ဘာနေဗြူးကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဘာစီလိုနာအသင်း သုံးဂိုး-နှစ်ဂိုးဖြင့် အဝေးကွင်းတွင်အနိုင်ရရှိခဲ့သည်။

ကမ္ဘာ့အကောင်းဆုံးနှစ်သင်းတွေ့ဆုံသည့်ပွဲတွင် ပုံမှန်တိုက်စစ်ကစားကွက် ၄-၃-၃ ပုံစံဖြင့် နှစ်သင်းစလုံး ပွဲထွက်လာသည်။ အိမ်ရှင်ရီးရဲသည် နောက်တန်းကစားသမား ပီပီ တစ်ဦးသာ ဒဏ်ရာပြဿနာကြောင့် မပါဝင်နိုင်ဘဲ တိုက်စစ်ပိုင်းတွင်း ဘေးလ်၊ ဘင်ဇီမာ၊ စီရော်နယ်ဒိုတို့ လူစုံပါဝင်လာသည်။ ဘာစီလိုနာတွင် တိုက်စစ်မှူး နေမာ ပွဲပယ်ပြစ်ဒဏ်ကြောင့် မပါဝင်နိုင်ဘဲ မက်ဆီ၊ ဆွာရက်ဇ်၊ အယ်ကာဆာတို့ပွဲထွက်လာသည်။ ပွဲချိန် ၂၈ မိနစ်တွင် ကွင်းလယ်ကစားသမား ကက်စ်မဲရိုးက ရီးရဲအတွက်ဦးဆောင်ဂိုး သွင်းယူခဲ့သည်။ ပွဲချိန် ၃၃ မိနစ်တွင် မက်ဆီက ဘာစီအတွက် ချေပဂိုးပြန်လည်သွင်းယူခဲ့သည်။ ဒုတိယပိုင်း ၇၃ မိနစ်တွင် ရာကီတစ်က ၁၈ ကိုက်အစပ်မှ ဘာစီအတွက် ဦးဆောင်ဂိုးပြန်လည်သွင်းယူခဲ့သည်။ ပွဲချိန် ၇၇ မိနစ်တွင် ရီးရဲအသင်းခေါင်းဆောင် ရာမို့စ် တိုက်ရိုက်အနီဖြင့် ထုတ်ပယ်ခံရသော်လည်း ရီးရဲအသင်းတိုက်စစ်အားမလျှော့ဘဲ ပွဲချိန် ၈၅ မိနစ်တွင် ဂျိမ်းစ်ရိုဒရီဂွက်စ်က ဒုတိယချေပဂိုး သွင်းယူခဲ့သည်။ မိနစ် ၉၀ တွင် တစ်ဖက်နှစ်ဂိုးစီဖြင့် အနိုင်အရှုံးမပေါ်သေးဘဲ နာကျင်အချိန်ပို နောက်ဆုံးမိနစ်တွင် တိုက်စစ်မှူး မက်ဆီက ဘာစီအတွက် တတိယဂိုးသွင်းယူခဲ့ပြီး ရီးရဲပရိသတ်ရှေ့မှောက်တွင် အနိုင်ယူခဲ့သည်။ ယင်းပွဲတွင် ဘောလုံးပိုင်ဆိုင်မှုအနေဖြင့် ဘာစီလိုနာက အနည်းငယ်အသာစီးရရှိခဲ့ပြီး ဂိုးကန်သွင်းခွင့်မှာ ရီးရဲက ၂၂ ကြိမ်ထိရရှိခဲ့ပြီး ၁၄ ကြိမ် ဂိုးပေါက်တည့်ခဲ့သည်။ ဘာစီက ၁၄ ကြိမ်အနက် ၉ ကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ လက်ရှိ ဘာစီလိုနာ နည်းပြ အန်းနရစ်မှာ ယနေ့ပွဲအနိုင်ရရှိသည့်အတွက် ဘာနေဗြူးကွင်းတွင် နိုင်ပွဲရယူပေးခဲ့သော ဒုတိယနည်းပြဖြစ်လာပြီး ပထမနိုင်ပွဲရယူပေးသော နည်းပြဟောင်းမှာ ဂွါဒီရိုလာ ဖြစ်သည်။ ပွဲစဉ် (၃၃)အပြီးတွင် ရီးရဲနှင့် ဘာစီမှာ ရမှတ် ၇၅ မှတ်စီတူညီနေပြီး ဂိုးကွာခြား ချက်ဖြင့် ဘာစီလိုနာက ဇယားထိပ်တွင် ပြန်လည်ဦးဆောင်နေသော်လည်း ရီးရဲက ပွဲစဉ် တစ်ပွဲလျော့ဖြင့် ဖိအားပေးလျက်ရှိသည်။ **သီဟ**

ကမ္ဘာ့အသိဉာဏ်ပစ္စည်းနေ့ (၂၀၁၇)

World Intellectual Property Day 2017

ပညာ

WIPO
WORLD
INTELLECTUAL PROPERTY
ORGANIZATION

၂၀၁၇ ခုနှစ်၊ ဧပြီလ ၂၆ ရက် — ရန်ကုန်မြို့

# ၂၀၁၇ ခုနှစ် မြန်မာပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ ပထမပွဲစဉ် ကျင်းပမည်

**ရန်ကုန် ဧပြီ ၂၄**

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေတို့မှ ကြီးမှူး၍ MOTTAMA HOLDINGS Ltd. တို့မှ အဓိကကူညီပံ့ပိုးသည့် ၂၀၁၇ ခုနှစ် ပြည်တွင်းပတ်လည် ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို ရေပြာတပ်မတော်ဂေါက်ကွင်း နေပြည်တော်၌ မေ ၃ ရက်မှ ၆ ရက်အထိ ကျင်းပမည် ဖြစ်သည်။

ပြိုင်ပွဲတွင် Professional အဆင့်၊ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲ (H'cap 0 -12) အမျိုးသမီး (H'cap 0 - 18) နှင့် အဆင့်များ ယှဉ်ပြိုင်ခွင့်ပြုမည်ဖြစ်ပြီး ပြိုင်ပွဲဝင်ဦးရေ ကန့်သတ်ထားသည်။ အဆိုပါပြိုင်ပွဲကို စိန့်အင်ဒရူး (St. Andrew) ဂေါက်စည်းမျဉ်းများအတိုင်းနှင့် ဒေသန္တရ စည်းမျဉ်းများအတိုင်း ကျင်းပမည်ဖြစ်သည်။

ပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်ကြမည့် ဂေါက်သီးရိုက်အားကစားသမားများသည် ဧပြီ ၂၀ ရက်မှ မေ ၁ ရက်အထိ မွန်းလွဲ ၂ နာရီ နောက်ဆုံးထား၍ ပြိုင်ပွဲဝင်ကြေး ပညာရှင်အဆင့် တစ်ဦးလျှင်ငွေကျပ် ၃၀၀၀၀ နှင့် ဝါသနာရှင်အဆင့် တစ်ဦးလျှင် ငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉-၂၆၂၆၀၂၆၃၆၊ ၀၉-၇၇၉၈၄၆၇၆၁ တို့ထံသို့ စာရင်းပေးသွင်းနိုင်ပါသည်။

အမည်စာရင်းပေးသွင်းပြီး ပြိုင်ပွဲဝင်ကြေး အချိန်မီပေးသွင်းခြင်းမပြုပါက ပြိုင်ပွဲအတွဲဇယားတွင် ထည့်သွင်းရေးဆွဲမည်မဟုတ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်ကစားသမားများသည် နေပြည်တော်သို့ ကားဖြင့်လိုက်ပါနိုင်ပြီး ဧပြီ ၂၉ ရက်တွင် ၉ မိုင်ဂေါက်ကွင်းရှေ့မှ နံနက် ၆ နာရီခွဲ ထွက်ခွာမည်ဖြစ်ကြောင်း မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်မှ ထုတ်ပြန်ထားသည်။ **ဖိုးသော်ဇင်**


**ယာဉ်မောင်းအလိုရှိသည်။**

**လိုင်စင်လုပ်သက် အနည်းဆုံး(၂)နှစ်ရှိရမည်။**

**09 - 795360085, 09 - 250538151, 01 - 8605073**


**တစ်ဦးတည်းဖြစ်ပါကြောင်း**

လားရှိုးမြို့၊ အထက(၂)၊ အဌမတန်း (B)၊ ကျောင်းဝင်အမှတ်(၀၆၁၁၁)မအေး စန္ဒာခိုင်၏ဖခင် ဦးလီချိန်ကွမ်း(ခ)ဦးလီချိန်ကျွမ်း ၁၃/လရန(နိုင်)၀၉၂၈၈၄ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလီချိန်ကွမ်း(ခ)ဦးလီချိန်ကျွမ်း**


**ဦးသန့်ဇော်** B.Sc.IC.Q.DA, DMP, MBA, ACCA (pro) — PQI အသိအမှတ်ပြုစင်တာ

**LCCI I,II&III Diploma သင်တန်းများ**

**2017 မေလဆန်းစမည်။**

I&II
Sec (A): Mon to Wed 6:00 - 7:45 pm (သုံးလပြတ်)
Sec (B): Mon to Wed 7:00 - 8:30 am
Sec (C): Thur -Fri 9:00 - 11:00 am
2 May

ORION ၂၈၇၊ ပ-ထပ်၊ ပြည်လမ်း၊ ဗြဲနိုက်နှုန်းလမ်းချောင်း 09 5115997


## ၂၇-၃-၂၀၁၇ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ ပါနိုမြန်မာရဲမွန်ကုမ္ပဏီ လီမိတက် အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ကျော်ဆန်း၏ ပြန်လည်ရှင်းလင်းကြေညာခြင်းအပေါ် ထပ်မံကြေညာချက်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀) ရပ်ကွက်၊ ဗိုလ်လရောင်လမ်း၊ အမှတ် ၇နေ ကျွန်ုပ်၏အမှုသည် ဒေါ်အိမြတ်နိုး၏ ညွှန်ကြားချက်အရ ထပ်မံကြေညာအပ်ပါသည်။

လူကြီးမင်းဦးအောင်ကျော်ဆန်းနှင့် ဒေါ်အိမြတ်နိုးတို့သည် သုံးခွမြို့၊ အဝေးပြေးယာဉ်ရပ်နားစခန်း(၂ထပ်ခွဲ)၊ တိုက်ခန်း(1A)နှင့် (2A)တို့အတွက် တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်နှစ်စောင်ကို အသိသက်သေများရှေ့မှောက်၌ ချုပ်ဆို၍ ယင်းစာချုပ်နှစ်စောင်တွင် တိုက်ခန်းဖိုးအကျေလက်ခံရရှိကြောင်း လူကြီးမင်းကိုယ်တိုင် လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်ပါသည်။ အဆိုပါ စာချုပ်များအရ အထက်ပါတိုက်ခန်းနှစ်ခန်းကို ကျွန်ုပ်၏အမှုသည်အား ယုံကြည်အောင်ပြောဆိုရောင်းချကာ ငွေများရယူခဲ့သည့် အထောက်အထားခိုင်လုံလျက်ရှိနေကြောင်း လူကြီးမင်းအား သိစေအပ်ပါသည်။

လူကြီးမင်း၏ ပြန်လည်ရှင်းလင်းကြေညာခြင်းတွင် ပါရှိသော ဦးစိုးသိန်းထံမှ ငွေချေးခြင်း၊ အတိုးပေးခြင်းစသည့် ကိစ္စများသည် ကျွန်ုပ်အမှုသည်က လူကြီးမင်းထံမှ တိုက်ခန်းနှစ်ခန်း ဝယ်ယူထားသည့်အကြောင်းကိစ္စနှင့် လုံးဝသက်ဆိုင်ခြင်းမရှိပါ။ ကျွန်ုပ်အမှုသည်က လူကြီးမင်းအား ယုံကြည်၍ အဆိုပါတိုက်ခန်း(၂)ခန်းကို ဝယ်ယူခဲ့ခြင်းဖြစ်ပါသည်။ အထက်ပါ စာချုပ်များအရ ကျွန်ုပ်၏အမှုသည်သည် လူကြီးမင်းထံမှ တိုက်ခန်း(ဆိုင်ခန်း)များ အမှန်တကယ်ဝယ်ယူထားကြောင်း လူကြီးမင်းကိုယ်တိုင် သိရှိပါသည်။ ၁၄-၃-၂၀၁၇ရက်ထုတ် ကြေးမုံနှင့် မြန်မာ့အလင်းသတင်းစာပါ ကြေညာချက်များကို ဆက်လက်အတည်ပြုကြောင်း ထပ်မံကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူ**
**ဒေါ်အိမြတ်နိုး**

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမြင့်(LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၂၅၂)**
**တိုက် ၉/၁၁၊ အခန်း(၄)၊ လေးလွှာ၊ ၃၆လမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**

## သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

သထုံမြို့၊ ဘင်လိုင်ရပ်ကွက်၊ ကြက်လျှာစွန်းလမ်း၊ အမှတ် ၇၈၉နေ ဦးခင်ဇော်-ဒေါ်သန်းမြိုင်(ခ)ဒေါ်ထားမေတို့၏ သား မောင်ခိုင်ဝေစိုး ၁၀/သထန(နိုင်)၁၉၆၆၀၄နှင့် မောင်ဖြိုးမင်းဝေတို့နှစ်ဦးသည် မိဘ၏ဆိုဆုံးမမှုကို မနာခံဘဲ အကြိမ်ကြိမ်စိတ်ဆင်းရဲအောင်ပြုလုပ်သဖြင့် ယနေ့မှစ၍ သားများအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောင်တွင် ၎င်းတို့နှင့်ပတ်သက်သောကိစ္စအဝဝအား လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဦးခင်ဇော်-ဒေါ်သန်းမြိုင်**

**ဖခင်အမည်မှန်**

လားရှိုးမြို့၊ အထက(၃)၊ န၀မတန်းမှ နန်းခမ်းဦး၏ ဖခင်အမည်မှန်မှာ ဦးစိုင်းလူး ၁၃/လရန(နိုင်)၁၈၆၃၂၁ ဖြစ်ပါကြောင်း။

## Independent Federation of Myanmar Seafarers(IFOMS)

## လွတ်လပ်သောမြန်မာနိုင်ငံပင်လယ်ပျော်များအဖွဲ့ချုပ် "အဖွဲ့ဝင်များတွေ့ဆုံပွဲ"

လွတ်လပ်သောမြန်မာနိုင်ငံပင်လယ်ပျော်များအဖွဲ့ချုပ် (IFOMS)၏ စတုတ္ထအကြိမ်မြောက် အဖွဲ့ဝင်များတွေ့ဆုံပွဲကို ၂၉-၄-၂၀၁၇ရက်(စနေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂နာရီအထိ ရန်ကုန်မြို့၊ ဗိုလ်တထောင်ဘုရားလမ်းရှိ Orchid Hotel တွင် ပြုလုပ်သွားမည်ဖြစ်ပါသည်။ သို့ပါ၍ အဆိုပါတွေ့ဆုံပွဲသို့ တက်ရောက်နိုင်ပါရန်အတွက် IFOMS ၏ အဖွဲ့ဝင်များကို ဖိတ်ကြားလိုပါသည်။ တွေ့ဆုံပွဲအတွက် အစားအသောက်များ စီစဉ်ရမည်ဖြစ်သဖြင့် အဖွဲ့ဝင်များအနေဖြင့် တက်ရောက်မည်ဆိုပါက ၂၆-၄-၂၀၁၇ရက်(ဗုဒ္ဓဟူးနေ့) နောက်ဆုံးထားပြီး IFOMS အဖွဲ့ချုပ်၏ဖုန်း-၀၁-၂၉၁၇၀၆၊ ၀၉-၄၃၁၈၉၉၄၉ တို့ကိုဖြစ်စေ၊ IFOMS အဖွဲ့ချုပ်ရုံး အမှတ်(၇၀)၊ ၅လွှာ(က)၊ ရေကျော်လမ်းမ၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်သို့ လူကိုယ်တိုင်ဖြစ်စေ လာရောက်ဆက်သွယ်ပြီး စာရင်းပေးသွင်းရန် လိုအပ်ပါသည်။ (တွေ့ဆုံပွဲတက်ရောက်ရန်အတွက် အခကြေးငွေ တစ်စုံတစ်ရာ မလိုပါ။)

**လွတ်လပ်သောမြန်မာနိုင်ငံပင်လယ်ပျော်များအဖွဲ့ချုပ် (IFOMS)**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၅)ရပ်ကွက်၊ ဝိဇ္ဇာလမ်းသွယ်၊ အမှတ်(၁၉/၁၂၉)တွင် နေထိုင်သော ဦးသီဟံမွန် ၁၂/မဂတ(နိုင်)၀၈၉၁၈၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

အထက်ပါလိပ်စာတွင် နေထိုင်သော ဦးသီဟံမွန်မှ ဦးစောမျိုးလွင် ၁၂/ကတတ(နိုင်)၀၀၁၅၉၉ ဆိုသူထံမှ ဒေါပုံမြို့နယ်၊ သဘော်ကျင်းရပ်ကွက်၊ သဘော်ကျင်း ၅ လမ်း၊ အမှတ် ၁၄၈၊ စတုတ္ထထပ်(တမိုးအောက်)(B-5)အခန်းကို ဝယ်ယူရန် စရန်ငွေ တစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်ပြီး အဆိုပါအခန်းနှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း စာရွက်စာတမ်းအခိုင်အမာနှင့် ကျွန်ုပ်နှင့်သော်လည်းကောင်း၊ ကျွန်ုပ်၏မိတ်ဆွေနှင့်သော်လည်းကောင်း တိုက်ရိုက်ဆက်သွယ်ကန့်ကွက်နိုင်ကြောင်းနှင့် အကယ်၍ ကန့်ကွက်မှုမရှိပါက ဦးသီဟံမွန်မှ အဆိုပါအခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်အသိပေးကြေညာအပ်ပါသည်။

**ဦးသီဟံမွန်**
**ဖုန်း-၀၉-၉၉၆၄၅၄၁၄၆၆**

**ဦးသီဟံမွန်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်အေးအေးအောင်(LL.B, LL.M)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၀၀၄)**
**ဖုန်း-၀၉-၉၇၄၅၈၉၇၇၆**

## Myanmar Food Quiz Bowl 2017

အစာအာဟာရဆိုင်ရာ သိပ္ပံနှင့် နည်းပညာအသင်း(Food Science and Technology Association)မှ Myanmar Food Quiz Bowl 2017 ကို ၂၀၁၇ ခုနှစ် ဇွန် ၇ ရက်တွင် ကျင်းပမည်ဖြစ်ရာ အောက်ပါသတ်မှတ်အရည်အချင်းများနှင့် ပြည့်စုံသူ မြန်မာနိုင်ငံသား မည်သူမဆို လျှောက်ထားနိုင်ပါသည်။

(က)တက္ကသိုလ်အဆင့်ပြိုင်ပွဲ (ခ) လုပ်ငန်းခွင်အဆင့်ပြိုင်ပွဲ

**ဖြေဆိုမည့်ရက်-၂၀၁၇ခုနှစ် ဇွန် ၇ရက်**

(က) လျှောက်ထားနိုင်သူများ Food Related Subject များဖြင့် တက္ကသိုလ်တက်နေဆဲနှင့် တက္ကသိုလ်မှ (၆)လအတွင်း ဘွဲ့ရရှိပြီးသူများ။ (ကျောင်းသားကတ်ပူးတွဲ တင်ပြရန်)

(ခ) လျှောက်ထားနိုင်သူများ Food Related Subject များဖြင့် အနည်းဆုံးစားသောက် ကုန်လုပ်ငန်းအတွေ့အကြုံ(၃)နှစ်ရှိသူဖြစ်၍ ၁-၅-၂၀၁၇ရက်တွင် အသက် ၄၅နှစ်ထက်မကျော်သူများ။ (ဝန်ထမ်းကတ် ပူးတွဲတင်ပြရန်)

စိတ်ပါဝင်စားသူများသည် လျှောက်လွှာပုံစံများကို Food Science and Technology Facebook Page မှ ရယူပြီး ၂၀၁၇ ခုနှစ် မေ ၂၅ ရက်နောက်ဆုံး ထား၍ foodquizbowl 2017 @ gmail.com သို့ E.mail ပေးပို့လျှောက်ထား နိုင်ပါသည်။ ဖြေဆိုခွင့်ရရှိသူများအား ၂၀၁၇ ခုနှစ် မေ ၃၁ ရက်တွင် ကြေညာ မည် ဖြစ်ပါသည်။


**နေမင်းကျော်**

ရာထူးဝင်သင်တန်းကြီး

**၁/၂၀၁၇ ဦးစီးအဆင့် (၃၈၈) နေရာအတွက် (သင်တန်းများစပြီ)။**

မေးခွန်းဟောင်းနှင့် အဖြေများအပြည့်အစုံပါသော မှတ်စုစာအုပ်ဝယ်ယူနိုင်ပါပြီ။

စာအုပ်ဝယ်ယူရရှိနိုင်သော စာပေများ

| | |
|---|---|
| နေပြည်တော် | ရွှေမင်းသားစာပေ-09-979507227/ အဓိပတိစာပေ-067-8108077/ လမင်းဝင်းဝင်းစာပေ-067-432238/ သရဖူစာပေ-09-796616615 |
| မန္တလေး | ညီညီစာပေ-02-74418/ ခေတ်မီစာပေ-09-91020565/ နဂါးစာပေ-02-61722 |
| ပုံရှာ | အဓိပတိစာပေ-071-21357 |
| မကွေး | ရွှေပြည်စိုးစာပေ-09-965340474 |
| ပုသိမ် | မြို့ချိုစာပေ-09-5200159 |
| မအူပင် | အေးကျော့ကျော့ရီစာပေ-045-30621 |
| ပြည် | နေမင်းကျော်မိတ္တူဆိုင်-09-791177858 |
| လားရှိုး | စစ်ငြိမ်းပန်းစာပေ-09-767616270 |
| လက်ပံတန်း | အောင်မြင်စာပေ-053-32241 |
| မော်လမြိုင် | ကျော်ကျော်စာပေ-09-425322625 |

စုံစမ်းရန် ။ ။ လှည်းတန်းမှတ်တိုင်၊ ဦးထွန်းလင်းခြံလမ်း၊ ရန်ကုန်မြို့။
Ph: 09 420042200, 09 264335331, 09 456844050

# စီးပွားဖြစ်လုပ်ကိုင်မွေးမြူလာသည့် ပျားမွေးမြူရေး



စလင်းမြို့နယ်နှင့် ဆင်ဖြူကျွန်း လမ်းတစ်လျှောက်ရှိ နှမ်းခင်းများ၊ နေကြာပန်းခင်းများ၊ဆီးပင်များနှင့် အနီးတစ်ဝိုက်တွင် ပျားအိမ်ပုံး အလုံး ၃၀ ကျော် ၄၀ ခန့် တန်းစီချထားကြသည်။ စလင်းမြို့နယ်ပျားလုပ်ငန်းဦးစီးဌာနမှ နည်းပညာနှင့် ပျားလုပ်ငန်းထောက်ကူ နည်းပညာရယူကာ စီးပွားဖြစ် ပျားရည် ထုတ်လုပ်ငန်းများ တစ်နိုင်တစ်ပိုင်လုပ်ဆောင်နေကြသည့် ပျားအိမ်တစ်လုံးသည် အလျား ၂ပေခွဲ၊ အမြင့် ၁ပေ ၁၀လက်မ အကျယ် ၂ ပေခန့်ရှိသည်။

ပျားအိမ်ထဲသို့ပျားချပ် ရှစ်ချပ်ခန့် ထည့်သွင်းရသည်။ ပျားအိမ်တစ်လုံးလျှင် ငွေကျပ် ၁၅၀၀၀ ကျသင့်သည်။ ပျားချပ်တစ်ချပ်လျှင်ငွေကျပ် ၈၀၀၀ မှ ၁၀၀၀၀ နှုန်းဖြင့် ပျားလုပ်ငန်းဦးစီးဌာနက ရောင်းချပေးသည်။ ပျားချပ်တစ်ချပ်တွင် ပျားဘုရင်မတစ်ကောင်နှင့် ပျားနုသားပေါက်မများ ပါဝင်ပေသည်။ ပျားဘုရင်မကို ပျားလုပ်ငန်းဦးစီးဌာနတွင် ဉကာ သားဖောက်ရာ၌ ၁၆ ရက်ကြာတွင် ပျားဘုရင်မရရှိသည့် ပျားဘုရင်မသည် အကောင်ရှည်သည်။ သက်တမ်းအားဖြင့် တစ်နှစ်ခန့်နေနိုင်သည်။ ပျားထီးကို ၂၄ ရက်ကြာသားဖောက်ယူရပြီး ပျားဘုရင်မနှင့် မိတ်လိုက်ပြီးပါက ပျားထီးသည် သေဆုံးသည်။ လုပ်သားပျားကို ၂၁ ရက်သားဖောက်ရယူရသည်။ သက်တမ်းအားဖြင့် ၄၅ ရက်ခန့် နေနိုင်သည်။ လုပ်သားပျားသည် အလုပ်အများဆုံးလုပ်ကြရသည်။

မတ်လတွင် လည်းကောင်း၊ ဩဂုတ်လများတွင်လည်းကောင်း၊ ပျားများ အစာဖြတ်ကာလဖြစ်၍ ပျားစာအဖြစ် သကြား၊ ပဲမှုန့်၊ ပန်းဝတ်မှုံများ ကျွေးကြရသည်။ အခြားအချိန်များတွင် ပျားများသည် ဝတ်မှုံကူးခြင်း ပျားရည်ချခြင်း၊ ပျားချေးချခြင်းများ ပြုလုပ်ကြသည်။ စိုက်ခင်းများတွင် ပျားများက ဝတ်မှုံကူးခြင်းဖြင့် သီးနှံများ အောင်မြင်ကြသည်။ နှမ်း၊ နေကြာစိုက်ခင်းများဘေးတွင် ပျားအိမ်များ တစ်လခန့်ထား၍လည်းကောင်း၊ ဆီးခင်းများတွင် သုံးလခန့်ထား၍ ပျားရည်စုဆောင်းကြသည်။ ပျားချပ်တစ်ချပ် ၁၀ ရက်လျှင် ပျားရည် ၇၀ ကျပ်သားခန့် ရရှိသည်။

ယခုလောလောဆယ် ပျားရည်တစ်ပိဿာလျှင် ငွေကျပ် ၃၀၀၀ ဈေးရှိသည်။ ပျားရည်များကို စုဆောင်း၍ ပီပါများဖြင့် ထည့်ကာဝယ်လက်ရှိရာ မြို့များကိုတင်ပို့ကြရာ ပျားရည်တစ်ပီပါလျှင် ပိဿာချိန် ၁၈၀ ခန့်ပါပြီး အရောင်းသွက်ကြောင်း သိရသည်။

ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းရရှိအောင် ပျားလုပ်ငန်းဦးစီးဌာနက နည်းပညာများ ဖြန့်ဝေခြင်း အလုပ်ရုံဆွေးနွေးပွဲများ ပြုလုပ်ပေးခြင်း ပျားလုပ်ငန်း ထောက်ကူပစ္စည်းများ ရောင်းချပေးခြင်း၊ စည်းကမ်းနှင့်အညီ ဆောင်ရွက်နိုင်ရန် ခွင့်ပြုလိုင်စင်ချပေးခြင်းတို့ဖြင့် ပျားရည်နှင့် ပျားထွက်ပစ္စည်းများ ရောင်းချခြင်းဖြင့် နိုင်ငံခြားငွေရရှိအောင် ပျားလုပ်ငန်းဦးစီးဌာနမှ ဦးစီးဆောင်ရွက်ပေးနေသည်။ စလင်းမြို့နယ်တွင် တစ်နိုင်တစ်ပိုင် ပျားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးခန့်ရှိသည် ပျားမွေးမြူရေးနှင့် ပျားရည်ထွက်ပစ္စည်းထုတ်လုပ်ရေး လုပ်ငန်းသည် တစ်နှစ်ပတ်လုံးဝင်ငွေရ လုပ်ငန်းဖြစ်သဖြင့် ဒေသခံများက စိတ်ဝင်တစားလုပ်ကိုင်နေကြပေသည်။

**စစ်ကြည်(စလင်း)**

# တာချီလိတ်၌ နွေရာသီအာခါစာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်း

**တာချီလိတ် မေ ၂၄**

အာခါစာပေနှင့် ယဉ်ကျေးမှုဗဟိုကော်မတီမှ ကြီးမှူးကျင်းပသည့် နွေရာသီ အာခါစာပေနှင့် ယဉ်ကျေးမှုသင်တန်းဆင်းပွဲကို ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းကိုးကျေးရွာအုပ်စု ကော်မယ်လိတ်ကျေးရွာရှိ ကျေးရွာ ခန်းမဆောင်၌ မေ ၂၂ ရက်က ကျင်းပခဲ့သည်။

သင်တန်းဆင်းပွဲတွင် အာခါလူငယ်တာဝန်ခံ ဦးလော်ဒါးက အမှာစကားပြောကြားပြီး ဘာသာဗေဒပညာရှင် (တိဗက်-မြန်မာမျိုးနွယ်) ဆရာဦးနိုးဝေက ဘာသာစကားများ ပြန့်ကျဲနေပုံ၊ ဘာသာစကားတစ်ခုနှင့်တစ်ခု ဆက်သွယ်နေပုံများ၊ မိမိတို့၏ အမျိုးဘာသာစကားကို မပျက်ယွင်းစေဘဲ အာခါစာဖြင့် ကူးလူးဆက်ဆံ ဆက်သွယ်အသုံးပြုနိုင်ရန်နှင့် သင်တန်းမှ နောင်အနာဂတ် အာခါလူငယ်နှင့် လူမျိုးများအတွက် စာပေနှင့် အနုပညာယဉ်ကျေးမှုပိုင်းဆိုင်ရာများ၊ အာခါတိုင်းရင်းသားဆိုင်ရာ အမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ မှတ်တမ်းရေးရာ စာအုပ်စာတမ်းများကို ကျယ်ပြန့်စွာ ဖော်ထုတ်လာနိုင်စေရန် ရှင်းလင်းပြောကြားသည်။

သင်တန်းကို မေ ၁၇ ရက်မှ ၂၁ ရက်ထိ အာခါစာပေနှင့် ယဉ်ကျေးမှုကော်မတီဝင် အာခါစာပေနည်းပြဆရာဦးအုန်းလွင်က အခြေခံရေးသားနည်းနှင့် အသံထွက်မှန်ကန်မှု နည်းစနစ်များ၊ ဗျည်းနှင့် သရပေါင်းစပ်နည်း၊ ယင်းဗျည်း၊ သရများကို အသံသင်္ကေတငါးမျိုး (အမြင့်- အနိမ့်- အမြင့်ပြသံ - နိမ့်ပြသံ -ကြားဆွဲသံ)နှင့် ပေါင်းစပ်ခြင်းဖြင့် အဓိပ္ပာယ်အမျိုးမျိုး ပြောင်းသွားပုံများ၊ အခြားသိမှတ်ဖွယ်ရာများကို ငါးရက်တိုင်တိုင် ပို့ချခဲ့ကြောင်း သိရသည်။

သင်တန်းသို့ ဘာသာဗေဒပညာရှင်(တိဗက်-မြန်မာမျိုးနွယ်) ဆရာ၊ အာခါစာပေနှင့် ယဉ်ကျေးမှု ကော်မတီဝင် အာခါစာပေ နည်းပြဆရာနှင့် မြို့နယ်အတွင်းမှ အာခါသင်တန်းသား သင်တန်း သူ ၃၀၀ ခန့်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။ **မြင့်မိုရ်(တာချီလိတ်)**

**မီးဖိုမီးအသုံးပြုလျှင်**

၁။ လူစောင့်ထားပါ။

၂။ လောင်စာမီးအားကို လိုအပ်သည်ထက်ပိုမသုံးပါနှင့်။

၃။ မီးဖိုမီးကြွင်းမီးကျန်များ ငြိမ်းသတ်ပါ။

၄။ မီးဖိုနှင့်အမိုး၊ နံရံအကြား အပူခံအကာအရံများ ထားပါ။

၅။ ဆီအိုးတည်ပြီးမမေ့ပါနှင့်။



ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် မြို့ဦးစေတီအနီးရှိ မဟာအောင်မြေရိပ်သာ ကျောင်းတိုက်ကြီးတွင် မေ ၂၂ ရက်က တပ်နယ်အတွင်းရှိ တပ်ရင်း၊ တပ်ဖွဲ့များမှ တပ်မတော်သားများ စုပေါင်း၍ ကျောင်းတိုက်ဝင်း အတွင်းရှိ ချုံနွယ်အမှိုက်သရိုက်များ၊ ရေနုတ်မြောင်းများနှင့် စွန့်ပစ်အမှိုက်များအား ရန်ကုန်တိုင်း တပ်နယ်မှူးဦးစီး၍ ကုသိုလ်ယူရှင်းလင်းဆောင်ရွက် နေစဉ် သန်းထိုက်(လှိုင်သာယာ)

# သီပေါ၌ အခြေပြုမူလတန်းအဆင့် ဆရာအတတ်သင်ပညာသင်တန်း ဖွင့်လှစ်

**သီပေါ မေ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် အခြေပြုမူလတန်းအဆင့် ဆရာအတတ်သင်ပညာသင်တန်း အမှတ်စဉ်(၂) ဖွင့်ပွဲအခမ်းအနားကို မေ ၂၃ ရက်က အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း မြည်သီလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူး ဒေါ်မြင့်မြင့်သိန်းက ဘက်စုံထူးချွန်သော နိုင်ငံ့သားကောင်းရတနာများ ပေါ်ထွန်းလာစေရန် အခြေခံကျသော မူလတန်းပညာရေးအတွက် အရေးကြီးသည့် မူလတန်းအခြေပြု ဆရာအတတ်သင်ပညာသင်တန်းကို ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ သင်တန်းမှူး ဆင်ကျော့ အထက်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်ကြည်ကြည်နွဲ့က သင်တန်း စည်းမျဉ်း၊ စည်းကမ်းများ၊ ကဏ္ဍအလိုက် ဖွဲ့စည်းဆောင်ရွက်ထားသည့် လုပ်ငန်းဆပ်ကော်မတီများကို ရှင်းလင်းတင်ပြသည်။

အဆိုပါ သင်တန်းသို့ သင်တန်းသားဆရာ ဆရာမ ၁၇၂ ဦး တက်ရောက်ကြပြီး သင်တန်းကာလမှာ တစ်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ကရင်ပြည်နယ်ရဲတပ်ဖွဲ့ စုပေါင်းဒုလ္လဘရဟန်းခံနှင့် ရှင်ပြုအလှူတော်မင်္ဂလာကျင်းပ

**ဘားအံ မေ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ အမှတ်(၂)ရပ်ကွက် အမိတာရာမရဲကျောင်းတိုက်၌ မေ ၂၂ ရက်က ပြည်နယ်ရဲတပ်ဖွဲ့မှ ပြုလုပ်သည့် ဆဋ္ဌမအကြိမ်မြောက် စုပေါင်းဒုလ္လဘရဟန်းခံနှင့် ရှင်ပြုအလှူတော်မင်္ဂလာပွဲတွင် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်ဇနီး ဒေါ်ဝင်းဝင်းမော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ရဲချုပ်ဇော်ဝင်းနှင့်ဇနီး ဒေါက်တာဒေါ်သက်နွယ်ဦးတို့အား အမှူးထား၍ ကရင်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးကြည်လင်းနှင့်ဇနီး ဒေါ်ဖြူထွေးငယ်တို့ ဦးဆောင်သော တပ်ဖွဲ့ဝင်မိသားစုများမှ ဒုလ္လဘရဟန်းလောင်း ၅၅ ပါး၊ ရှင်သာမဏေလောင်းခြောက်ပါးတို့အား သာသနာ့ဘောင်သို့ သွတ်သွင်းချီးမြှင့်ရန် အလှူတော်မင်္ဂလာပွဲ ကျင်းပခဲ့သည်။

အလှူတော်မင်္ဂလာပွဲသို့ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ စုစုပေါင်း ၁၅၀၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**မင်းသူ၊ ထွန်းထွန်းထွေး(ဘားအံ)**

# ဗုဒ္ဓစွယ်တော်မြတ်နှင့်ဓာတ်တော်များ ငပလီမြို့သို့ ကြွရောက်အပူဇော်ခံ

**ငပလီ မေ ၂၄**

အလိုတော်ပြည့် ဆရာတော်ကြီး၏ ဦးဆောင်မှုဖြင့် ရန်ကုန်မှ ပင့်ဆောင်လာသည့် ဗုဒ္ဓစွယ်တော်မြတ်နှင့် ဓာတ်တော်မွေတော်တို့သည် မေ ၂၂ရက်က ငပလီမြို့ မဇင်လေဆိပ်သို့ ရောက်ရှိလာရာ မြို့နယ် သံဃနာယက ဆရာတော်ကြီးများနှင့် သံဃာတော်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဝန်ထမ်းများ ၊ ဂေါပကအဖွဲ့ဝင်များ ၊ မြို့မိ မြို့ဖများ၊ ဘုရားဖူးလာရောက်ပြည်သူများ စုစုပေါင်း ၃၀၀ ခန့် ဖူးမြော်ကြိုဆိုခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ဗုဒ္ဓစွယ်တော်မြတ်နှင့်ဓာတ်တော်တို့အား ကြိုဆိုရေးအဖွဲ့ဝင်များနှင့် ငပလီမြို့ မဇင်လေဆိပ်မှ မြို့တစ်လျှောက် အပူဇော်ခံကြွချီလာရာ ခေတ္တသတင်းသုံး အပူဇော်ခံမည့် ဂျိတ္တော ရပ်ကွက်၊ အမတသုခတောရ ၊ မဒေးတောင်အလိုတော်ပြည့် တောရကျောင်းတိုက်၌ အပူဇော်ခံလျက်ရှိကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ကျေးရွာရန်ပုံငွေ ကြီးကြပ်မှုကော်မတီဝင်များ ပြန်လည်ရွေးချယ်ဖွဲ့စည်း

**မြန်အောင် မေ ၂၄**

မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်ဆောင်ရွက်ပေးလျက်ရှိရာ စီမံကိန်းကာလသုံးနှစ်ပြည့်သော ကျေးရွာများတွင် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်အသစ်များ ပြန်လည်ရွေးချယ်ခြင်းကို မေလအတွင်း ဆောင်ရွက်လျက်ရှိပြီး ကုန်းတလုံးမြစိမ်းရောင်ကျေးရွာ၊ တောင်နီလေးမြစိမ်းရောင်ကျေးရွာ၊ ငါးသိုင်းအင်းမြစိမ်းရောင်ကျေးရွာနှင့် တဲကြီးကုန်းမြစိမ်းရောင်ကျေးရွာတို့တွင် ကျေးရွာရန်ပုံငွေကြီးကြပ်မှုကော်မတီဝင် အသစ်များဖွဲ့စည်းခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

မြစိမ်းရောင်ကျေးရွာစီမံကိန်းကျေးရွာများ၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေ၊ ငွေစာရင်းပုံစံများ ထိန်းသိမ်းဆောင်ရွက်မှုအခြေအနေများ မှန်ကန်မှုရှိစေရန် တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

# ရတနာကပ်ကြီးအောင်စေတီတော်မြတ် ဌာပနာပိတ်ပွဲကျင်းပ

**ဗန်းမော် မေ ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ရတနာကပ်ကြီးအောင်စေတီတော်မြတ်သတ္တဌာန ဌာပနာပိတ်ပွဲကို မေ ၂၁ ရက်က နမ့်ဖားကွက်သစ်သီရိခေ ကျောင်းတိုက်၌ ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ကျောင်းတိုက်ဆရာတော် သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဥက္ကဋ္ဌနှင့် ဆရာတော် သံဃာတော်များ၊ ဂေါပကအဖွဲ့၊ ကုသိုလ်ရှင်များက မဏ္ဍပ်မှ ဉာဏ်တော်အမြင့်ပေ ၃၀ ခန့်ရှိ စေတီတော်သို့ သတ္တဌာန ဌာပနာပစ္စည်းများ၊ လက်ဝတ်ရတနာများကို ပင့်ဆောင်ကြ၍ စေတီတော်အတွင်းဌာပနာထည့်သွင်းပူဇော်ခဲ့ကြရာ ဆရာတော် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ကြပြီး ဌာပနာပိတ်ပွဲ အောင်မြင်စွာကျင်းပခဲ့ကြောင်း သိရသည်။

**ဆီမီးခုံ-နန်းရီ**

# မြန်မာ့စိုက်ပျိုးရေးသုတေသန(၃)

ဆင်းသီဟ

**ဆန်စပါးသုတေသနပြုလုပ်မှုကို ဦးစွာဖော်ပြပြီး ရာသီဥတုပြောင်းလဲမှုနှင့်လိုက်လျောညီစွာ စိုက်ပျိုးနိုင်မည့် စပါးမျိုးများကို မြန်မာ့စိုက်ပျိုးရေးသုတေသန(၁)နှင့်(၂) တို့တွင် တင်ပြခဲ့ပြီးဖြစ်သည်။ သီးနှံမျိုးစုံဖြစ်ထွန်းသည့် မြန်မာ့ရေမြေအတွက် ဆန်စပါးအပြင် အခြားအရေးကြီးသီးနှံများကိုလည်း သုတေသနပြုဆောင်ရွက်လျက်ရှိရာ ပဲမျိုးစုံသီးနှံအလိုက် အထွက်ကောင်းမျိုးများ ထုတ်လုပ်နိုင်မှုကို ဆက်လက်အသိပေးလိုသည်။ မိုးရာသီတွင် အများဆုံးစိုက်ပျိုးသည့် ပဲတီစိမ်း၊ ပဲပုပ်နှင့် ပဲစင်းငုံသီးနှံ သုတေသနလုပ်ငန်းများကို စတင်ဖော်ပြပါမည်။**

**ပဲတီစိမ်းသီးနှံသုတေသန**

ပဲတီစိမ်းသီးနှံကို မိုးရေသောက်ဒေသများ၌ မိုးဦး၊ မိုးလယ် ရာသီတို့တွင် စိုက်ပျိုးသည်။ ရေသွင်းနိုင်သည့်ဒေသများ၌ မိုးကြိုသီးနှံအဖြစ် စိုက်ပျိုးသည်။ ပဲတီစိမ်းချည်း သီးသန့်စိုက်ပျိုးသည်။ ဝါ၊ ပဲစင်းငုံ၊ နေကြာတို့နှင့် သီးညှပ်စိုက်ပျိုးသည်။ မိုးစပါးအပြီးတွင်လည်း သီးထပ်သီးနှံအဖြစ်စိုက်ပျိုးသည်။

သုတေသနပြုထုတ်ဝေထားသည့် ပဲတီစိမ်းမျိုးများအနက် ရေဆင်း-၁ (ပဲတီရွှေဝါ)၊ ရေဆင်း - ၅ မျိုးတို့သည် မြန်မာနိုင်ငံအောက်ပိုင်းတွင် စပါးသီးထပ်အဖြစ်ထင်ရှားခဲ့သည်။ ရေဆင်း-၁(ပဲတီရွှေဝါ)၊ ရေဆင်း-၄၊ ရေဆင်း-၅၊ ကန်တီနှင့် မြကြေးမုံမျိုးများသည် မြန်မာနိုင်ငံအထက်ပိုင်း မိုးဦးနှင့် မိုးလယ်ရာသီစိုက်မျိုးများအဖြစ် အကြိုက်များခဲ့သည်။

ပဲတီစိမ်းသီးနှံတွင် ဆိုးရွားစွာကျရောက်လေ့ရှိသည်က အဝါရောင်မိုစေ့ရောဂါဖြစ်သည်။ အဆိုပါ ရောဂါကိုခံနိုင်မှုနှင့် အထွက်နှုန်းကောင်းသည့်မျိုးများရရှိရေးကို စဉ်ဆက်မပြတ်ဆောင်ရွက်မှုကြောင့် ယခုအခါ မျိုးသစ်များကို တောင်သူများ ရွေးချယ်စိုက်ပျိုးနိုင်ပြီဖြစ်ပါသည်။

ရေဆင်းပဲတီစိမ်း- ၁၁ အပင်ပုံစံမှာ ပင်ထောင်ဖြစ်ပြီး သက်တမ်းအားဖြင့် ရက် ၆၀ မှ ၆၅ ရက် ဖြစ်သည်။ တစ်ပင်ပါသီးတောင့် ၂၀ မှ ၂၅ သီးပြီး တစ်တောင့်ပါ အစေ့ ၁၀ စေ့ဖြစ်ကာ စိမ်းရွှင်သော အစေ့ရောင်ရှိသည်။ ရင့်မှည့်ချိန်ညီညာပြီး ပထမအကြိမ် ကောက်သိမ်းစဉ်တွင် ပင်သီးတောင့်များ၏ ၇၅ ရာခိုင်နှုန်းခန့်ကို ကောက်သိမ်းနိုင်သည်။ မိုးကြိုမိုးနှင့် မိုးနှောင်းရာသီမရွေး စိုက်ပျိုးနိုင်သည်။ ထူးခြားချက်မှာ အဝါရောင်မှိုစေ့ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသောမျိုးဖြစ်ပါသည်။

ရေဆင်းပဲတီစိမ်း-၁၄ အပင်ပုံစံမှာ ပင်ယောင်နွယ်ယောင်ဖြစ်သည်။ အသက် ၆၅ ရက် မှ ရက် ၇၀ ဖြင့် ကောက်သိမ်းနိုင်သည်။ တစ်ပင်ပါသီးတောင့် ၂၅ မှ ၃၀ သီးပြီး တစ်တောင့်တွင် ၁၂ စေ့ပါရှိကာ စိမ်းဝါသော အစေ့ရောင်ရှိသည်။ သီးတောင့်နှင့် ပန်းပွင့်များ ဆက်တိုက်သီးပွင့်သော မျိုးဖြစ်၍ ရင့်မှည့်ချိန်တွင် သီးတောင့်များအား သုံးကြိမ်ခန့်ကောက်သိမ်းနိုင်သည်။ မိုးကြို၊ မိုးနှင့် မိုးနှောင်း ရာသီမရွေး စိုက်ပျိုးနိုင်သော မျိုးဖြစ်သည်။ အဝါရောင်မှိုစေ့ရောဂါဒဏ်ကို ခံနိုင်ရည်ရှိသည်။ ထို့မှုမက ရွက်ပြောက်ရောဂါဒဏ်ကိုလည်း ခံနိုင်ရည်ရှိသောမျိုးဖြစ်ပါသည်။

**ပဲပုပ်သီးနှံသုတေသန**

ပဲပုပ်သီးနှံသည် ရှမ်းပြည်နယ်တွင် အဓိက စိုက်ပျိုးလျက်ရှိသော သီးနှံဖြစ်သည်။ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင်လည်း စိုက်ပျိုးသည်။ မြန်မာနိုင်ငံအောက်ပိုင်းဒေသများတွင် မြစ်ရေကျချိန် ကိုင်းကျွန်းများ၌လည်း စိုက်ပျိုးသည်။ ပဲပုပ်ချည်း သီးသန့်အဖြစ်လည်းကောင်း၊ အစေ့ထုတ်ပြောင်း၊ နေကြာသီးနှံတို့နှင့် သီးညှပ်အဖြစ်လည်းကောင်း စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

သုတေသနပြုထုတ်ဝေထားသည့် ရေဆင်းပဲပုပ်-၁၊ ရေဆင်းပဲပုပ်-၂၊ ရေဆင်းပဲပုပ်-၃၊ ရေဆင်းပဲပုပ်-၄ မျိုးများကို စိုက်ပျိုးကြောင်း သိရသည်။ ယခုအခါ စိုက်ပျိုးချိန်ရာသီနှင့် ဒေသကိုက်ညီမှုတို့အရ သုတေသနပြုထုတ်ဝေထားသော သင့်တော်သည့် မျိုးများစွာကို ရွေးချယ်စိုက်ပျိုးနိုင်ပြီဖြစ်ပါသည်။

ရေဆင်းပဲပုပ်-၃ အသက်ရက် ၈၅ ရက်မှ ရက် ၉၀ ဖြင့်ရိတ်သိမ်းနိုင်သည်။ တစ်ပင်ပါ သီးတောင့် ၄၀ မှ ၅၀ ရှိပြီး တစ်တောင့်ပါအစေ့မှာ သုံးစေ့ဖြစ်သည်။ ဆီပါဝင်မှု ရာခိုင်နှုန်းမှာ ၂၄ ဒသမ ၁၁ ဖြစ်သည်။ အစေ့အရောင်မှာ အဝါရောင်ရှိပြီး ချက် အရောင်မှာ အနက်ရောင်ဖြစ်ပါသည်။ အထွက်ကောင်းမျိုးဖြစ်ပြီး ဒေသမရွေး စိုက်ပျိုး နိုင်ပါသည်။

ရေဆင်းပဲပုပ်-၅ သက်တမ်းရက် ၁၁၀ မှ ၁၂၀ ရှိသည်။ တစ်ပင်ပါသီးတောင့် ၄၀ မှ ၅၀ သီးသည်။ တစ်တောင့်ပါ အစေ့သုံးစေ့ဖြစ်သည်။ ဆီပါဝင်မှု ရာခိုင်နှုန်း



မှာ ၂၂ ဒသမ ၁၁ ဖြစ်သည်။ အစေ့အရောင်မှာ အဝါရောင်ရှိပြီး ချက်အရောင်မှာ အနက်ရောင်ဖြစ်ပါသည်။ အထွက်ကောင်းမျိုးဖြစ်ပြီး အစေ့ကြီးကာ အသားဓာတ်ပါဝင်မှုများသော မျိုးဖြစ်ပါသည်။

ရေဆင်းပဲပုပ်-၆ သက်တမ်းအားဖြင့် ရက် ၉၀ မှ ၁၀၀ ရှိသည်။ တစ်ပင်ပါသီးတောင့် ၄၅ မှ ၅၅ ဖြစ်သည်။ တစ်တောင့်ပါအစေ့သုံးစေ့ဖြစ်သည်။ ဆီပါဝင်မှုရာခိုင်နှုန်းမှာ ၁၆ ဒသမ ၆၇ ဖြစ်သည်။ အစေ့အရောင်မှာ အဝါရောင်ရှိပြီး ချက်အရောင်မှာ အနက်ရောင်ဖြစ်ပါသည်။ တောင်ပေါ်မြေပြန့် ဒေသမရွေး စိုက်ပျိုးနိုင်သော အထွက်ကောင်းမျိုးဖြစ်ပါသည်။

ရေဆင်းပဲပုပ်-၁၁ အသက်ရက် ၁၁၀ မှ ရက် ၁၂၀ ဖြင့်ရိတ်သိမ်းနိုင်သည်။ တစ်ပင်ပါသီးတောင့် ၃၅ မှ ၅၀ သီးသည်။ တစ်တောင့်ပါအစေ့သုံးစေ့ဖြစ်သည်။ ဆီပါဝင်မှုရာခိုင်နှုန်းမှာ ၂၂ ဒသမ ၃၀ ဖြစ်သည်။ အစေ့အရောင်မှာ အဝါရောင်ရှိပြီး ချက်အရောင်မှာအနီရောင်ဖြစ်သည်။ ရှမ်းပြည်နယ်အတွက် သင့်တော်သော မျိုးဖြစ်ပါသည်။

ရေဆင်းပဲပုပ်- ၁၄ သက်တမ်းအားဖြင့် ၆၅ ရက်မှ ၈၅ ရက်ရှိသည်။ တစ်ပင်ပါသီးတောင့် ၄၅ မှ ၅၀ သီးပြီး တစ်တောင့်ပါအစေ့မှာ သုံးစေ့ဖြစ်သည်။ ဆီပါဝင်မှုရာခိုင်နှုန်း ၂၀ ဒသမ ၇၂ ရှိသည်။ အစေ့အရောင်မှာ အဝါရောင်ရှိပြီး ချက်အရောင်မှာ အဝါရောင်ဖြစ်သည်။ တောင်ပေါ်မြေပြန့် စိုက်ပျိုးနိုင်သော အထွက်ကောင်းမျိုးဖြစ်ပါသည်။

**ပဲစင်းငုံသီးနှံသုတေသန**

ပဲစင်းငုံသည် မိုးဦးသီးနှံအဖြစ် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းခြောက်သွေ့ဒေသများအတွက် အထူးသင့်တော်သော သီးနှံဖြစ်သည်။ ပဲစင်းငုံ၏ အမြစ်သည် မြေသို့နက်စွာ ရှည်လျားသောကြောင့် ရေငတ်ဒဏ်ကို ခံနိုင်ရည်ရှိပါသည်။

ပဲစင်းငုံမျိုးများအနေဖြင့် ရွှေဒင်္ဂါးနှင့် ငါးဆံပဲ သက်ကြီးပဲစင်းငုံမျိုးများကိုသာ စိုက်ပျိုးလေ့ရှိသည်။ သုတေသနပြုမျိုးမွေးမြူရွေးချယ်ရေးလုပ်ငန်းများမှ ဆောင်ရွက်ရရှိသည့် အလားအလာကောင်းသည့် သက်လျင်၊ သက်လတ်မျိုးများကို ရွေးချယ်စိုက်ပျိုးနိုင်ပြီဖြစ်ပါသည်။

ရေဆင်းပဲစင်းငုံ-၃ အပင်ပုံသဏ္ဍာန်မှာ ပင်ထောင်ဖြစ်သည်။ အသက်ရက် ၁၁၀ မှ ၁၂၀ ရှိသည်။ တစ်ပင်ပါသီးတောင့်အရေအတွက် ၂၀၀ မှ ၃၀၀ ဖြစ်ပြီး တစ်တောင့်ပါ အစေ့အရေအတွက် ၃ စေ့မှ ၄ စေ့ရှိသည်။ အစေ့အရောင်မှာ နီဝါရောင်ရှိပါသည်။ အလင်းရောင်တုံ့ပြန်မှု မရှိသောမျိုးဖြစ်သည်။ မိုးလယ်ရာသီတွင် အောင်မြင်စွာ စိုက်ပျိုးနိုင်ပြီး ညှိုးသေရောဂါနှင့် ပင်ဖိုရောဂါဒဏ်ခံနိုင်ရည်ရှိသည့် သက်လျင်အထွက်ကောင်းမျိုးဖြစ်ပါသည်။

ရေဆင်းပဲစင်းငုံ-၅ အသက်ရက် ၁၉၀ မှ ၂၀၀ ဖြင့် ရိတ်သိမ်းနိုင်သည်။အပင်ပုံသဏ္ဍာန်မှာ ပင်ပြန့်ယောင်ဖြစ်သည်။ တစ်ပင်ပါသီးတောင့်အရေအတွက် ၃၅၀ မှ ၄၀၀ သီးသည်။တစ်တောင့်ပါအစေ့အရေအတွက် ၃ စေ့မှ ၄ စေ့ရှိသည်။ အစေ့အရောင်မှာ နီဝါရောင်ဖြစ်သည်။ ညှိုးသေရောဂါနှင့် ပင်ဖိုရောဂါ ဒဏ်ခံနိုင်ရည်ရှိသည့် သက်လတ်မျိုးဖြစ်ပါသည်။

ရေဆင်းပဲစင်းငုံ-၆ အပင်ပုံသဏ္ဍာန်မှာ ပင်ပြန့်ယောင်ဖြစ်သည်။ သက်တမ်းအားဖြင့် ၂၁၀ ရက်မှ ရက် ၂၂၀ ရှိသည်။ တစ်ပင်ပါသီးတောင့်အရေအတွက် ၃၂၀ မှ ၄၀၀ သီးသည်။ တစ်တောင့်ပါအစေ့ အရေအတွက် ၃ စေ့မှ ၄ စေ့ရှိသည်။ အစေ့အရောင်မှာ နီဝါရောင် ဖြစ်ပါသည်။ မိုးခေါင်ဒဏ်ခံနိုင်သည်။ ဖိုးလမင်းနှင့် ခြပိုးဒဏ်ခံနိုင်သည်။ ထို့ပြင်ညှိုးသေရောဂါနှင့် ပင်ဖိုရောဂါဒဏ်ခံနိုင်ရည်ရှိသော သက်ကြီးမျိုး ဖြစ်သည်။ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွက် သင့်တော်သည်ဟု သိရပါသည်။

ရေဆင်းပဲစင်းငုံ-၇ အသက်ရက် ၁၈၀ မှ ၁၉၀ ရှိသည်။ အပင်ပုံသဏ္ဍာန်မှာ ပင်ပြန့်ယောင် ဖြစ်သည်။ တစ်ပင်ပါသီးတောင့်အရေအတွက် ၃၅၀ မှ ၄၀၀ သီးသည်။ တစ်တောင့်ပါအစေ့အရေအတွက် ၃ စေ့မှ ၄ စေ့ရှိသည်။ အစေ့အရောင်မှာ နီဝါရောင်ဖြစ်သည်။ တောင်ပေါ်မြေပြန့် ဒေသမရွေး စိုက်ပျိုးနိုင်သည့် သက်လတ် အထွက်ကောင်းမျိုးဖြစ်ပါသည်။

ရေဆင်းပဲစင်းငုံ-၉ အသက်ရက် ၁၈၀ မှ ၁၉၀ ဖြစ်သည်။ အပင်ပုံသဏ္ဍာန်မှာ ပင်ပြန့်ယောင် ဖြစ်သည်။ တစ်ပင်ပါသီးတောင့်အရေအတွက် ၃၅၀ မှ ၄၅၀ သီးသည်။ တစ်တောင့်ပါ အစေ့အရေအတွက် ၃ စေ့မှ ၄ စေ့ရှိသည်။ အစေ့အရောင်မှာ နီဝါရောင်ဖြစ်သည်။ တောင်ပေါ်မြေပြန့်ဒေသမရွေး စိုက်ပျိုးနိုင်သည့် သက်လတ်မျိုး ဖြစ်ပါသည်။

ရေဆင်းပဲစင်းငုံ- ၁၀ အပင်ပုံသဏ္ဍာန်မှာ ပင်ပြန့်ယောင်ဖြစ်သည်။ လင်းတာ တုံ့ပြန်မှုမရှိ၍ ရာသီမရွေး စိုက်ပျိုးနိုင်သည်။ စိုက်ချိန်ကိုလိုက်၍ သက်တမ်း ပြောင်းလဲနိုင်သည်။ ပျမ်းမျှအားဖြင့် ရက် ၉၀ မှ ၁၂၀ ရှိသည်။ တစ်ပင်ပါသီးတောင့် အရေအတွက် ၂၀၀ မှ ၂၅၀ သီးသည်။ တစ်တောင့်ပါ အစေ့အရေအတွက် ၃ မှ ၄ စေ့ရှိသည်။ အစေ့အရောင်မှာ နီဝါရောင်ဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများနှင့် ရှမ်းပြည်နယ်အတွက် သင့်တော်သည့် သက်လျင်အထွက် ကောင်းမျိုးဖြစ်သည်။ မိုးရာသီ ပထမသီးနှံအဖြစ် အခြေအနေမပေးသော ရာသီဥတုအခြေအနေတွင် ဒုတိယသီးနှံအဖြစ် စိုက်ပျိုးနိုင်ပါသည်။

မုံရွာရွှေဒင်္ဂါး အပင်ပုံသဏ္ဍာန်မှာ ပင်ထောင်ဖြစ်သည်။ သက်တမ်းရက် ၁၆၀ မှ ၁၈၀ ရှိသည်။ တစ်ပင်ပါသီးတောင့် ၂၀၀ မှ ၃၀၀ သီးပြီး တစ်တောင့်ပါအစေ့ ၃စေ့ မှ ၄ စေ့ရှိသည်။ အစေ့အရောင်မှာ နီဝါရောင်ဖြစ်သည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများအတွက် သင့်တော်ပြီး ညှိုးသေနှင့် ပင်ဖိုရောဂါ ဒဏ်ခံနိုင်ရည်ရှိသည့် သက်လျင်အထွက်ကောင်းမျိုးဖြစ်ပါသည်။

ညောင်ဦးရွှေဒင်္ဂါး အပင်ပုံသဏ္ဍာန်မှာ ပင်ပြန့်ယောင်ဖြစ်သည်။ အသက်ရက် ၁၉၀ မှ ၂၀၀ ရှိသည်။ တစ်ပင်ပါသီးတောင့် ၃၅၀ မှ ၄၀၀ သီးပြီး တစ်တောင့်ပါအစေ့ ၃ မှ ၄ စေ့ဖြစ်သည်။ အစေ့အရောင်မှာ နီဝါရောင်ရှိသည်။ မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းဒေသများအတွက် သင့်တော်ပြီး ဈေးကွက်ဝင်အစေ့အရည်အသွေးရှိကြောင်း သိရပါသည်။

**ပဲမျိုးစုံသီးနှံစိုက်ပျိုးခြင်း၏အကျိုးရလဒ်**

ပဲမျိုးစုံသီးနှံပင်များသည် အခြားသီးနှံပင်များနှင့်မတူပါ။ အမြစ်တွင်မြစ်ဖုများရှိသည်။ မြစ်ဖုများတွင် မြစ်ဖုဘက်တီးရီးယား (Rhizobia) များ နေထိုင်ကာ ပဲပင်အတွက် လေထဲမှနိုက်ထရိုဂျင်ကို ဖမ်းယူပေးသည်။ ပဲမျိုးစုံသီးနှံပင်များ ရိတ်သိမ်းပြီးချိန် မြေပေါ်၌ ကြွင်းကျန်ရစ်သော ပဲပင်၏ အကိုင်းအခက်အရွက်များနှင့် မြေအောက်ရှိအမြစ်များနှင့် မြစ်ဖုများဆွေးမြည့်သည့်အခါ ဆက်လက်စိုက်ပျိုးမည့် သီးနှံအတွက်နိုက်ထရိုဂျင်ကို ရရှိစေပြန်သည်။ မြေတွင် သြဂဲနစ်ပစ္စည်းကို ကြွယ်ဝစေကာ မြေဆီလွှာ၏ရုပ်ဂုဏ်သတ္တိကိုလည်း တိုးမြှင့်ပေးသည်။

ပဲမျိုးစုံသီးနှံကို သီးထပ်သီးညှပ်သီးနှံပုံစံများတွင် ပါဝင်စေကာ စိုက်ဧရိယာ တိုးတက်စိုက်ပျိုးခြင်းဖြင့် ဈေးနှုန်းကြီးမြင့်သော ဓာတုမြေသြဇာသုံးစွဲရန်လိုအပ်မှုကိုလည်း လျှော့ချနိုင်မည်။ ကုန်ကျစရိတ် အရင်းအနှီးများစွာစိုက်ထုတ်ရန်မလိုဘဲ အကျိုးအမြတ်ဝင်ငွေ ပိုမိုရရှိစေမည်။ စိုက်ပျိုးမြေဆီလွှာကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းနိုင်စေမည်။ မြန်မာ့စိုက်ပျိုးရေးသုတေသနမှ ထုတ်ဖော်ထားသည့် ပဲမျိုးစုံသီးနှံမျိုးများကို ဒေသနှင့် ရာသီအလိုက် သင့်တော်ရာကို ရွေးချယ်စိုက်ပျိုးခြင်းဖြင့် မြန်မာ့လယ်ယာ ဖွံ့ဖြိုးစေမှာ ဖြစ်ပါကြောင်း အသိပေးရေးသားအပ်ပါသည်။

**ပဲမျိုးစုံသီးနှံပင်များသည် အခြားသီးနှံပင်များနှင့်မတူပါ။ အမြစ်တွင်မြစ်ဖုများရှိသည်။ မြစ်ဖုများတွင် မြစ်ဖုဘက်တီးရီးယား(Rhizobia) များ နေထိုင်ကာ ပဲပင်အတွက် လေထဲမှ နိုက်ထရိုဂျင်ကို ဖမ်းယူပေးသည်။ ပဲမျိုးစုံသီးနှံပင်များ ရိတ်သိမ်းပြီးချိန် မြေပေါ်၌ ကြွင်းကျန်ရစ်သော ပဲပင်၏ အကိုင်းအခက်အရွက်များနှင့် မြေအောက်ရှိ အမြစ်များနှင့် မြစ်ဖုများ ဆွေးမြည့်သည့်အခါ ဆက်လက်စိုက်ပျိုးမည့် သီးနှံအတွက် နိုက်ထရိုဂျင်ကို ရရှိစေပြန်သည်။ မြေတွင် သြဂဲနစ်ပစ္စည်းကို ကြွယ်ဝစေကာ မြေဆီလွှာ၏ ရုပ်ဂုဏ်သတ္တိကိုလည်း တိုးမြှင့်**

# လူသားချင်းစာနာထောက်ထားမှုအရင်းတည် နှလုံးသားလှုကြက်ခြေနီ

**တက္ကသိုလ်ပွင့်သူအောင်**

**နှစ်စဉ်မေလ ၈ ရက်နေ့သည် “ကမ္ဘာ့ကြက်ခြေနီနေ့” (World Red Cross Day) ဖြစ်သည်။ ကမ္ဘာတစ်ဝန်း၌ လူသားတို့ကြောင့်ဖြစ်စေ၊ သဘာဝကြောင့်ဖြစ်စေ ဘေးအန္တရာယ်များပေါ်ပေါက်နေသည်။ အဆိုပါဘေးအန္တရာယ်များက လူသားတို့၏ အသက်အန္တရာယ်ကိုခြိမ်းခြောက်လျက်ရှိသည်။ လျှင်လှုပ်ခြင်း၊ ရေကြီးခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်း၊ မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များနှင့် လူအများကြုံတွေ့ရသည့်အခါ မေတ္တာ၊ ကရုဏာ၊ မုဒိတာနှင့် ဥပေက္ခာဟူသော လောကပါလတရားတို့ကို လက်တွေ့ကျင့်သုံးနေကြသူများထဲတွင် ကြက်ခြေနီအသင်းကြီးမှာ အထူးထင်ရှားလူသိများကြသည်။ ကြက်ခြေနီတပ်ဖွဲ့ဝင်တို့သည် ရန်သူမိတ်ဆွေမခွဲခြားဘဲ မေတ္တာထားနိုင်ကြသည်။ ဘေးဒုက္ခကြုံတွေ့နေရသူတို့အပေါ် ဖြူစင်သောစိတ်ဓာတ်၊ မြင့်မြတ်သော ကူညီမှုတို့ဖြင့်အသက်ကို ပဓာနမထားဘဲ ကရုဏာရိပ်၌ ချွေးသိပ်ခွင့်ပေးကြသည်။ ထို့ကြောင့် ကြက်ခြေနီလုပ်ငန်းကို ဆောင်ရွက်နေကြသူတို့သည် နှလုံးသား လှုနေသူများဖြစ်သည်။**

ကမ္ဘာ့ကြက်ခြေနီအသင်းကြီး၏ အခြေခံမူများဖြစ်သော လူသားချင်းစာနာခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်စွာဆောင်ရွက်ခြင်း၊ စေတနာ့ဝန်ထမ်း ဆောင်ရွက်ခြင်း၊ စည်းလုံးခြင်းနှင့် တစ်ကမ္ဘာလုံး တန်းတူရည်တူ လုပ်ကိုင်ခြင်းတို့ဖြစ်သည်။ ကြက်ခြေနီ၏ သမိုင်းနောက်ခံကိုကြည့်လျှင် လွန်ခဲ့သော ၁၈၅၉ ခုနှစ် ဇွန်လ ၂၄ ရက်နေ့၌ အီတလီနိုင်ငံမြောက်ဘက်ရှိ “ဆိုဖာရီနို” ဟု ခေါ်သော ကျေးရွာအနီးတွင် ပြင်သစ်နှင့် ဩစတြီးယားတပ်များ ပြင်းထန်စွာတိုက်ခိုက်နေကြသည်။ တိုက်ပွဲစတင်ဖြစ်ပွားချိန်မှ ၁၆ နာရီအကြာတွင် သေကျေဒဏ်ရာရရှိသူ လေးသောင်းကျော်ခန့်သည် စစ်မြေပြင်တစ်ခုလုံး မြင်မကောင်းအောင် ပြန့်ကျဲလျက်ရှိသည်။ ထိုနေ့ညနေခင်းမှာပင် ဆွစ်ဇာလန်နိုင်ငံသားဖြစ်သူ “ဟင်နရီဒူးနန့်” သည် စီးပွားရေးကိစ္စတစ်ခုဖြင့် ခရီးထွက်ခွာလာရင်း ယင်းဒေသကို ဖြတ်ကျော်ရောက်ရှိခဲ့သည်။ စစ်မြေပြင်ပေါ်တွင် ထောင်ပေါင်းများစွာသော စစ်သားများသည် ဆေးဝါးကုသပြုစုစောင့်ရှောက်ပေးမှု တစ်စုံတစ်ရာမရှိဘဲ ဒဏ်ရာဒဏ်ချက်များဖြင့် ဝေဒနာခံစားနေသည့် မြင်ကွင်းက ဟင်နရီဒူးနန့်ကို ထိတ်လန့်တုန်လှုပ်စေခဲ့သည်။ ထို့ကြောင့် ဟင်နရီဒူးနန့်သည် ဒေသခံ ကျေးရွာသူ ကျေးရွာသားများအား သူ့ကိုကူညီ၍ ဒဏ်ရာရရှိနေကြသည့် စစ်သည်များကို ကူညီပြုစုပေးရန် မေတ္တာရပ်ခံခဲ့သည်။

ထို့နောက် ဟင်နရီဒူးနန့်သည် ဆွစ်ဇာလန်နိုင်ငံသို့ ပြန်ရောက်သောအခါ “ဆိုဖာရီနိုအောက်မေ့ဖွယ်”စာအုပ်ကို ရေးသားထုတ်ဝေခဲ့သည်။

ယင်းစာအုပ်ထဲတွင် ဟင်နရီဒူးနန့်က မေတ္တာရပ်ခံချက်နှစ်ခုကို လေးလေးနက်နက်တင်ပြထားသည်။ ထိုတင်ပြချက်နှစ်ခုမှာ စစ်ဖြစ်ချိန်တွင် ဒဏ်ရာရသူများကို ပြုစုစောင့်ရှောက်ပေးရေးအတွက် အရန်အသင့်ဖြစ်စေရန် သူနာပြုများပါဝင်သော ကယ်ဆယ်ရေးအဖွဲ့များကို ငြိမ်းချမ်းရေးကာလတွင်ပင် ဖွဲ့စည်းထားရန်နှင့် စစ်-ဆေးတပ်ဖွဲ့များအား အကူအညီပေးရန် ဆင့်ခေါ်ထားသော စေတနာ့ဝန်ထမ်းလုပ်အားရှင်များအား အပြည်ပြည်ဆိုင်ရာ သဘောတူညီမှုတစ်ရပ်ဖြင့် အသိအမှတ်ပြုရန်နှင့် အကာအကွယ်ပေးရန်တို့ပင်ဖြစ်သည်။ ထိုကဲ့သို့ ဟင်နရီဒူးနန့်၏ မေတ္တာရပ်ခံချက်များကြောင့် ၁၈၆၃ ခုနှစ်၌ ဂျီနီဗာလူမှုဖူလုံရေးအသင်းဟု လူသိများသော ကုသိုလ်ဖြစ်အသင်းသည် ငါးဦးကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းခဲ့ရာ ယင်းအသင်း၌ ဟင်နရီဒူးနန့်လည်း ပါဝင်ခဲ့သည်။ ထိုကော်မရှင်သည် ဒဏ်ရာရရှိထားသူများအား ပြုစုစောင့်ရှောက်ရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ ကော်မတီ (International Committee for Relief to the Wounded) ကိုဖွဲ့စည်းလိုက်သည်။ ယင်းကော်မတီသည် နောက်ပိုင်း၌ “အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ” (International Committee of the Red Cross -ICRC) ဖြစ်လာခဲ့သည်။ ယင်းငါးဦးကော်မရှင်၏ ဖိတ်ကြားချက်အရ နိုင်ငံပေါင်း ၁၆ နိုင်ငံနှင့် ပရဟိတအသင်း လေးသင်းတို့သည် ၁၈၆၃ ခုနှစ် အောက်တိုဘာလ ၂၆ ရက်နေ့၌ ဂျီနီဗာတွင် ကျင်းပသော အပြည်ပြည်ဆိုင်ရာညီလာခံသို့ ၎င်းတို့၏ကိုယ်စားလှယ်များကို စေလွှတ်ခဲ့သည်။

ထိုအပြည်ပြည်ဆိုင်ရာညီလာခံမှ ဆွစ်ဇာလန်နိုင်ငံတော်အလံကို အရောင်များပြောင်းပြန်ပြုလုပ်၍ အဖြူရောင်နောက်ခံပေါ်၌ အနီရောင်ကြက်ခြေနီပါရှိသည့် သင်္ကေတကို သတ်မှတ်ခဲ့ရာမှ ကြက်ခြေနီဟူ၍ စတင်ပေါ်ပေါက်လာခဲ့သည်။ ထို့နောက် ကြက်ခြေနီအမှတ်အသားကို အသုံးပြုရန် ၁၈၆၄ ခုနှစ်တွင် ကျင်းပသည့် ဂျီနီဗာပထမအကြိမ် သံတမန်များဆိုင်ရာညီလာခံက ချမှတ်ခဲ့သည်။ အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ၏ အခြေခံဖြစ်သော ၁၉၄၉ခုနှစ် ဂျီနီဗာသဘောတူညီချက်အရ ဤအမှတ်အသားကိုပင် ဆက်လက်အသုံးပြုခဲ့ကြသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) သည် ၁၈၆၃ခုနှစ်က စတင်ဖွဲ့စည်းခဲ့၍ ယခုအခါနှစ်ပေါင်း (၁၅၄)နှစ်ရှိခဲ့ပြီဖြစ်သည်။ ကမ္ဘာ့နိုင်ငံပေါင်း ၈၈ နိုင်ငံတွင်လူမျိုးပေါင်း (၂၅) မျိုးကို ကိုယ်စားပြုသည့် ဝန်ထမ်းပေါင်း ၁၃၀၀၀ ခန့်ဖြင့် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီသည် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ နိုင်ငံတကာအဖွဲ့အစည်းကြီး တစ်ရပ်အဖြစ် ထီးထီးမားမားရပ်တည်လျက်ရှိသည်။ ယင်း ICRC ကိုစတင်တည်ထောင်ခဲ့သူနှင့် ပထမဆုံးသောငြိမ်းချမ်းရေး နိုဘယ်ဆုရှင် ဟင်နရီဒူးနန့်အား ဂုဏ်ပြုသောအားဖြင့် ၎င်း၏မွေးနေ့ဖြစ်သည့် မေလ ၈ ရက်(၁၈၂၈ခုနှစ်မေလ ၈ရက်) ကို ကမ္ဘာ့ကြက်ခြေနီနေ့ဟု ဂုဏ်ပြုသတ်မှတ်ခဲ့ခြင်းပင်ဖြစ်သည်။

ယနေ့ကမ္ဘာတွင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုကြီးကို (က) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ၊ (ခ) အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၊ (ဂ) အမျိုးသားကြက်ခြေနီနှင့် လခြမ်းနီအသင်းများဖြင့် ဖွဲ့စည်းထားသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီ (ICRC) သည် ဘက်လိုက်မှုကင်း၍ ကြားနေပြီး လွတ်လပ်စွာ ရပ်တည်သောအဖွဲ့အစည်းတစ်ခုပင်ဖြစ်သည်။ ကော်မတီ၏လုပ်ငန်းတာဝန်မှာ လူသားချင်း စာနာထောက်ထားမှုလုပ်ငန်းများ ဆောင်ရွက်ရာ၌ စစ်မက်ပဋိပက္ခများနှင့် ပြည်တွင်းအကြမ်းဖက်မှုများကြောင့် ဒုက္ခရောက်နေသူများ၏ အသက်နှင့် လူ့သိက္ခာတို့ကို အကာအကွယ်ပေးရန်နှင့် လိုအပ်သော အထောက်အပံ့များပေးရန်ဖြစ်သည်။ ထို့အပြင် အပြည်ပြည်ဆိုင်ရာကြက်ခြေနီကော်မတီ၏ များပြားကျယ်ဝန်းလှသော လုပ်ငန်းတာဝန်များ အနက် ပဋိပက္ခကြောင့် သို့မဟုတ် စစ်ပွဲများကြောင့် မသန်စွမ်းဖြစ်သွားရသူများအား လူ့အဖွဲ့အစည်းအတွင်း ပြန်လည်ဝင်ဆံ့နိုင်ရေးအတွက် ကိုယ်ကာယ ပြန်လည်သန်စွမ်းရေး အစီအစဉ်များလည်း ပါဝင်သည်။ ICRC သည် လူသားချင်းစာနာမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်မှုများကို အသစ်သစ်သော ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့နိုင်ငံတိုင်းလိုလိုက ထောက်ခံအတည်ပြုထားသော စည်းမျဉ်းစည်းကမ်းများကို အပြည်ပြည်ဆိုင်ရာ လူသားချင်းစာနာထောက်ထားမှု ဥပဒေ (International Humanitarian Law-IHL) ဟုခေါ်သည်။ ဂျီနီဗာ သဘောတူစာချုပ်များသည် အဆိုပါဥပဒေ၏ အဓိက သဘောတူစာချုပ်များဖြစ်ကာ မြန်မာနိုင်ငံအပါအဝင် ၁၉၅ နိုင်ငံက ပါဝင်လက်မှတ်ရေးထိုးကြသည်။

မျက်မှောက်ခေတ်ကာလတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုသည် နိုင်ငံအားလုံးနီးပါး၌တည်ရှိပြီး ယုံကြည်မှုအပြည့်အဝ ကိုယ်စီဖြင့် လုပ်ငန်းများကို တက်ကြွစွာဆောင်ရွက်နေကြသည်။ ယင်းအဖွဲ့များတွင် အဖွဲ့ဝင်နှင့် စေတနာလုပ်အားရှင်ပေါင်း သန်း ၁၀၀ ခန့် ပါဝင်လှုပ်ရှားလျက်ရှိသည်။ အထူးသဖြင့် ကြက်ခြေနီ၏ အခြေခံမူခုနစ်ချက်မှာ လူသားချင်းစာနာထောက်ထားခြင်း၊ ခွဲခြားမှုမရှိခြင်း၊ ကြားနေခြင်း၊ လွတ်လပ်မှုရှိခြင်း၊ စေတနာ့ဝန်ထမ်းအကျိုးဆောင်ခြင်း၊ စည်းလုံးညီညွတ်ခြင်း၊ ကမ္ဘာတစ်ဝန်းပျံ့နှံ့ခြင်းတို့ဖြစ်ရာ ယင်းအခြေခံမူ ခုနစ်ချက်တို့ကြောင့် ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုသည် စည်းလုံးညီညွတ်မှု၊ ယုံကြည်မှုတို့ရှိနေပြီး ထိုအခြေခံများက လမ်းညွှန်ထားသည့်အတိုင်း လူမှုကရုဏာလုပ်ငန်းများကို ဆောင်ရွက်နေခြင်းပင်ဖြစ်သည်။

မြန်မာနိုင်ငံကြက်ခြေနီအသင်းသည် အိန္ဒိယနိုင်ငံ ကြက်ခြေနီအသင်း၏ အသင်းခွဲအနေဖြင့် ၁၉၂၀ ပြည့်နှစ်၌ စတင်ဖွဲ့စည်းခဲ့သည်။ ထို့နောက် ၁၉၃၇ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီအသင်းအဖြစ် သီးခြားရပ်တည်ခဲ့သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို စတင်တည်ထောင်ခဲ့သည့် ၁၉၂၀ ပြည့်နှစ်မှ စတင်ရေတွက်ပါက ယခုနှစ်တွင် နှစ်ပေါင်း ၉၀ ရှိခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းကို နိုင်ငံတစ်ဝန်းရှိ ဘေးဒုက္ခကျရောက်လွယ်သူများနှင့် ဘေးအန္တရာယ် ကျရောက်နေသူများ



အတွက် အများပြည်သူတို့ ကိုယ်တိုင်ပါဝင်ဆောင်ရွက်သော လူမှုကရုဏာလုပ်ငန်းများကို အချိန်အခါမရွေး လုပ်ဆောင်သည့် ထိပ်တန်းအဖွဲ့အစည်းဖြစ်စေရန် မျှော်မှန်းချက်ဖြင့် ဖွဲ့စည်းခဲ့ခြင်းပင်ဖြစ်သည်။ အသင်းကြီး၏ ဆောင်ပုဒ်အဖြစ် “ဆင်းရဲဒုက္ခ နည်းပါးသက်သာစေရန်” ဟူသည့် ရည်ရွယ်ချက်ထားရှိခဲ့သည်။ ထို ရည်ရွယ်ချက်များ အောင်မြင်စေရန် လုပ်ငန်းစဉ် (၃)ရပ် ဖြစ်သော ကျန်းမာရေးမြှင့်တင်ရန်၊ ရောဂါဘေးကာကွယ် တားဆီးရန်နှင့် ဘေးဒုက္ခကျရောက်သူများကို ကူညီပေးရန်တို့ကို ချမှတ်ပေးခဲ့သည်။ မြန်မာနိုင်ငံကြက်ခြေနီအသင်းကြီးသည် ၁၉၄၆ ခုနှစ်၌ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီအသင်းများ ဖက်ဒရေးရှင်း၏ အဖွဲ့ဝင်အသင်းတစ်သင်း ဖြစ်လာခဲ့သည်။ ထို့နောက် ၁၉၄၈ ခုနှစ်၌ မြန်မာနိုင်ငံလွတ်လပ်ရေးရရှိခဲ့ပြီးသည့်နောက်ပိုင်း ၁၉၄၉ ခုနှစ်တွင် ဂျီနီဗာအစည်းအဝေးကြီး၏ ဆုံးဖြတ်ချက်များနှင့်လည်းကောင်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေနှင့် ကိုက်ညီစေရန်လည်းကောင်း၊ မြန်မာနိုင်ငံ ကြက်ခြေနီ အသင်းကြီး၏ ဖွဲ့စည်းပုံစည်းမျဉ်းဥပဒေကို တရားလွှတ်တော်၏ ခွင့်ပြုချက်အရ ပြင်ဆင်ခဲ့သည်။ နိုင်ငံတော် အစိုးရမှ ၁၉၅၉ ခုနှစ်တွင် မြန်မာနိုင်ငံကြက်ခြေနီ အသင်းအက်ဥပဒေကို ပြဋ္ဌာန်းပေးကာ အမြဲတမ်းလူမှုကရုဏာအသင်းအဖြစ် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့သည်။

ထိုစဉ်က မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌအဖြစ် မြန်မာနိုင်ငံတော် တရားဝန်ကြီး ဆာဘဦး(နောင် မြန်မာနိုင်ငံ၏ ဒုတိယမြောက် သမ္မတကြီး ဒေါက်တာဘဦး) ကလည်းကောင်း၊ ၁၉၅၂ ခုနှစ်တွင် ဒေါက်တာဘဦး သမ္မတကြီးဖြစ်လာ၍ ကြက်ခြေနီအသင်းဥက္ကဋ္ဌအဖြစ် တရားလွှတ်တော်တရားဝန်ကြီး ဦးအောင်ခိုင်က ဆောင်ရွက်ခဲ့သည်။ ထို့နောက် စာရင်းစစ်ချုပ် ဦးစန်းမောင်၊ ဆေးတက္ကသိုလ်-၂ ပါမောက္ခချုပ် (အငြိမ်းစား)ဒေါက်တာ သာလှရွှေတို့က ဆက်လက်ဆောင်ရွက်ခဲ့ကြသည်။ မြန်မာနိုင်ငံကြက်ခြေနီ အသင်းဥပဒေကို ၂၀၁၅ ခုနှစ် ဩဂုတ်လ ၂၆ ရက်နေ့တွင် ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅၂)ဖြင့် ပြဋ္ဌာန်းခဲ့ရာ အဆိုပါ ဥပဒေအခန်း(၂) ပုဒ်မ-၄ တွင် “နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ နာယကဖြစ်သည်” ဟူ၍ ဖော်ပြထားသဖြင့် နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် မြန်မာနိုင်ငံ ကြက်ခြေနီအသင်းနာယကဖြစ်သည်။ နိုင်ငံတော်သမ္မတ ဦးထင်ကျော်သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၇ ရက်နေ့၌ မြန်မာနိုင်ငံကြက်ခြေနီအသင်းဥက္ကဋ္ဌ ပါမောက္ခ ဒေါက်တာမြသူနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များအား နိုင်ငံတော်သမ္မတအိမ်တော်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံ ခဲ့ပြီးနောက် နိုင်ငံတော်သမ္မတသည် မြန်မာနိုင်ငံကြက်ခြေနီ အသင်း၏ ရာသက်ပန်အသင်းဝင်အဖြစ် ဝင်ရောက်ပြီး အလှူငွေကျပ်တစ်သိန်းပေးအပ်လှူဒါန်းခဲ့သည်။

မြန်မာနိုင်ငံကြက်ခြေနီအဖွဲ့ဝင်များသည် ဆင်းရဲဒုက္ခနည်းပါးသက်သာစေရန်ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဒုက္ခအခက်အခဲရောက်နေသူ၊ ထိခိုက်ဒဏ်ရာရနေသူ စသည့် အကူအညီလိုအပ်နေသော မည်သူမဆို၊ လူမျိုးမရွေး၊ ဘာသာမရွေး၊ အယူတ်အလတ် အမြတ်မရွေး ၊ အရွယ်မရွေး၊ အချိန်အခါမရွေး၊ နေရာမရွေး ကယ်တင်ကူညီဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ သမိုင်းတစ်လျှောက်တွင် စွန့်လွှတ်စွန့်စားပြီး ကိုယ့်ကျိုးစွန့် အနစ်နာခံကာ ကူညီကယ်တင်စောင့်ရှောက်ခဲ့သည့် ဖြစ်စဉ်များ မြောက်မြားစွာရှိခဲ့သည်။ ထိုဖြစ်စဉ်ထဲမှ ကမ္ဘာ့သမိုင်းဝင်၊ ကမ္ဘာ့ကြက်ခြေနီသမိုင်းဝင်ဖြစ်စဉ်တစ်ခုမှာ ၁၉၇၆ ခုနှစ် ဇန်နဝါရီလ ၁၁ ရက်နေ့၌ ကချင်ပြည်နယ် မြစ်ကြီးနားမြို့ ခတ်ချိုကျေးရွာအနီး တပ်မတော်ယာဉ်တစ်စီး ဧရာဝတီမြစ်အတွင်းသို့ ထိုးကျတိမ်းမှောက်သွားခဲ့ရာ ထိုအချိန်က ကြက်ခြေနီတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် စိုင်းအောင်လှိုင်မြင့်က ဧရာဝတီမြစ်အတွင်း ယာဉ်နှင့်အတူ ရေနစ်နေသော ယာဉ်မောင်းရဲဘော်ခင်မောင်အေးကို ရေခဲတမျှအေးနေသည့် ဧရာဝတီမြစ်အတွင်းဆင်း၍ သက်စွန့်ဆံဖျား ကယ်ဆယ်၍ ရှေးဦးသူနာပြုစုပေးခဲ့သဖြင့် ရဲဘော်ခင်မောင်အေးမှာ အသက်ရှင်သွားခဲ့သည်။ ထိုဖြစ်စဉ်အတွက် ၁၉၇၇ ခုနှစ် ရိုမေနီးယားနိုင်ငံ ဘူခါရက်မြို့၌ ကျင်းပခဲ့သည့် (၂၃)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီညီလာခံတွင် စိုင်းအောင်လှိုင်မြင့်အား “ဟင်နရီဒူးနန့်ဆုတံဆိပ်” ချီးမြှင့်ခဲ့သည်။

ထို့အတူ ၂၀၁၅ ခုနှစ်က ရှမ်းပြည်နယ်မြောက်ပိုင်း လောက်ကိုင်ခရိုင် မြန်မာနိုင်ငံကြက်ခြေနီတပ်ဖွဲ့ဝင်များ၏ ဆောင်ရွက်ချက်များကို ဂုဏ်ယူလေးစားဖွယ်ရာ ပြည်သူတို့က အသိအမှတ်ပြုခဲ့ကြသည်။ အထူးသဖြင့် ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီလ ၁၇ ရက်နေ့၌ လောက်ကိုင်တိုက်ပွဲရှောင်ပြည်သူများအား ကြက်ခြေနီအလံလွှင့်ထူထားသော မော်တော်ယာဉ်များနှင့် ကြက်ခြေနီဝတ်စုံဝတ်ဆင်ပြီး သွားရောက်ကူညီကယ်ဆယ်နေစဉ် ပါစင်ကျော်နှင့် ချင်းရွှေဟော်ကြားရောက်ရှိခဲ့ရာ ကိုးကန့်သောင်းကျန်းသူအဖွဲ့က ချုံခိုပစ်ခတ်တိုက်ခိုက်မှုကြောင့် ယာဉ်ပေါ်ပါ ကြက်ခြေနီတပ်ဖွဲ့ဝင်များအပါအဝင် တိုက်ပွဲရှောင်ပြည်သူတချို့ ထိခိုက်ဒဏ်ရာရရှိခဲ့ကြပြီး ၎င်းတို့အထဲမှ ကွမ်းလုံမြို့နယ် ကြက်ခြေနီအသင်းမှ ဒုတိယအရာခံဗိုလ် ဦးမိုးကျော်သန်းမှာ ရရှိခဲ့သည့်ဒဏ်ရာဖြင့် ကွယ်လွန်သွားခဲ့သည်။ ထို့ကြောင့် ကြက်ခြေနီလူမှုကရုဏာလုပ်ငန်းများတွင် မေတ္တာ၊ ကရုဏာ၊ စေတနာတို့ဖြင့် သက်စွန့်ကြိုးပမ်းဆောင်ရွက်နေကြသည့် နှလုံးသားအလှုပိုင်ရှင်ကြက်ခြေနီမောင်မယ်များအား ဂုဏ်ပြုရေးသားလိုက်ရပါသည်။

**မျက်မှောက် ခေတ်ကာလတွင် အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီနှင့် လခြမ်းနီလှုပ်ရှားမှုသည် နိုင်ငံအားလုံး နီးပါး၌ တည်ရှိပြီး ယုံကြည်မှု အပြည့်အဝ ကိုယ်စီဖြင့် လုပ်ငန်းများကို တက်ကြွစွာ ဆောင်ရွက်နေကြသည်။ ယင်းအဖွဲ့များတွင် အဖွဲ့ဝင်နှင့် စေတနာလုပ်အားရှင်ပေါင်း သန်း၁၀၀ ခန့် ပါဝင်လှုပ်ရှားလျက်ရှိသည်။**

# သမိုင်းမှတ်တမ်း မင်စာများ

မောင်သာ(ရှေးဟောင်းသုတေသန)

လူသားများသည် ဂူများအတွင်းနေထိုင်ခဲ့ကြသည့် ကျောက်ခေတ်ကာလများမှာပင် မိမိတို့နေထိုင်ရာ ဂူနံရံများတွင် ရုပ်ပုံများကို ရေးဆွဲခဲ့ကြရာ မြန်မာနိုင်ငံရှိ ပြဒါးလင်းဂူ အပါအဝင် ကျောက်ခေတ်ထွန်းကားခဲ့သည့် နိုင်ငံဒေသများမှ ကျောက်ဂူအချို့တွင် ကျောက်ခေတ်လူသားများရေးဆွဲခဲ့ကြသည့် ရုပ်ပုံများကို တွေ့ရှိကြရပေသည်။

စာအရေးအသား ပေါ်ပေါက်လာချိန်တွင် လူသားများသည် မိမိတို့သုံးစွဲသည့် အက္ခရာ သင်္ကေတများအလျောက် ကျောက်တုံးများ၊ အိုးများ၊ ဒင်္ဂါးများ စသည့် အမာထည်ပစ္စည်းများပေါ်တွင် စာများရေးသားခဲ့ကြသည်။ ထို့ကြောင့် ခေတ်ဟောင်းသမိုင်းကို လေ့လာကြရာတွင် ကျောက်စာများသည် ခိုင်မာသောအထောက်အထားများ ဖြစ်လာခဲ့သည်။ နောက်ပိုင်းတွင် စာပေအမှတ်အသားများကို ပေရွက်၊ ထန်းရွက်များပေါ်တွင် ရေးသားခဲ့ကြပြီး စက္ကူပေါ်ပေါက်လာချိန်တွင် စာအရေးအသားသည် များစွာဖွံ့ဖြိုးလာခဲ့သည်။

**မင်နှင့် မင်စာ**

မင်စာဟူသည် မင်ဖြင့်ရေးသားထားသည့်စာဖြစ်ပြီး မြန်မာအဘိဓာန်တွင် မင်ကို ရေးခြစ်၊ ပုံနှိပ်ထိုးနှံ့ရာတွင်သုံးသော အရောင်ရှိအရည်၊ အစေးဟု အနက်ဖွင့်ဆိုကာ မင်စာကို မင်ဖြင့်ရေးသားထားသည့်စာ၊ ဘုရားပုထိုးနံရံ စသည်တို့တွင် ကြာရှည်ခံမင်ဖြင့် ရေးသားထားသည့်စာဟု အဓိပ္ပာယ်ဖွင့်ဆိုသည်။ မင်သည် ပါဠိဝေါဟာရ မသိမှ ဆင်းသက်လာကြောင်းလည်း ဖော်ပြထားသည်။

ကမ္ဘာပေါ်တွင် စာရေးသားမှုပေါ်ပေါက်လာချိန်မှစ၍ လူများသည် စာရေးရမည့် ပစ္စည်းများနှင့် တစ်ခါရေးထားလျှင် ကြာရှည်ခံမည့်ပစ္စည်းများကို တီထွင်ရန်ကြိုးပမ်းခဲ့ကြသည်။ တရုတ်နိုင်ငံ၌ စက္ကူတီထွင်ပြီးချိန်တွင် စက္ကူပေါ်တွင်ရေးသားရမည့်မင်ကို တီထွင်ခဲ့ရာ မည်သည့်အချိန်တွင် မင်ကို တီထွင်ခဲ့သည်ဟု အတိအကျ မပြောနိုင်သော်လည်း လွန်ခဲ့သော နှစ် ၄၀၀၀ က မင်ဖြင့် ရေးသားခဲ့သည့် လက်ရေးစာမူတစ်ခုကို အီဂျစ်နိုင်ငံတွင် တွေ့ရှိခဲ့ရကြောင်း မြန်မာ့စွယ်စုံကျမ်းတွင် ရေးသားထားသည်။

ရှေးအခါက မင်ကို မီးသွေးမှုန့်နှင့်ကော် ရောစပ်ပြုလုပ်ခဲ့ကြောင်း ယူဆခဲ့သည်။ ခရစ်တော်မပေါ်မီ နှစ် ၁၂၀၀ က တရုတ်နိုင်ငံတွင် တီထွင်ဖော်စပ်ခဲ့သည့် မင်တစ်မျိုးသည် ဆီမှိုင်းကို နွားသားရေ၊ မြည်းသားရေတို့မှ ရရှိသောကော်နှင့် ရောစပ်၍ ပျစ်ပျစ်နယ်ကာ အခဲများ၊ အတောင့်များပြုလုပ်၍ သုံးစွဲခဲ့သည်။ ယင်းမင်တောင့်များသည် တရုတ်နိုင်ငံနှင့် ဂျပန်နိုင်ငံတို့တွင် ယခုတိုင် ပန်းချီဆရာအချို့ သုံးစွဲနေသည့် ပုံဆွဲမင်နက်ဖြစ်ပေသည်။

နေရောင်ထိသော်လည်း အရောင်မှိန်သွားခြင်းမရှိသည့်မင်ကို ရာစုနှစ်ပေါင်းများစွာကပင် သစ်ဖုများမှ ထုတ်လုပ်ခဲ့ကြသည်။ ဆူနေသည့်ရေတစ်ဂါလန်တွင် သစ်ဖု မှုန့်တစ်ပေါင်ထည့်၍ ၂၄ နာရီကြာစိမ်ထားပြီး ယင်းအရည်ထဲသို့ ဒုတ္ထာစိမ်း (ဖဲရပ်စ်ဆာလဖိတ်) ငါးအောင်စ၊ ထနောင်းစေးရည် သုံးအောင်စနှင့် ကာဗိုလစ်အက်ဆစ်အနည်းငယ်ထည့်ခြင်းဖြင့် အကောင်းစားမင်ရည်ကို ရရှိနိုင်ကြောင်း ဖတ်ရှုရပေသည်။



**မြန်မာနိုင်ငံနှင့် မင်စာ**

မြန်မာနိုင်ငံရှိ ရှေးခေတ် စေတီ၊ ပုထိုး၊ ဥမင်၊ ဂူ၊ တန်ဆောင်း၊ ကုလားကျောင်းနံရံများပေါ်တွင် ဗုဒ္ဓဝင်ဇာတ်နိပါတ်များကို ပန်းချီသရုပ်ဖော်ပုံများနှင့်အတူ မူလကုသိုလ်ရှင်၏ ဆုတောင်းများကို မင်ဖြင့်ရေးသားလေ့ရှိခဲ့သည်။ ထို့ကြောင့် ပုဂံခေတ်မှစ၍ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ညောင်ရမ်း၊ ကုန်းဘောင်ခေတ်များအတွင်း မင်ဖြင့်ရေးသားခဲ့သည့်စာများကို မြန်မာနိုင်ငံ နေရာအနှံ့တွင် တွေ့ရှိနိုင်ကြပေသည်။

မင်စာသည် ဘုရား၊ ဂူ၊ ကျောင်းနံရံများတွင် ရေးဆွဲထားသည့် ဇာတ်နိပါတ်တော်များ၊ ဇာတာခွင်များ၊ အကြောင်းအရာ မှတ်တမ်းများကို မင်ဖြင့်ရေးသားထားသည့် စာများ၊ ဆွဲပုံများ ဖြစ်သည်။ မင်စာများကို ပုဂံ၊ စလေ၊ ပခန်းငယ်၊ စစ်ကိုင်း၊ ပခုက္ကူ၊ အင်းဝ၊ တံတားဦး၊ အမရပူရ၊ မုံရွာ၊ ချောင်းဦးစသည့် ဒေသများရှိ ဘုရားတန်ဆောင်းကျောင်းကန်များတွင် အများဆုံး တွေ့ရှိနိုင်သည်။ ပုဂံတွင် လောကထိပ်ပန်၊ ဂူပြောက်ငယ်၊ လေးမျက်နှာ၊ ဓမ္မရံကြီး၊ သမ္ဗူလ၊ စူဠာမဏိ အစရှိသည့် ဂူဘုရားများတွင် မင်စာများကို အများအပြားတွေ့ရှိကြရသည်။ မင်စာများကို မြန်မာဘာသာဖြင့်သာမက ပါဠိဘာသာ၊ မွန်ဘာသာများဖြင့်လည်း ရေးသားခဲ့ကြသည်။

ကျောက်စာ၊ မင်စာ၊ ပေ၊ ပုရပိုက်များသည် မြန်မာနိုင်ငံ၏ သမိုင်းအထောက်အထားများဖြစ်ကြပေရာ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနက မြန်မာနိုင်ငံအတွင်းရှိမင်စာများကို ကူးယူစုဆောင်း၍ စာအုပ်များ ပုံနှိပ်ထုတ်ဝေခဲ့သည်။

မင်စာများကို အကြမ်းအားဖြင့် မူလထိုးမင်စာနှင့် နောက်ထိုးမင်စာဟု နှစ်မျိုးခွဲခြားနိုင်သည်။ သာသနိက အဆောက်အအုံများ မူလစတင်တည်ဆောက်ခဲ့စဉ်က အလှူရှင်များသည် အဆောက်အအုံများအတွင်း နှစ်ကျိပ်ရှစ်ဆူ၊ ၅၅၀ ဇာတ်တော်မှ ဇာတ်ကွက်များ၊ ဇာတ်ကြီး ၁၀ ဘွဲ့၊ အောင်ခြင်းရှစ်ပါး အစရှိသည့် ဗုဒ္ဓသာသနာဆိုင်ရာ ဗုဒ္ဓဝင်၊ မဟာဝင် ပန်းချီသရုပ်ဖော်မှုများကို လှပတင့်တယ်စွာ ရေးဆွဲခဲ့ကြသည်။ သရုပ်ဖော်ပန်းချီကားများ၏အောက်တွင်လည်း ရုပ်ပုံနှင့်သက်ဆိုင်သည့် အကြောင်းအရာများကို မင်ဖြင့် ရေးသားလေ့ရှိခဲ့သည်။

ထိုသို့ ရေးသားခဲ့ကြသည့် စာသားများ၊ စာတန်းများသည် မူလ သာသနိက အဆောက်အအုံ တည်ထားစဉ်က ရေးထိုးခဲ့သည့် မင်စာများဖြစ်သောကြောင့် မူလထိုးမင်စာဟု ခေါ်ဆိုသည်။ မူလအဆောက်အအုံကို နောင်အချိန်တွင် ပြင်ဆင်မွမ်းမံမှုများရှိခဲ့ရာ ပျက်စီးယိုယွင်းသော ဗုဒ္ဓရုပ်ပွားတော်များ၊ ဘုရား၊ ဂူကျောင်းများကို ပြုပြင်မှုများလည်း ရှိခဲ့ပေသည်။ နောက်ပိုင်း ပြင်ဆင်မွမ်းမံသူများ ရေးထိုးခဲ့သည့် မှတ်တမ်းမှတ်ရာများကို နောက်ထိုးမင်စာအဖြစ် ပညာရှင်များက သတ်မှတ်ခဲ့သည်။

ထို့အတူ မူလမင်စာများရှိသည့် ဘုရား၊ ဂူ၊ ကျောင်းအနီးဝန်းကျင်တွင် နေထိုင်ကြသူများနှင့် အခြားသူများက ရည်ရွယ်ချက်မျိုးစုံဖြင့် ရေးသားခဲ့ကြသည့် ကဗျာလင်္ကာများ၊ ဂါထာမန္တရားများ၊ ဆေးမြီးတိုများ၊ မွေးနေ့ဇာတာများနှင့် ခေတ်အဆက်ဆက်ရေးထိုးခဲ့သည့် မင်စာများသည် နောက်ထိုးမင်စာများ ဖြစ်ကြပေသည်။

မူလထိုးမင်စာများသည် မူလအဆောက်အအုံတည်စဉ်က ရေးထိုးခဲ့သည့် မှတ်တမ်းများဖြစ်ပြီး နောက်ထိုး မင်စာများသည် ယင်းတို့ရေးထိုးခဲ့သည့်ခေတ်များ၏ ခေတ်ပြိုင်မှတ်တမ်းများဖြစ်ကြသည်။ အချို့မင်စာများတွင် ရေးထိုးသည့် ခုနှစ်သက္ကရာဇ်များကို ထည့်သွင်းရေးထိုးထားသဖြင့် ခိုင်မာသော သမိုင်းအထောက်အထားများ ဖြစ်လာခဲ့ပေသည်။

မင်စာများကို ရေးထိုးခဲ့သည့် သက္ကရာဇ်အစဉ်အတိုင်း မင်စာပါအကြောင်းအရာများ၊ မင်စာသုံးအရေးအသားများကို လေ့လာနိုင်ကာ တက္ကသိုလ်များ သမိုင်းသုတေသနဦးစီးဌာနက ထုတ်ဝေခဲ့သည့် နှစ်အမည်ပါသော မြန်မာရှေးဟောင်းမင်စာများစာအုပ်တွင် မင်စာအချို့ကို ခေတ်သုံးအရေးအသားဖြင့် ရှင်းလင်းဖော်ပြထားသည်။

မူလထိုးနှင့် နောက်ထိုးမင်စာများတွင် သုံးစွဲထားသည့် ဝေါဟာရအသုံးအနှုန်းများသည် ခေတ်သုံးဝေါဟာရ အသုံးအနှုန်းများနှင့် မတူညီသဖြင့် ကျောက်စာနှင့် မင်စာသုံး အသုံးအနှုန်းများကို သိရှိရန်လိုအပ်သည်။ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက မြန်မာနိုင်ငံသုံးအက္ခရာများသည် တောင်ပိုင်းအိန္ဒိယ၏ လေးရာစုရေးနည်းများမှ ဆင်းသက်လာသည်ဟု အချုပ်အားဖြင့် မှတ်ယူရပါမည်ဟု ခေတ်ဟောင်းရာဇဝင်စာအုပ်တွင် ရေးသားခဲ့ရာ မင်စာနှင့် ကျောက်စာပါ အရေးအသားများကို နားလည်တတ်ကျွမ်းသော ပညာရှင်များနှင့် သုတေသီများကသာ ကောင်းစွာဖတ်ရှုနိုင်ကြပေသည်။

မင်စာပါ အရေးအသားများသည် ခေတ်အဆက်ဆက် အက္ခရာစာလုံးများဖြင့် ရေးသားခဲ့သဖြင့် သုတေသီများသည် သမိုင်းစဉ်ဆက် အက္ခရာသုံးစွဲမှု၊ ပြောင်းလဲခဲ့မှုများကို လေ့လာနိုင်ကြသည်။

**ပုဂံခေတ် မင်စာများ**

ပုဂံခေတ်ဦး၊ ခေတ်လယ်၊ ခေတ်နှောင်းတွင် တည်ထားခဲ့သည့် စေတီပုထိုးဂူကျောင်းများစွာတွင် မင်စာများကို တွေ့ရှိနိုင်သည်။ ယင်းတို့အနက် ရပ်စောက်ဂူဘုရား(ဘုရားအမှတ် ၁၅၅/၁၂၄) တွင် ရေးထိုးထားသည့် မင်စာသည် စာကြောင်းရေ ၄၇ ကြောင်းပါရှိသည့် ရှည်လျားသော မင်စာတစ်ခုဖြစ်သည်။

ရပ်စောက်ဂူဘုရားသည် ညောင်ဦးမြို့အရှေ့ဘက်၊ ကျောက်ဂူဥမင်အနီးတွင် တည်ရှိသည်။ ကျောက်ဂူဥမင်၏ အနောက်ဘက်ဘေးတွင်ရှိသည့် နောက်ပိုင်းလက်ရာလှေကားမှ ကုန်းထိပ်ပေါ်သို့တက်သွားပြီး အနည်းငယ်သွားလိုက်လျှင် ရပ်စောက်ဂူဘုရားသို့ ရောက်ရှိသည်။ ဂူဘုရားအတွင်းတွင် ၅၅၀ ဇာတ်တော်လာ ဇာတ်ကွက်များ ရေးဆွဲထားသည့် နံရံပန်းချီများနှင့် ကမ္ပည်းစာများရှိသည်။

ပုဂံခေတ်လက်ရာ ရပ်စောက်ဂူဘုရားသည် ဂူအတွင်းဘက် အရှေ့အာရုံခံ၊ အရှေ့နံရံ၏ မြောက်ဘက်ခြမ်းတွင်ရှိသည့် ကမ္ပည်းမင်စာကြောင့် အထူးထင်ရှားခဲ့သည်။

မင်စာ ပထမနှင့် ဒုတိယ စာကြောင်းများတွင် ရေးသားထားချက်အရ ရပ်စောက်ဂူဘုရားကို သက္ကရာဇ် ၅၈၂ ခုနှစ် ဝါဆိုလဆန်း ၇ ရက်၊ တနင်္ဂနွေနေ့တွင် တည်ခဲ့ကြောင်း သိရှိကြရသည်။ သက္ကရာဇ်ဖလှယ်ပါက ထိုနေ့သည် ခရစ်နှစ် ၁၂၂၈ ခုနှစ် ဇွန်လ ၇ ရက် ဖြစ်ပေသည်။

ရပ်စောက်ဂူဘုရားမင်စာ ၄၇ ကြောင်းကို အနက်ရောင်မင်ဖြင့်ရေးသားထားပြီး အချို့နေရာများတွင် စာသားများ ပျက်စီးနေသည်။ မင်စာများကို ပုဂံခေတ်သုံး မြန်မာစာဖြင့် ရေးသားထားကာ မင်စာပါ အကြောင်းအရာ အကျဉ်းချုပ်မှာ သက္ကရာဇ် ၅၈၂ ခုနှစ်တွင် ဂူဘုရား ပြီးစီးကြောင်း၊ သုဝဏ္ဏပစ္စည်း မြောင်းတူးကြောင်း၊ ကျောင်းကြီးတွင်နေသော သခင်အဠပတိအား ထန်း ၁၀ ပင် စားစေကြောင်း၊ ဘုရားကျွန် ၂၀ လှူကြောင်း၊ ကောင်းမှုများကိုဖျက်ဆီးသူအား ကျိန်စာသင့်စေကြောင်းတို့ဖြစ်သည်။ မင်စာတွင် ရပ်စောက်ဂူဘုရားအား ထီး၊ တံခွန်၊ ဆီမီး၊ သင်ပုတ်၊ ကွမ်း၊ သပိတ်၊ သီတင်းတင်းကုပ်၊ ဇရပ်တို့အပြင် ပိဋကတ်ကျမ်းစာများကို လှူဒါန်းခဲ့ကြောင်းလည်း ရေးထိုးထားသည်။

ရှေးဟောင်းယဉ်ကျေးမှုနယ်မြေ ပုဂံတွင် မင်စာများကိုတွေ့ရှိနိုင်သည့် မင်စာစုဒေသ ၂၁ ခုကို နှစ်အမည်ပါသော မြန်မာရှေးဟောင်းမင်စာများစာအုပ်တွင် စုစည်းဖော်ပြထားသည်။ ပုဂံဒေသတွင် ဝက်ကြီးအင်း ဂူပြောက်ကြီးဘုရား၊ ရွှေဘုံသာ/စာသင်ဂူ၊ ပုဂံမြို့ရိုးအတွင်း၊ ရွှေကွန်ချာဘုရား၊ မင်္ဂလာစေတီ၊ အာနန္ဒာဘုရား၊ ထီးလိုမင်းလို၊ ရွှေဆံတော်၊ ဓမ္မရံကြီး၊ စူဠာမဏိ၊ မင်းဝိုင်းဘုရားစု၊ သမ္ဘူလဘုရား၊ ပြဿဒါးဘုရား၊ ကုန်းတန်းကြီးရွာ၊ ဓမ္မရာဇကဘုရား၊ စိုးမင်းကြီးဘုရား၊ တာမဏိကျောင်းတိုက်၊ မြစည်းခုံဘုရား၊ ရွှေစည်းခုံနှင့် ကျောက်ဂူဥမင် ဝန်းကျင်တွင် မင်စာများကို အများဆုံးတွေ့ရှိနိုင်သည်။

**မူလထိုးသက္ကရာဇ်အမည်**

ကျောက်စာများ၊ မင်စာများသည် မူလထိုးနှင့် နောက်ထိုးဟူ၍ ကွဲပြားမှုရှိသဖြင့် မူလထိုး ဟုတ် မဟုတ်သိနိုင်ရန် စစ်ဆေးနိုင်သည့်စနစ်တစ်ခုကို ပညာရှင်များက လက်ခံထားကြသည်။ သုတေသီများသည် ရှေးခေတ်က ရေးထိုးခဲ့သည့် ကျောက်စာများကို ဖတ်ရှုသုတေသနပြုကာ စယ်နှစ်၊ ပိသျက်နှစ် စသည့် နှစ်အမည် ၁၂ ခုကို ၁၂ နှစ်ပြည့်တိုင်း တစ်ပတ်ပြန်လည်၍ သုံးစွဲခဲ့ကြကြောင်း အသိအမှတ်ပြုထားကြပေသည်။

ထို့ကြောင့် ကျောက်စာတစ်ချပ်၊ မင်စာတစ်ခုသည် မူလထိုး ဟုတ် မဟုတ် စစ်ဆေးရန် ကျောက်စာ၊ မင်စာတွင် ပါရှိသည့် ခုနှစ်သက္ကရာဇ်မှ ပုပ္ပားစောရဟန်းမင်း သက္ကရာဇ်ဖြိုစဉ်က ကြွင်းခဲ့သည့် သက္ကရာဇ် ၂ ကို နုတ်ပြီး ၁၂ ဖြင့် စားရသည်။ အကြွင်းကိန်းသည် ကျောက်စာ၊ မင်စာတွင်ပါရှိသည့် သက္ကရာဇ်ကို ပြဆိုသည်ဟု တွက်ချက်ကြသည်။

အကြွင်းကိန်းသည် ၁ ဖြစ်လျှင် စယ်နှစ်(ဇေယျနှစ်)၊ ၂ ဖြစ်လျှင် ပိသျက်နှစ်(ဝိသာခါ နှစ်)၊ ၃ ဖြစ်လျှင် စိဿနှစ်(ဇေဋ္ဌနှစ်)၊ ၄ ဖြစ်လျှင် အာသတ်နှစ်(အာသဠ်နှစ်)၊ ၅ ဖြစ်လျှင် သရဝန်နှစ်(သရဝဏ်နှစ်)၊ ၆ ဖြစ်လျှင် ဘဒ္ဒနှစ်(ဘဒြနှစ်)၊ ၇ ဖြစ်လျှင် အာသိန်နှစ်(အဿယုဇ္ဇနှစ်)၊ ၈ ဖြစ်လျှင် ကြတိုက်နှစ်(ကြတ္တိကာ နှစ်)၊ ၉ ဖြစ်လျှင် မြိက္ကသိုရ်နှစ်(မိဂသီနှစ်)၊ ၁၀ ဖြစ်လျှင် ပုဿနှစ်(ဖုဿျနှစ်)၊ ၁၁ ဖြစ်လျှင် မာဃနှစ်၊ သုညကြွင်းလျှင် ဖဒကိုန်နှစ်(ဘရဂုဏ္ဏီနှစ်) ဖြစ်သည်။

အကြွင်းကိန်းအရ ရရှိသည့် သက္ကရာဇ်အမည်နှင့် ကျောက်စာ၊ မင်စာပါ သက္ကရာဇ်အမည်ကို တိုက်ဆိုင်စစ်ဆေးလျှင် အမည်ကိုက်ညီပါက ယင်းကျောက်စာ၊ မင်စာကို မူလထိုးဟု သတ်မှတ်သည်။ အမည်တိုက်ဆိုင်မှုမရှိသော်လည်း ရေးထိုးထားသည့် လက်ရေးပုံသဏ္ဌာန်၊ ဝေါဟာရအသုံးအနှုန်း၊ အရေးအသားသတ်ပုံနှင့် ဝါကျရေးထုံးများအရ မူလထိုးဟုသတ်မှတ်ရသည့် ကျောက်စာအချို့လည်း ရှိခဲ့သည်။

ရှေးဟောင်းကျောက်စာများသည် သမိုင်းကြောင်းဖော်ထုတ်ရာတွင် ခိုင်မာသော အထောက်အထားများ ဖြစ်ကြသဖြင့် ကျောက်စာပါစာများကို ဖတ်ရှုအဓိပ္ပာယ်ဖော်လျက် သမိုင်းပုံရိပ်အချို့ကို ဖော်ထုတ်နိုင်ခဲ့ကြပေသည်။ ကျောက်စာများတွင် မူလထိုးကျောက်စာများသည် အထောက်အထား အခိုင်မာဆုံးဖြစ်သကဲ့သို့ မင်စာများတွင်လည်း မူလရေးမင်စာများသည် အကိုးအကားပြုထိုက်သည့် အထောက်အထားများဖြစ်ကြပေရာ မြန်မာနိုင်ငံ နေရာဒေသအသီးသီးတွင်ရှိနေသည့် မင်စာများကို ရေရှည်တည်တံ့နိုင်ရန် ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်ထားကြရမည်သာ ဖြစ်ပေသည်။ ။

**မင်စာများကို အကြမ်းအားဖြင့် မူလထိုးမင်စာနှင့် နောက်ထိုးမင်စာဟု နှစ်မျိုးခွဲခြားနိုင်သည်။ သာသနိက အဆောက်အအုံများ မူလစတင်တည်ဆောက်ခဲ့စဉ်က အလှူရှင်များသည် အဆောက်အအုံများအတွင်း နှစ်ကျိပ်ရှစ်ဆူ၊ ၅၅၀ ဇာတ်တော်မှ ဇာတ်ကွက်များ၊ ဇာတ်ကြီး ၁၀ ဘွဲ့၊ အောင်ခြင်းရှစ်ပါး အစရှိသည့် ဗုဒ္ဓသာသနာဆိုင်ရာ ဗုဒ္ဓဝင်၊ မဟာဝင် ပန်းချီသရုပ်ဖော်မှုများကို လှပတင့်တယ်စွာ ရေးဆွဲခဲ့ကြသည်။ သရုပ်ဖော်ပန်းချီကားများ၏အောက်တွင်လည်း ရုပ်ပုံနှင့် သက်ဆိုင်သည့် အကြောင်းအရာများကို မင်ဖြင့် ရေးသားလေ့ရှိခဲ့သည်**

**ကိုးကား**

**မြန်မာ့စွယ်စုံကျမ်း အတွဲ (၉)**

**နှစ်အမည်ပါသော မြန်မာ့ရှေးဟောင်းမင်စာများ(ဦးဆွဲ)**




# ပရီမီယာလိဂ်နဲ့ အက်ဖ်အေဖလား ရနိုင်တယ်ဆိုတဲ့ ချယ်လ်ဆီး

အီတလီနိုင်ငံသား နည်းပြ ကိုင်တွယ်တဲ့ ချယ်လ်ဆီးအသင်းဟာ ဒီနှစ်ထဲမှာ ပရီမီယာလိဂ်ဖလားအပြင် အက်ဖ်အေဖလားကိုပါ ရနိုင်တယ်လို့ နယူးကာဆယ်ကစားသမားဟောင်း အလန်ရှီးယားက ပြောဆိုလိုက်ပါတယ်။ ချယ်လ်ဆီးအသင်းဟာ စပါးအသင်းကို အက်ဖ်အေဖလား ဆီမီးဖိုင်နယ်မှာ လေးဂိုး-နှစ်ဂိုးနဲ့ အနိုင်ရရှိလိုက်ခြင်းဟာ ပရီမီယာလိဂ်ဖလားအပြင် အက်ဖ်အေဖလားကိုပါ ဆွတ်ခူးရရှိနိုင်တဲ့ လမ်းကြောင်းပေါ်ကို ရောက်ရှိလာခြင်းဖြစ်ပါတယ်လို့ အလန်ရှီးယားက ဆိုပါတယ်။ ချယ်လ်ဆီးနည်းပြကွန်တီရဲ့အစီအမံကောင်းမွန်မှုကြောင့် ပြိုင်ပွဲတွေ အနိုင်ရရှိခဲ့တယ်လို့ အလန်ရှီးယားကဆိုပါတယ်။ မန်ယူနဲ့ ခရစ္စတဲလ်ပဲလေ့စ်ကို ရှုံးနိမ့်ခဲ့ပေမယ့် ချယ်လ်ဆီးရဲ့အောင်မြင်မှုအပေါ် သံသယဖြစ်စရာမရှိဘူးလို့ ရှီးယားက ဆိုပါတယ်။ စပါးအသင်းဟာ ပရီမီယာလိဂ်မှာ ချယ်လ်ဆီးနောက်မှ အနီးကပ် ယှဉ်ပြိုင်နေတဲ့အသင်းလည်း ဖြစ်ပါတယ်။ ကွန်တီရဲ့ပထမဆုံး ချယ်လ်ဆီးအသင်းကို ကိုင်တွယ်တဲ့နှစ်မှာ ဖလားနှစ်လုံးရဖို့ အကောင်းဆုံးလမ်းကြောင်းပေါ်ကို ရောက်ရှိနေပါတယ်။




# တန်းဆင်းဇုန်လွတ်ဖို့ နိုင်ပွဲတစ်ပွဲသာ လိုတယ်ဆိုတဲ့ ခရစ္စတဲလ်ပဲလေ့စ်

ခရစ္စတဲလ်ပဲလေ့စ်အသင်းဟာ ပရီမီယာလိဂ်မှာ တန်းမဆင်းရဖို့ နိုင်ပွဲ တစ်ပွဲသာလိုတယ်လို့ နည်းပြ ဆမ်အလာဒိုက်စ်က ပြောဆိုလိုက်ပါတယ်။ ဒီအနိုင်ပွဲအတွက် တိုက်စစ်မှူး ဆာကိုဟာ အဓိကကျတယ်လို့ဆိုပါတယ်။ ဆာကိုအား ခရစ္စတဲလ်ပဲလေ့စ်က လီဗာပူးမှ အနားခေါ်ယူထားတာဖြစ်ပါတယ်။ ဒါကြောင့် လီဗာပူးနဲ့ ကစားမယ့်ပွဲကိုတော့ ဆာကိုအားထည့်ကစားမှာ မဟုတ်ဘူးလို့ ဆိုပါတယ်။ နည်းပြ ဆမ်အလာဒိုက်စ်အနေနဲ့ ဆာကိုအား အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူသွားဖို့ စိတ်အားထက်သန်လျက်ရှိပါတယ်။ အသက် ၂၇ နှစ်အရွယ်ရှိတဲ့ ဆာကိုဟာ ခရစ္စတဲလ်ပဲလေ့စ်ကို ဖေဖော်ဝါရီလက ရောက်ရှိလာပြီးကတည်းက အဓိက ခြေစွမ်းပြကစားနေသူ ဖြစ်ပါတယ်။ ခရစ္စတဲလ်ပဲလေ့စ်ဟာ လက်ရှိ ပရီမီယာလိဂ်မှာ ၃၅ မှတ်သာ ရရှိထားပါတယ်။ ရမှတ် ၃၈ မှတ်သာ ရရှိမယ်ဆိုရင် တန်းဆင်းဇုန် လွတ်မြောက်နိုင်တဲ့ အနေအထားဖြစ်တယ်လို့ ဆမ်အလာဒိုက်စ်က ဆိုပါတယ်။

ကောင်းမြတ်သူ - စုစည်းသည်။

# ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ နိုင်ပွဲကိုယ်စီပိုင်ဆိုင်မယ့် လာလီဂါပွဲစဉ်(၃၄)

*စပိန်လာလီဂါပွဲစဉ်တွေကို မေ ၂၆ ရက်နဲ့ ၂၇ ရက်တွေမှာ ဆက်လက်ကစားပါလိမ့်မယ်။ ဒီပွဲစဉ်မှာ တန်းစီဇယားထိပ်ဆုံးက ရီးရဲမက်ဒရစ်တို့အနေနဲ့ ဒီပို့တီဗိုအသင်းကို အဝေးကွင်းမှာ သွားရောက်ကစားရမှာဖြစ်သလို ဘာစီလိုနာတို့ကလည်း အိမ်ကွင်းမှာ အိုဆာစူနာအသင်းကို လက်ခံကစားရပါလိမ့်မယ်။ ထိပ်တန်းနှစ်သင်းစလုံး အမှားအယွင်း အတိမ်းအစောင်း မဖြစ်အောင် သတိထားကစားပြီး အမှတ်ပြည့်ကိုယ်စီရယူကြဦးမယ့်ပွဲတွေအဖြစ် မြင်တွေ့ကြရပါဦးမယ်။*



**ဘာစီလိုနာနှင့် အိုဆာစူနာ**

တန်းစီဇယား ထိပ်ဆုံးက ဦးဆောင်နေတဲ့ ရီးရဲမက်ဒရစ်ကို ဖိအားပေးဖို့ ကြိုးစားနေတဲ့ ဘာစီလိုနာတို့ကတော့ ဒီပွဲမှာ အိုဆာစူနာကို ဖိဖိစီးစီးကစားပါလိမ့်မယ်။ ချန်ပီယံလိဂ်က ထွက်ခွာခဲ့ရတဲ့အတွက် ဘာစီလိုနာဟာ လာလီဂါဖလားကို အဓိကဦးတည်ပြီး အားထုတ်တော့မှာ ဖြစ်ပါတယ်။ တိုက်စစ်စွမ်းအား ကျဆင်းနေတဲ့ ဘာစီလိုနာတို့အတွက် ဒီပွဲမှာ အိုဆာစူနာကို ဂိုးပြတ်သွင်း အောင်ပွဲခံပါလိမ့်မယ်။ ခြေစွမ်းမတည်မငြိမ်ဖြစ်နေတဲ့ အိုဆာစူနာတို့ကတော့ ပထမအကျော့မှာ သုံးဂိုးပြတ်ရှုံးထားတဲ့အတွက် အခုပွဲမှာလည်း ဂိုးပြတ် မရှုံးအောင်သာ ကာကွယ်ရမယ့် အနေအထားပါပဲ။

**ဒီပို့တီဗိုနှင့် ရီးရဲမက်ဒရစ်**

အသင်းလိုက် ဟန်ချက်ညီညီနဲ့ ကစားနိုင်နေတဲ့ ရီးရဲမက်ဒရစ်ဟာ ဒီနှစ်မှာ လာလီဂါဖလားကို ကာကွယ်နိုင်ဖို့အတွက် အခုပွဲက အဝေးကွင်းဖြစ်ပေမယ့် တိုက်စစ်ဖွင့်ကစားပါလိမ့်မယ်။ အခုတလော နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ ၁၄ဂိုးသွင်းယူနိုင်ခဲ့တဲ့ ရီးရဲမက်ဒရစ်တိုက်စစ်မှူးတွေဟာ ခံစစ်ပိုင်း လုံခြုံတဲ့ ဒီပို့တီဗိုကို ဘယ်လိုထိုးဖောက် ဂိုးသွင်းနိုင်မလဲဆိုတာ စိတ်ဝင်စားစရာပါ။ အခုတလော ရလဒ်တွေမကောင်းဖြစ်နေတဲ့ ဒီပို့တီဗိုဟာ မာလာဂါကို နိုင်ပွဲပြန်ရခဲ့တာကြောင့် ကစားသမားတွေ စိတ်ဓာတ်ပြန်တက်လာပေမယ့် ရီးရဲမက်ဒရစ်ကို ကျော်ဖြတ်ပြီး အနိုင်ယူဖို့တော့ မလွယ်ပါဘူး။ ပထမအကျော့ သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တဲ့ ရီးရဲမက်ဒရစ်တို့ပဲ အခုပွဲမှာလည်း အောင်ပွဲခံသွားဦးမှာ ဖြစ်ပါတယ်။

**ဗလင်စီယာနှင့် ရီရဲဆိုစီဒက်**

ပထမအကျော့ပွဲစဉ်မှာ ဆိုစီဒက်တို့က သုံးဂိုး-နှစ်ဂိုးနဲ့ နိုင်ပွဲရခဲ့တာမို့ အခုပွဲက အိမ်ကွင်းမှာ ဗလင်စီယာတို့ အသာစီးရအောင် ကြိုးစားပါလိမ့်မယ်။ ဗလင်စီယာတို့က နောက်ဆုံးငါးပွဲကစားခဲ့ရာမှာ တစ်ပွဲသာရှုံးခဲ့ပါတယ်။ အထူးသဖြင့် အိမ်ကွင်းမှာ ရလဒ်ကောင်းအောင် အားထုတ်နိုင်တဲ့ ဗလင်စီယာဟာ ခြေစွမ်းကျဆင်းနေတဲ့ ဆိုစီဒက်ကို အမှတ်ခွဲပေးမှာ မဟုတ်ဘဲ အနိုင်သုံးမှတ်ကို ရအောင် ဖော်ဆောင်ပါလိမ့်မယ်။

**လီဂါနက်နှင့် လက်စ်ပါမက်စ်**

ရှုံးပွဲတွေ ဆက်တိုက်ကြုံတွေ့နေရတဲ့ လီဂါနက်တို့လည်း အခုပွဲက အိမ်ကွင်းဖြစ်ပေမယ့် ရလဒ်ကောင်းကို မျှော်လင့်လို့မရနိုင်တဲ့ အခြေအနေဖြစ်နေပါတယ်။ တိုက်စစ်စွမ်းရည်ကျဆင်းနေတဲ့ လီဂါနက်တို့အတွက် ခံစစ် မလုံခြုံတဲ့ လက်စ်ပါမက်စ်ကို တိုက်စစ်ဖွင့်ကစားရင် အခြေနေကောင်းနဲ့ ကြုံတွေ့ရနိုင်ပါတယ်။ လက်စ်ပါမက်စ်တို့က အိမ်ကွင်းမှာ ကစားအားကောင်းပေမယ့် အဝေးကွင်းမှာ စွမ်းဆောင်ရည် ကျဆင်းတတ်တာမို့ ဒီပွဲမှာ အမြင့်ဆုံးမျှော်မှန်းနိုင်တာက တစ်မှတ်ပါပဲ။

**အလာဗတ်နှင့် အီဘာ**

ဒီနှစ်သင်းရဲ့ နောက်ဆုံးတွေ့ဆုံခဲ့တဲ့ သုံးပွဲရလဒ်ကို ကြည့်ရင် တစ်ပွဲစီနိုင်ပြီး သရေတစ်ပွဲဖြစ်ထားပါတယ်။ အလာဗတ်တို့က အခုတလော အိမ်ကွင်းမှာ ခြေစွမ်းပြနိုင်နေပြီး နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာရှုံးထားပါတယ်။ အီဘာရဲ့နောက်ဆုံးကစားခဲ့တဲ့ အဝေးကွင်း ငါးပွဲရလဒ်ကိုကြည့်ရင် တစ်ပွဲသာရှုံးထားသလို နှစ်ပွဲနိုင်၊ နှစ်ပွဲသရေဖြစ်ထားပါတယ်။ ဒီပွဲမှာ နှစ်သင်းစလုံး အားထည့်ကစားလာမှာမို့ အမှတ်ခွဲယူရမယ့် ရလဒ်ထွက်ပေါ်လာဖို့ များနေပါတယ်။

**ဆီဗီလာနှင့် ဆဲလ်တာဗီဂို**

အခုတလော ဆီဗီလာတို့အိမ်ကွင်းမှာ ပွဲတိုင်းအမှတ်ရအောင် ကစားနိုင်နေပါတယ်။ ဂိုးသွင်းခြေမမှန်တဲ့ ဆီဗီလာတို့ဟာ အခုပွဲမှာ ခံစစ်ပိုင်း ချို့ယွင်းချက်ရှိနေတဲ့ ဆဲလ်တာဗီဂိုကို ထိုးဖောက်ဂိုးသွင်းနိုင်ရေး အားထုတ်ပါလိမ့်မယ်။ ဒါပေမယ့် ဆဲလ်တာဗီဂိုရဲ့ အဝေးကွင်းမှာ ပိုမိုအားထုတ်နိုင်မှုက ဒီပွဲရလဒ်ကို ပြောင်းလဲနိုင်စွမ်းရှိပါတယ်။ အိမ်ကွင်းမှာ ခြေကုန်ဖွင့်ကစားတတ်တဲ့ ဆီဗီလာဟာ ဒီပွဲမှာ အနိမ့်ဆုံး တစ်မှတ်ရအောင် ယူပါလိမ့်မယ်။

**အက်သလက်တီကိုနှင့် ဗီလာရီးရဲ**

ဒီနှစ်သင်းရဲ့ နောက်ဆုံးသုံးပွဲတွေ့ဆုံမှုရလဒ်ကို ကြည့်ရင် အက်သလက်တီကိုတို့ တစ်ပွဲမှ နိုင်ပွဲမရခဲ့ပါဘူး။ အခုတလော အိမ်ကွင်းငါးပွဲကစားခဲ့တဲ့ အက်သလက်တီကိုတို့ရဲ့ ရလဒ်ကိုကြည့်ရင်တော့ ရှုံးပွဲမရှိခဲ့ပေမယ့် ဂိုးပြတ်သွင်း နိုင်ပွဲရခဲ့တာမရှိပါဘူး။ အထူးသဖြင့် အက်သလက်တီကိုတို့က အိမ်ကွင်းမှာ စိတ်ဓာတ်မြင့်မြင့်မားမားနဲ့ စွမ်းဆောင်နိုင်တာမို့ ဒီပွဲဟာ အိမ်ရှင်တို့ ရလဒ်ကောင်းနိုင်တဲ့ ပွဲပါပဲ။ ။

မိုးမြင့်လင်းလက်

# အာဆင်နယ်ကို ဆက်လက်ဦးဆောင်မယ့် ရမ်ဆေးနဲ့ ချန်ဘာလိန်း

ရမ်ဆေးနဲ့ ချန်ဘာလိန်းဟာ အာဆင်နယ်အသင်းကို လာမယ့် ၁၀ နှစ်အထိ ဦးဆောင်သွားနိုင်လိမ့်မယ်လို့ နည်းပြ အာစင်ဝင်းဂါးက ပြောဆိုလိုက်ပါတယ်။ သို့ပေမယ့် ဆန်းချက်ဇ်နဲ့ အိုဇေးလ်တို့ကိုတော့ အာဆင်နယ်က နှစ်ကာလကြာရှည်စွာ စာချုပ်မှာ မဟုတ်ဘူးလို့ဆိုပါတယ်။

ရမ်ဆေးဟာ အာဆင်နယ်အသင်းနဲ့အတူ ၂၀၁၄ ခုနှစ်နဲ့ ၂၀၁၅ ခုနှစ်အတွက် အက်ဖ်အေဖလား ဆွတ်ခူးနိုင်အောင် အဓိကကစားပေးခဲ့တယ်လို့ ဆိုပါတယ်။ ချန်ဘာလိန်းဟာလည်း အာဆင်နယ်နဲ့အတူ အောင်မြင်မှုတွေရခဲ့တဲ့ ကစားသမားတစ်ဦး ဖြစ်ပါတယ်။ သူတို့နှစ်ဦးကို စာချုပ်သစ်ချုပ်ဆိုဖို့ ကမ်းလှမ်းထားပြီလို့လည်း ဆိုပါတယ်။ သူတို့နှစ်ဦးရဲ့ဦးဆောင်မှုနဲ့အတူ အနာဂတ်မှာ အာဆင်နယ်ကို ပြောင်းလဲစေလိမ့်မယ်လို့ နည်းပြဝင်းဂါးက ဆိုပါတယ်။ အာဆင်နယ်အသင်း ဖလားရယူဖို့ထက် ပွဲတိုင်းအနိုင်ရဖို့က ချန်ဘာလိန်းနဲ့ ရမ်ဆေးတို့ရဲ့ စွမ်းဆောင်မှုဟာ အလွန်အရေးကြီးတယ်လို့ ဆိုပါတယ်။



# သကြၤန်မတိုင်ခင်နှင့်သကြၤန်အပြီး ဆန်ဈေးတူနေသော်လည်း ဝယ်လိုအားနည်းနေ

**မုံရွာ ဧပြီ ၂၄**

မုံရွာမြို့နယ်အတွင်း သကြၤန်မတိုင်ခင်နှင့် သကြၤန်ပြီးချိန်တွင် ဆန်ဈေးမှာ အတက်အကျမရှိဘဲ တူနေသော်လည်း လက်ရှိတွင် ရောင်းလိုအားများနေသလောက် ဝယ်လိုအားနည်းနေကြောင်း မုံရွာမြို့ရှိ ဆန်ဆိုင်များမှ သိရသည်။

မုံရွာမြို့ အေးသာယာရပ် ရွှေဝါဝင်းဆန်ရောင်းဝယ်ရေးမှ ကိုဝင်းနိုင်က သကြၤန်မတိုင်ခင်က ရေမင်းကော်ချက်ဆန် တစ်တင်းခွဲတစ်အိတ်ကို ကျပ် ၄၅၀၀၀ နဲ့ ၄၃၀၀၀ဈေးနဲ့ ရောင်းနေရပါတယ်။ သကြၤန်ပြီးတော့လည်း ဈေးက အဲဒီအတိုင်း အတက်အကျမရှိ ငြိမ်နေပါတယ်။ ဒါပေမယ့် သကြၤန်မတိုင်ခင်က ဆန်အရောင်းသွက်ခဲ့သလောက် သကြၤန်အပြီးမှာ ဆန်အရောင်းက တော်တော်အေးနေပါတယ်။ သကြၤန်မတိုင်ခင်က တစ်တင်းခွဲဆန်အိတ် တစ်ရက်ကို ၆၀ ကျော် ၇၀လောက် ရောင်းရပါတယ်။ သကြၤန်ပြီးနောက်ပိုင်းမှာ တစ်ရက်ကို ဆန် ၂၅ အိတ်၊ အိတ် ၃၀ လောက်သာ ရောင်းရပါတယ်ဟု ပြောသည်။

မုံရွာဝန်းကျင်မှ စားသုံးသူအများစုသည် ပုသိမ်-မြောင်းမြ-ပြွန်တန်ဆာတို့မှတင်ပို့ပြီး ပခုက္ကူမှတစ်ဆင့် ဝင်လာသော ရေမင်းဆန်ကိုသာ အဓိကထား စားသုံးကြသည့်အတွက် မုံရွာရှိ ဆန်အရောင်းဆိုင်များ အနေဖြင့် သောင်းချီရှိသည့် တစ်နှစ်စာဆန်အိတ်များကို မှာယူသိုလှောင်ထားလေ့ရှိရာ လက်ရှိအချိန်တွင် ရောင်းချရန် ဆန်အိတ်အရေအတွက်မှာ လုံလောက်သည်ထက် ပိုနေသည့်အတွက် ဆန်ဆိုင်အများစုသည် ဝယ်လက်ကိုသာ မျှော်လင့်နေရကြောင်း သိရသည်။

မုံရွာနယ်မှ စားသုံးသူအများစုသည် ပခုက္ကူမှ တစ်ဆင့်ဝင်လာသော မြန်မာနိုင်ငံအောက်ပိုင်း ဆန်များကိုသာ စားသုံးကြခြင်းဖြစ်၍ ရွှေဘိုနယ်၊ ဒီပဲရင်း၊ ရေဦးနှင့် ခင်ဦးဒေသများမှ ထွက်သော ရွှေဘိုဆန်အများစုကို မန္တလေးမြို့မှတစ်ဆင့် တရုတ်နယ်စပ်သို့ အားထားတင်ပို့နေရကြောင်း၊ ပခုက္ကူမှတစ်ဆင့်လာသော အောက်ပိုင်းဆန်များကို မုံရွာမြို့နယ် ဆန်ဆိုင်များအပြင် ရေစကြိုမြို့၊ ချောင်းဦးမြို့များရှိ ဆန်အရောင်းဆိုင်များသို့လည်း တင်ပို့ကြပြီး နှစ်ပေါက်ရောင်းချနိုင်ရန် ဆန်အိတ် အများအပြားကို တင်ပို့လေ့ရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**



# သဘာဝဘေးနှင့် မီးဘေးကြိုတင်ကာကွယ်ရေး လုပ်ငန်းများကို ကွင်းဆင်းစစ်ဆေး

**ကျောက်ပန်းတောင်း ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနအနေဖြင့် မိုးဦးကာလတွင် ကျရောက်လာနိုင်သည့် သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်များနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ညောင်ဦးခရိုင် မီးသတ်ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်နိုင်နှင့် တာဝန်ရှိသူများ ဧပြီ ၂၂ ရက်က ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လက်ထောက်ညွှန်ကြားရေးမှူးသည် ကျောက်ပန်းတောင်းမြို့နယ် မီးသတ်ဦးစီးဌာနမှ တပ်ဖွဲ့ဝင်များ၏ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုများနှင့် မီးဘေးအန္တရာယ် ကာကွယ်တားဆီးရေး ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မေ ၅ ရက်တွင်ကျရောက်မည့် ၇၁နှစ်မြောက် မီးသတ်တပ်ဖွဲ့နေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက်လည်း ကြိုတင်စီမံဆောင်ရွက်ထားရန်များကို လမ်းညွှန်မှာကြားခဲ့သည်။

ထို့နောက် ကျောက်ပန်းတောင်းမြို့နယ် လက်ပပြားကျေးရွာအနီး ကျောက်ပန်းတောင်း-မိတ္ထီလာ လမ်းပေါ်ရှိ သရဖူ ပုဂ္ဂလိကစက်သုံးဆီအရောင်းဆိုင်တွင် မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကိုလည်းကောင်း၊ လက်ပပြားကျေးရွာ အရန်မီးသတ်တပ်ဖွဲ့စခန်း ဆောက်လုပ်မည့်မြေနေရာများကိုလည်းကောင်း၊ ပုပ္ပားကျေးရွာရှိ ယာယီမီးသတ်တပ်ဖွဲ့စခန်းတွင် သဘာဝဘေးနှင့် မီးဘေးအန္တရာယ်များအတွက် ကြိုတင်ကာကွယ်ရေး ဆောင်ရွက်ထားမှုကိုလည်းကောင်း လက်ထောက်ညွှန်ကြားရေးမှူးက ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# စိုက်ပျိုးမြေ ဧက ၁၉၀ ဖော်ထုတ်ပြီး မြေယာမဲ့တောင်သူများအား အခမဲ့ခွဲဝေပေး

**ဗန်းမော် ဧပြီ ၂၄**

ကချင်ပြည်နယ် ဗန်းမော်မြို့နယ် တိန်းသော်ကျေးရွာအုပ်စုရှိ တိန်းသော်ကျေးရွာ၊ နောင်းလန်ကျေးရွာနှင့် တိန်းသော်ကျေးရွာသစ်တို့မှ စိုက်ပျိုးမြေ ဧက ၁၉၀ ကို မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ဖော်ထုတ်ပြီး လယ်မဲ့ယာမဲ့ တောင်သူ ၆၇ ဦးအား မဲစနစ်ဖြင့် အခမဲ့ခွဲဝေပေးအပ်ခဲ့ကြောင်း သိရသည်။



စိုက်ပျိုးမြေများရရှိရန်အတွက် တောင်သူများ မဲနှိုက်နေစဉ်

တိန်းသော်ကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ဧပြီ ၂၂ ရက်က ကျင်းပသည့် စိုက်ပျိုးမြေများ ပေးအပ်ပွဲတွင် ဗန်းမော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌ ဦးဘုန်းလှိုင်က အမှာစကားပြောကြားပြီး မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှူး ဦးမင်းမင်းဇော်က စိုက်ပျိုးမြေ ဧက ၁၉၀ ဖော်ထုတ်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လည်းကောင်း၊ ဗန်းမော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးအောင်ကျော်စိုးက စိုက်ပျိုးမြေများ ခွဲဝေပေးခြင်းနှင့် လယ်ယာမြေစည်းမျဉ်းစည်းကမ်း ဥပဒေ၊ နည်းဥပဒေများကိုလည်းကောင်း ရှင်းလင်းဆွေးနွေးပြောကြားသည်။

ထို့နောက် ဗန်းမော်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့များ၊ ကျေးရွာ လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များနှင့် ရပ်မိရပ်ဖများ၏ ရှေ့မှောက်တွင် တိန်းသော်ကျေးရွာ၊ နောင်းလန်ကျေးရွာနှင့် တိန်းသော်ကျေးရွာသစ်တို့မှ မြေယာမဲ့တောင်သူ ၆၇ ဦးအား သက်ဆိုင်ရာကွင်းများအလိုက် မဲနှိုက်စေ၍ စိုက်ပျိုးမြေ ဧက ၁၉၀ ကို အခမဲ့ပေးအပ်ခဲ့သည်။

မြေယာမဲ့တောင်သူများအတွက် အဆိုပါစိုက်ပျိုးမြေ ဧက ၁၉၀ ကို ပြည်နယ်အစိုးရ၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ ကျပ်သိန်း ၉၅၀ ဖြင့် ဗန်းမော်ခရိုင်နှင့် မြို့နယ် စက်မှုလယ်ယာဦးစီးဌာနတို့က တာဝန်ယူ၍ ဇန်နဝါရီ ၁၈ ရက်မှ မတ် ၃၁ ရက်အတွင်း ဖော်ထုတ် ပေးခဲ့ကြောင်း သိရသည်။

**(ခရိုင် ပြန်/ဆက်)**

# ရေစကြိုရှိ ဖောင်တော်ဦးဘုရား မြေထိန်းနံရံပျက်စီးမှု တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှု

**ရေစကြို ဧပြီ ၂၄**

ရေစကြိုမြို့ အမှတ်(၄)ဖောင်တော်ဦးရပ်ကွက်ရှိ ဖောင်တော်ဦးဘုရား မြေထိန်းနံရံ ရေကာတာ ပျက်စီးမှုကို မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညိုနှင့် တာဝန်ရှိသူများ ဧပြီ ၂၁ ရက်က ကွင်းဆင်းကြည့်ရှုခဲ့ပြီး ဘုရား ရေရှည်တည်တံ့ရေးအတွက် မြေထိန်းနံရံတည်ဆောက်ရန်အပါအဝင် ဆောင်ရွက်ရန်လုပ်ငန်းများနှင့်ပတ်သက်၍ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများအား မှာကြားခဲ့သည်။

ဆက်လက်၍ ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ရေစကြိုမြို့ အမှတ်(၁) ထင်းတန်းရပ်ကွက်တွင် မြစ်ကမ်းပြိုကျမှုအန္တရာယ်မှ ကာကွယ်ရန်အတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တာဝန်ယူတည်ဆောက်လျက်ရှိသော Steel Basket ကမ်းထိန်းနံရံ ဆောက်လုပ်ရေးလုပ်ငန်းခွင်ကို သွားရောက်ကြည့်ရှုရာ တာဝန်ခံအင်ဂျင်နီယာ လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်နိုင်ဦးက လုပ်ငန်းဆိုင်ရာများကို ရှင်းလင်းတင်ပြပြီး ဝန်ကြီးချုပ်က ကမ်းထိန်းနံရံ ရေရှည်တည်တံ့အောင် စေတနာထား ဆောင်ရွက်ရန်နှင့် သတ်မှတ်ကာလအတွင်း ပြီးစီးအောင်ဆောင်ရွက်ရန် လမ်းညွှန်မှာကြားခဲ့သည်။

**ဖေထွဏ်းဇော်(ရေစကြို)**



# မြို့နယ်အခြေပြု မူလတန်းဆရာအတတ်သင်တန်း ဖွင့်လှစ်

**အိမ်မဲ ဧပြီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ၂၀၁၆ - ၂၀၁၇ ပညာသင်နှစ်အတွင်း အခြေခံပညာ မူလတန်းအဆင့် သင်ကြားပေးမည့် ဆရာ ဆရာမများအတွက် မြို့နယ်အခြေပြု မူလတန်း ဆရာအတတ်သင်တန်းကို ဧပြီ ၂၂ ရက်က အထက(၁)ကျောင်း ရွှေညီလာခန်းမ၌ စတင်ဖွင့်လှစ်ပို့ချခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်ဇော်ဦးနှင့် အိမ်မဲမြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါ်သန္တာတို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဆရာမကြီးဒေါ်မေလွင်လွင်က သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်းဆိုင်ရာ ကိစ္စများကို ရှင်းလင်းပြောကြားခဲ့သည်။

အဆိုပါသင်တန်းတွင် သင်ရိုးဘာသာရပ် ၁၂ မျိုးနှင့် ကာယပညာဘာသာရပ်ကို သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသို့ အိမ်မဲမြို့နယ်အတွင်းရှိ အခြေခံပညာမူလတန်းပြ ဆရာ ဆရာမ ၇၀ တက်ရောက်ကြောင်း၊ သင်တန်းကာလမှာ ဧပြီ ၂၂ ရက်မှ မေ ၁၉ ရက်အထိဖြစ်ပြီး နည်းပြသင်တန်း တက်ရောက်ခဲ့ပြီးသည့် သင်တန်းဆရာ ဆရာမ ၁၃ ဦးတို့က သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်းသိရသည်။

**(မြို့နယ် ပြန်/ဆက်)**




# ကျေးရွာရေပေးရေးအတွက် အသုံးပြုသောရေတွင်း ရေထွက်နည်း၍ ပြန်လည်တူးဖော်ပေး

**အင်းတော် ဧပြီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ် နတ်မဟုတ်ကလေးကျေးရွာတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေဖြင့် ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက တူးဖော်ပေးခဲ့သည့်ရေတွင်းမှာ နွေရာသီအတွင်း ရေထွက်နည်းနေ၍ ပြန်လည်တူးဖော်ပေးခဲ့ကြောင်း သိရသည်။

ကသာခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး ဦးတင့်ဝေက တာဝန်ယူပြီး အင်းတော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးကျော်နိုင် အနီးကပ်ကြီးကြပ်၍ ရေတွင်းကို ဧပြီ ၁၉ ရက်က ပြန်လည်တူးဖော်ပေးခဲ့ရာ ဧပြီ ၂၀ ရက်တွင် ပုံမှန်အတိုင်း ရေများပြန်ထွက်လာကြောင်း သိရသည်။ နတ်မဟုတ်ကလေးကျေးရွာတွင် အဆိုပါ ရေတွင်းမှရေကို မော်တာဖြင့်စုပ်တင်၍ ဂါလန် ၁၀၀၀ ဆံ့ရေကန်ထဲ၌ သိုလှောင်ကာ ကျေးရွာရှိပြည်သူများအား ရေပေးဝေသည့်စနစ် ဆောင်ရွက်ထားခြင်းဖြစ်၍ ရေတွင်းမှ ရေထွက်ကောင်းမွန်စေရန် ရေတွင်းထဲသို့ ကျောက်ခွေချခြင်းလုပ်ငန်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**လူအောင်(ကသာ)**

# ရာသီဥတုကောင်းမွန်လာ၍ ငပလီကမ်းခြေသို့ လာရောက်လည်ပတ်သူများပြား



**သံတွဲ မေ ၂၄**

ပြီးခဲ့သည့် သင်္ကြန်ပွဲတော်ရက်များအတွင်း မာရသာမုန်တိုင်းကြောင့် ငပလီကမ်းခြေသို့ လာရောက်လည်ပတ်သူ နည်းပါးခဲ့သော်လည်း ယခုအခါ ရာသီဥတုမှာ ပြန်လည်ကောင်းမွန်လာပြီး ကြည်လင်သာယာလျက်ရှိသောကြောင့် ငပလီကမ်းခြေသို့ လာရောက်လည်ပတ်သူ ပိုများလာကာ ယခင်ကထက် ပို၍စည်ကားလျက်ရှိကြောင်း သိရသည်။

ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေသည် မြန်မာနိုင်ငံသာမက ကမ္ဘာကျော်သော ကမ်းခြေတစ်ခုလည်းဖြစ်ပြီး ငပလီကမ်းခြေသို့ လာရောက်လည်ပတ်သူမှာ နှစ်စဉ် ပိုများလာလျက်ရှိသည်။ အထူးသဖြင့် ပွင့်လင်းရာသီတွင် လာရောက်လည်ပတ်သူ ပိုများပြီး မြန်မာ့နှစ်သစ်ကူး ပွဲတော်ဖြစ်သည့် သင်္ကြန်ကာလတွင် လာရောက်လည်ပတ်မှုမှာလည်း ပိုများကာ ယခုနှစ်တွင်မူ မာရသာမုန်တိုင်းကြောင့် သင်္ကြန်ရက်အတွင်း လာရောက်လည်ပတ်မှု လျော့နည်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

“မြန်မာနိုင်ငံမှာရှိတဲ့ ပင်လယ်ကမ်းခြေတွေထဲမှာ ငပလီကမ်းခြေက စောလည်းစော၊ နာမည်လည်း ပိုကြီးတယ်။ အရင်က လမ်းပန်းဆက်သွယ်ရေး ခက်ခဲတဲ့အတွက် သွားလာသူ နည်းခဲ့ပေမယ့် အခု လမ်းတွေကောင်းလာလို့ လာတဲ့သူ ပိုများလာတယ်။ ကမ်းခြေက ကျယ်ပြီး ရေတွေက ကြည်တယ်။ ကျောက်ဆောင်တွေရှိတယ်။ ဒါတွေကြောင့် တခြားကမ်းခြေတွေထက် ပိုလှတယ်လို့ လူပြောများကြတယ်။ နောက်တစ်ခုကလည်း ကျန်တဲ့ကမ်းခြေတွေက မြန်မာနိုင်ငံအောက်ပိုင်းမှာပဲ ရှိကြပြီး ငပလီကမ်းခြေကတော့ အလယ်ပိုင်းကျကျနေရာမှာ ရှိနေလို့ မြန်မာနိုင်ငံအနှံ့အပြားက လာသူတွေအတွက် ခရီးလမ်းအားဖြင့် အဆင်ပြေပါတယ်”ဟု ငပလီကမ်းခြေမှ ဟိုတယ်လုပ်ငန်းရှင်တစ်ဦးက ပြောသည်။

ငပလီကမ်းခြေသို့ လာရောက်ရန်အတွက် ပြည်မြို့မှ မိုင် ၁၅၀၊ တောင်ကုတ်မြို့မှ ၄၅ မိုင်နှင့် မကွေးမြို့မှ ၂၂၅ မိုင် ကွာဝေးပြီး ကုန်းလမ်းခရီးတွင် ကတ္တရာလမ်းများမှာ ချောမွေ့ကောင်းမွန်နေပြီဖြစ်၍ လမ်းခရီးတစ်လျှောက်မှာလည်း နယ်မြေအေးချမ်းသာယာလျက်ရှိကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**



**နေပြည်တော် ပုဗ္ဗသီရိမြို့နယ်အတွင်း ဒေသခံပြည်သူများ မှုခင်းအသိပညာတိုးပွားစေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ မှုခင်းပညာပေး ပြခန်းယာဉ်ဖြင့် လှည့်လည်ပြသ အသိပညာပေးမှုကို လူစည်ကားရာနေရာများတွင် ဆောင်ရွက်လျက်ရှိရာ ရွာတော်(မင်္ဂလာဈေး)၌ မေလ တတိယပတ်အတွင်းက လိုက်လံပြသစဉ်** ကိုကိုရှုပ

## မီးဘေးနှင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်

**ဗန်းမော် မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ်တွင် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မီးဘေးလုံခြုံရေးနှင့် လျှပ်စစ်အန္တရာယ်အကြောင်း အသိပညာပေး ဆွေးနွေးဟောပြောပွဲနှင့် မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြခြင်းကို မေ ၂၃ ရက်က မြို့တော်ခန်းမရှေ့နှင့် မြို့နယ်လျှပ်စစ်ရုံးရှေ့တို့၌ ပြုလုပ်ခဲ့သည်။

မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ်ကာကွယ်ရေး ဟောပြောပွဲတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် မြို့နယ်လျှပ်စစ်မှူး ဦးတိုးတို့က ဒေသခံပြည်သူများအား မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လျှပ်စစ်အန္တရာယ် ကာကွယ်ရေးဆိုင်ရာများကို အသိပညာပေး ဆွေးနွေးဟောပြောခဲ့ကြပြီး ဟောပြောပွဲအပြီးတွင် မြို့နယ်မီးသတ်တပ်ဖွဲ့မှူးနှင့် မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြု၍ မီးငြိမ်းသတ်မှုများကို လက်တွေ့သရုပ်ပြခဲ့ကြောင်း သိရသည်။

**ကျော်စွာ(ဗန်းမောက်)**



## လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များ ဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွှယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှုသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။

(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။

(ဂ) မြေဝင်အိမ်တိုင်များအား ချောင်၍လှုပ်နေခြင်းရှိ/ မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ်အောင် မြေကျပ်ပေးပါ။

(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက် ခြင်း -ဥပမာ)

(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာ အုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။

(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသော အစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။

(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။

(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါ အချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။

(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။

(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။

(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။

(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။

(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) -၀၆၇-၄၀၄၆၆၆

Hot Line No များ -၀၆၇-၄၀၄၇၇၇

- ၀၆၇-၄၀၄၂၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ကဒူးတိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲ ခုနစ်ရက်တိုင် ကျင်းပသွားမည်

**အင်းတော် ဧပြီ ၂၄**
စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် စက်တော ကျေးရွာ၌ ကဒူးတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲကို မြန်မာနိုင်ငံ နေရာအနှံ့အပြားသို့ ရောက်ရှိနေသော ကဒူးတိုင်းရင်းသားများ၏ စုစည်းညီညွတ်မှုဖြင့် မေ ၄ ရက်မှ ၁၀ ရက်အထိ ခုနစ်ရက်တိုင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲကျင်းပရန် ဦးစီးဆောင်ရွက်ပေးသည့် ဆရာတော် အရှင်ကိတ္တိသာရက ခုနစ်ရက်တိုင် ကျင်းပပြုလုပ်မည့်ပွဲဖြစ်သည့်အတွက် ပံ့ပိုးကူညီမှုများ လိုအပ်လျက်ရှိ၍ ကူညီပေးကြပါရန် ဖိတ်ခေါ်ပါကြောင်းနှင့် ကဒူးတိုင်းရင်းသားတို့၏ တိမ်မြုပ်ပျောက်ကွယ်နေသည့် ယဉ်ကျေးမှုအမွေများကို မီဒီယာများကလည်း ဖော်ထုတ်ကူညီပေးကြစေလိုကြောင်း မိန့်ကြားသည်။

ပြိုင်ပွဲကျင်းပရေး တာဝန်ရှိသူတစ်ဦးဖြစ်သည့် မမေနွယ်အေးကလည်း ပြိုင်ပွဲကို အနယ်နယ်အရပ်ရပ်တွင် ပျံ့နှံ့ရောက်ရှိနေသော ကဒူးတိုင်းရင်းသားများ စုစုစည်းစည်းတွေ့ဆုံ စေချင်သည့် ရည်ရွယ်ချက်နှင့် ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းစေချင်သည့် ရည်ရွယ်ချက်ဖြင့် ကျင်းပခြင်းဖြစ်ကြောင်း၊ ကဒူးတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကို ဖော်ထုတ်မည့် အဆို၊ အက၊ အတီးပြိုင်ပွဲသို့ အနယ်နယ်အရပ်ရပ်တွင် ရောက်ရှိနေကြသည့် တိုင်းရင်းသားများ လာရောက်ပါဝင်ဆင်နွှဲကြစေလိုကြောင်း၊ ပြိုင်ပွဲတွင် အဆို၊ အကပြိုင်မည့်သူများကို အကြိုအပို့ တာဝန်ယူပေးမည့်အပြင် တက်ရောက်အားပေးကြမည့် ကျေးရွာများမှ ပရိသတ်များအတွက်လည်း ကားများ စီစဉ်ပေးနိုင်ရန် ကြိုးစားထားကြောင်း ပြောသည်။

ကဒူးတိုင်းရင်းသား ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အတီးပြိုင်ပွဲတွင် အတီးပြိုင်ပွဲအနေနှင့် ဗြောတီးပြိုင်ပွဲ၊ ဒိုးပတ်တီးပြိုင်ပွဲ၊ အကပြိုင်ပွဲအနေဖြင့် ကဒူးရိုးရာ နောက်ပိုးအကပြိုင်ပွဲ၊ ရိုးရာအကပြိုင်ပွဲ၊ ကဒူးတိုင်းရင်းသားရိုးရာ အကပြိုင်ပွဲ (အုပ်စုလိုက်)တို့ ပါဝင်ပြီး အဆိုပြိုင်ပွဲတွင် မြန်မာသံဖြင့်သီဆိုမှု၊ ကဒူးသံဖြင့်သီဆိုမှု၊ ကိုယ်ပိုင်သံစဉ်ဖြင့်သီဆိုမှု စသည့် ပြိုင်ပွဲများပါဝင်ကြောင်း၊ ပြိုင်ပွဲဝင်တီးမှုတ်မှုများတွင် အနောက်တိုင်းဂီတသံများ မပါဝင်စေဘဲ တိုင်းရင်းသားရိုးရာ အတီးပညာဖြင့် ရိုးရာအစဉ်အလာမပျက်စေဘဲ ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**ကိုမင်း(အင်းတော်)**



# ပလက်ဝကမ်းခြေ သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းဆောင်ရွက်

**ပလက်ဝ ဧပြီ ၂၄**
ပလက်ဝကမ်းခြေ သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို ပလက်ဝမြို့အုပ်ချုပ်ရေးမှူး ဦးဆောင်၍ သံတွဲမြို့နယ် စည်ပင်သာယာရေးကော်မတီ အမှုဆောင်အရာရှိ ဦးလှဖော်ဇံနှင့် ဝန်ထမ်းများ၊ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ နယ်မြေခံတပ်ရင်းမှ တပ်မတော်သားများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ စုစုပေါင်း အင်အား ၄၀ ခန့် စုပေါင်းပြီး ဧပြီ ၂၂ က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကမ်းခြေရှိ အများပြည်သူအပန်းဖြေရာ နေရာများ၊ လမ်းဘေးဝဲယာနှင့် ကမ်းခြေတစ်လျှောက်တွင် တင်ကျန်နေသည့် အမှိုက်သရိုက်များကို ရှင်းလင်းခြင်းနှင့် ချုံနွယ်ပေါင်းပင်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို စုပေါင်း ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး ပလက်ဝကမ်းခြေသည် ကမ္ဘာကျော်ကမ်းခြေတစ်ခုဖြစ်သဖြင့် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများ စိတ်ချမ်းမြေ့စွာ အနားယူအပန်းဖြေနိုင်ရေးနှင့် မြို့သန့်ရှင်းသာယာလှပရေးအတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ပလက်ဝကမ်းခြေတွင် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို အပတ်စဉ် စနေနေ့တိုင်း ပြုလုပ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းလည်း ပလက်ဝမြို့အုပ်ချုပ်ရေးမှူး ဦးကျော်သူလှိုင်၏ ပြောကြားချက်အရ သိရသည်။

**(မြို့နယ် ပြန်/ဆက်)**



# ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းတွင် ရေထွက်ပေါက်မရှိ၍ လမ်းရေကျော်မည်ကိုစိုးရိမ်ရ

**စစ်ကိုင်း ဧပြီ ၂၄**
စစ်ကိုင်းမြို့ပေါ် ရပ်ကွက်အချို့နှင့် ကျေးရွာများတွင် ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းများ ခင်းထားကြရာတွင် အချို့လမ်းများမှာ လမ်းဘေးဝဲယာများ၌ ရေထွက်ပေါက်များ၊ ရေမြောင်းများ ထည့်သွင်းထားခြင်းမရှိသည့်အတွက် မိုးသည်းထန်စွာ ရွာသွန်းသည့်အခါများ၌ ရေများတင်ကျန်၍ ရေဝပ်မှုများရှိနေကြောင်း၊ ထိုရေဝပ်မှုများကြောင့် ခင်းထားသည့်လမ်းများ ပျက်စီးနိုင်သလို အနိမ့်ပိုင်းနေရာများ ရေဝင်နစ်မြုပ်မှုများလည်း ကြုံတွေ့လာနိုင်ကြောင်း သိရသည်။




စစ်ကိုင်းမြို့ ပန်းဘဲတန်းရပ် ဆင်မြားရှင်စေတီတောင်ဘက်လမ်းကြားမှာ မကြာမီရက်ပိုင်းက ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်း ခင်းခဲ့ပြီးနောက် အများပြည်သူတို့ ဖြတ်သန်းရာတွင် အဆင်ပြေလျက်ရှိသော်လည်း ရေထွက်ပေါက် လမ်းဘေးဝဲယာ ရေမြောင်းများ မပါသည့်အတွက် မိုးရွာသွန်းသည့်အခါ၌ ရေဝပ်ပြီး ရွှေဘို-မုံရွာ လမ်းမကြီးပေါ်အထိ ရေလျှံခြင်း၊ အနိမ့်ပိုင်းရပ်ကွက်များအတွင်း ရေဝင်ရောက်လာနိုင်ခြင်းတို့ကြောင့် သက်ဆိုင်ရာ တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးကာ လိုအပ်သလို ဖြည့်စွက်ဆောင်ရွက်ပေးစေလိုကြောင်း ဒေသခံတစ်ဦးက ပြောသည်။

ဧပြီ ၂၀ ရက် နေ့လယ်ပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခြင်းကြောင့် အဆိုပါ ကိုယ့်အားကိုယ်ကိုး ကွန်ကရစ်လမ်းမှတစ်ဆင့် ရေလျှံကာ စစ်ကိုင်း-ရွှေဘို-မုံရွာကားလမ်းမကြီးပေါ်တွင်လည်း ရေများ အများအပြားတင်နေခဲ့သည်ကို တွေ့ရသည်။ အဆိုပါနေရာတွင် ကွန်ကရစ်လမ်းမခင်းမီ ယခင်အချိန်များတွင် မိုးရွာသွန်းသော်လည်း ရေများမှာ အဆိုပါလမ်းမှတစ်ဆင့် နိမ့်ရာသို့ စီးဆင်းသွားကာ ရေဝပ်ခြင်းမရှိခဲ့ကြောင်း ဒေသခံများထံမှ သိရသည်။

**(ဝဇ)**

# ကျေးရွာစာကြည့်တိုက်အဆောက်အအုံသစ် ဖွင့်ပွဲကျင်းပ

**သံတွဲ ဧပြီ ၂၄**
သံတွဲမြို့နယ် ကွေ့ချောင်းကျေးရွာ၌ သုတစာကြည့်တိုက်သစ်ဖွင့်ပွဲကို ဧပြီ ၂၂ ရက်က ကျင်းပရာ စာကြည့်တိုက် အဆောက်အအုံသစ်ကို သံတွဲခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမြင့်ရွှေနှင့် အဆောက်အအုံအလှူရှင် ဦးကျော်မော်ဦး၊ ဦးကျော်မြင့်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ခရိုင်ဦးစီးအရာရှိက ကျေးရွာစာကြည့်တိုက်များ ရေရှည်ရှင်သန် ဖွံ့ဖြိုးတိုးတက်လာရေးအတွက် ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအဝန်း ပံ့ပိုးဆောင်ရွက်ပေးနေမှု အခြေအနေများကို ရှင်းလင်းပြောကြားပြီး အလှူရှင် ဦးကျော်မော်ဦးက စာကြည့်တိုက်ဆောက်လုပ် လှူဒါန်းသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားကာ ခရိုင်ဦးစီးအရာရှိက စာကြည့်တိုက်အတွက် စာအုပ်စာစောင်များကို စာကြည့်တိုက်မှူး ဦးစံဖေထံ ပေးအပ်လှူဒါန်းသည်။

စာကြည့်တိုက် အဆောက်အအုံသစ်သည် အလျား ၁၈ ပေ၊ အနံ ၁၂ ပေရှိ အုတ်ညှပ်၊ သွပ်မိုး၊ တစ်ထပ် အဆောက်အအုံဖြစ်ပြီး ကွေ့ချောင်းကျေးရွာမှ ဦးကျော်မော်ဦးမိသားစုက အဆောက်အအုံအတွက် ကုန်ကျငွေကျပ် ၃၇ သိန်းကို လှူဒါန်းကာ စာကြည့်တိုက်ဆောက်လုပ်ရန် ကျပ်သိန်း ၃၀ ခန့်တန်ဖိုးရှိ မြေနေရာကို ကွေ့ချောင်းကျေးရွာနေ ဦးမောင်မောင်က လှူဒါန်းခဲ့ကြောင်း သိရသည်။

**သန့်ဇင်( ပြန်/ဆက်)**

## သတင်းတိုများ

### တာပွန်မြို့ငါးထပ်ဘုရားကြီး၌ စုပေါင်းအမှိုက်ကောက်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ် တာပွန်မြို့ဇောဓိမာန်အောင်ငါးထပ်ဘုရားကြီး ပရိဝုဏ်အတွင်း၌ ချုံနွယ်များရှင်းလင်းခြင်း၊ အမှိုက်သရိုက်များကောက်ယူ၍ မီးရှို့ရှင်းလင်းခြင်းစသည့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို တာပွန်မြို့ လူမှုကူညီရေးအသင်း ဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့် အသင်းဝင်များ၊ နယ်မြေစခန်းမှူး ရဲအုပ်အောင်ဇော်မိုးနှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေမီးသတ်စခန်းတာဝန်ခံ ဦးကိုကိုမောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ အင်အား ၇၀ ခန့် စုပေါင်း၍ ဧပြီ ၂၃ ရက်က ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

### နတ်တလင်းဘူတာ၌ ခရီးသွားပြည်သူများအား စာပေရေချမ်းစင်နှင့် ရုပ်သံပြစက်ဖြင့် ဖျော်ဖြေတင်ဆက်

ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့ နတ်တလင်းဘူတာ၌ ရထားစီးခရီးသည်များ ရထားစောင့်ဆိုင်းနေစဉ်အတွင်း ဗဟုသုတရရှိစေရန်နှင့် ဖျော်ဖြေရေးအစီအစဉ်များ ကြည့်ရှုနိုင်ရန်အတွက် စာပေရေချမ်းစင် စာအုပ်များ ထားရှိပေးထားခြင်းနှင့် ရုပ်မြင်သံကြားပြသခြင်း ဝန်ဆောင်မှုများ ဆောင်ရွက်ပေးထားကြောင်း သိရသည်။ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ယွန်းယွန်းစက်သုံးဆီရောင်းဝယ်ရေးက လှူဒါန်းထားသည့် ၂၄ လက်မ တီဗွီနှင့် စကိုင်းနက်ရုပ်သံဖမ်းစက်ဖြင့် ရုပ်မြင်သံကြား ပြသပေးခြင်းကြောင့် ခရီးသွားပြည်သူများ ကျေနပ်မှုရှိကြောင်း သိရသည်။

**တင်မြင့်(နတ်တလင်း)**

# အခြေခံပညာ အတန်းတက်စာရင်းများ ထုတ်ပြန်ကြေညာ

**ကျောက်ပန်းတောင်း ဧပြီ ၂၄**
၂၀၁၆-၂၀၁၇ ပညာသင်နှစ် အခြေခံပညာအဆင့် အတန်းတက်စာရင်း(ခေါ်)အတန်းကူးပြောင်းစာရင်းများကို တစ်နိုင်ငံလုံးတွင် ဧပြီ ၂၃ ရက်က တစ်ပြိုင်နက် ထုတ်ပြန်ကြေညာခဲ့ရာ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင်လည်း အတန်းတက်စာရင်းများကို ဧပြီ ၂၃ ရက် နံနက် ၆ နာရီမှစ၍ သက်ဆိုင်ရာကျောင်းများအလိုက် ထုတ်ပြန်ကြေညာခဲ့ပြီး လာရောက်ကြည့်ရှုသော ကျောင်းသား ကျောင်းသူများ၊ ကျောင်းသားမိဘများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် အစိုးရကျောင်း ၂၆၈ ကျောင်း၊ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းခြောက်ကျောင်း၊ ပုဂ္ဂလိကပညာရေးကျောင်းသုံးကျောင်းနှင့် မူလတန်း(ခွဲ)ကျောင်း ငါးကျောင်းရှိရာ စုစုပေါင်း အခြေခံပညာသင်အဆင့် ကျောင်းပေါင်း ၂၈၂ ကျောင်းရှိကြောင်း သိရသည်။ သက်ဆိုင်ရာကျောင်းများအလိုက် အတန်းတက်စာရင်းများကို ကျောက်ပန်းတောင်းမြို့နယ် ပညာရေးမှူးရုံးက ဧပြီ ၂၂ ရက်တွင် စတင်ဖြန့်ဝေပေးခဲ့ပြီး ၂၃ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်ကာ အဆိုပါ အတန်းကူးပြောင်းအောင်စာရင်း(အတန်းတက်စာရင်း)များမှာ (တက္ကသိုလ်ဝင်တန်းမပါ) အခြေခံပညာအဆင့်ဖြစ်ပြီး အဋ္ဌမတန်းနှင့် စတုတ္ထတန်းများတွင် အဆင့် အေ၊ ဘီ၊ စီ ခွဲခြားထုတ်ပြန်ခဲ့သော်လည်း ကျန်အတန်းများမှာ အဆင့်ခွဲခြားသတ်မှတ်မှုမရှိကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**



# အစာစားချင်စိတ်မရှိတာ ဘာကြောင့်လဲ

**ကြည်လွင်မြင့်(မုံရွာ)**

သင်တစ်ခါတစ်ရံ အစာစားချင်စိတ် ကင်းမဲ့နေပါလိမ့်မည်။ ဘာစားချင်သလဲမေးလျှင် ဘာပြောရမှန်းမသိ၊ စားချင်စိတ် မရှိသဖြင့် စားချင်တာကို မသိခြင်း ဖြစ်သည်။

အိမ်ရှင်မက ဈေးခြင်းကိုင်ပြီး ဈေးသွားခါနီးလျှင် ဒီနေ့ဘာစားချင်သလဲဟု မေးလေ့ရှိသည်။ ထိုအခါ ဘာပြောရမှန်းမသိဖြစ်ပြီး "ကြုံတာသာ ဝယ်ချက်ပါကွာ၊ ဘာမှ စားချင်စိတ်မရှိဘူး "ဟု ပြောလိုက်ရသည်။

လူကို အစာစားချင်စိတ်ဖြစ်စေသော အရာမှာ အစာအိမ်မှ ဝမ်းမီးဖြစ်သည်။ ဝမ်းမီးတောက်နေပြီဟုပြောလျှင် ဗိုက်ဆာလှပြီ၊ ခြေဖို့အစာကို အစာအိမ်က တောင့်တနေပြီ၊ မြန်မြန်စားပါတော့ဟု ဆိုလိုသည်။

ဝမ်းမီးငြိမ်းသွားပြီဆိုလျှင် ယနေ့အဖို့ အစာဝပြီ၊ ပြည့်စုံပြီ၊ နောက်ထပ်စားရန် မလိုတော့သဖြင့် (အစာအိမ်ထဲမှ) မီးဖိုကြီးကို ငြိမ်းလိုက်ပြီဟု သဘောပေါက်ရလေသည်။ သို့သော် ဝမ်းမီးငြိမ်းခြင်းသည် သည်တစ်နေ့တာအတွက်သာ ငြိမ်းခြင်းဖြစ်ပြီး နောက်တစ်နေ့ အချိန်တန်လျှင် ဗိုက်ပြန်ဆာပြီး ဝမ်းမီးပြန်တောက်ဖို့လိုသည်။ အမြဲငြိမ်းသွားဖို့မဟုတ်။ ဝမ်းမီး အမြဲငြိမ်းသွားသည်ကား လူသေခြင်းပင် ဖြစ်သည်။

ဝမ်းမီးငြိမ်းခြင်းအပြင် ဝမ်းမီးပျက်ခြင်းဟူသော စကားလည်းရှိသေးသည်။ လူနာက အစာကို လက်မခံတော့၊ ဘာကျွေးကျွေးမဝင်၊ ဝင်လျှင်လည်း ပြန်အန်ထုတ်သည်။ ဝမ်းသွားလျှင် မကြေသောအစာတွေ၊ အဖတ်တွေအတိုင်း ပြန်ပါသည်။ ဝမ်းမီးအလုပ် မလုပ်တော့သော အခြေအနေကို ဝမ်းမီးပျက်သည်ဟု ဆိုသည်။ အိမ်တွင် မီးမလာသောအခါ မီးစက်ကို နှိုးကြသည်။ မီးစက်နှိုးမရသောအခါ မီးစက်ပျက်သွားပြီဟု ဆိုကြသည်။ ပူအိုက်ခြင်း၊ မှောင်မည်းခြင်း ဒဏ်အမျိုးမျိုးကို ခံစားကြရသည်။

ထို့အတူ ဝမ်းမီးပျက်လျှင်လည်း ထိုလူနာမှာ ပူလောင်ခြင်း၊ ရေငတ်ခြင်း၊ သွေးထွက်ခြင်း၊ ဝမ်းပျက်ခြင်း၊ သတိလစ်ခြင်းတို့ကို ခံစားရလေသည်။ ထို့ကြောင့် ရှေးသမားတော်ကြီးများက ရေးသော ဆေးကျမ်းများတွင် ဝမ်းမီးပျက်သော် သိကြားဆင်းကုသော်မှ မရဟုဆိုကြသည်။

ရှေးက ပုံပြင်များတွင် သူတော်ကောင်းများ တစ်စုံတစ်ရာ ဘေးဒုက္ခကျရောက်ပါက သိကြားမင်းကဆင်းလာပြီး ကယ်တင်လေ့ရှိသည်။ သုဝဏ္ဏသာမပုံပြင်တွင်လည်း မိဘကို လုပ်ကျွေးသူဖြစ်၍ အဆိပ်မြားမှန်၍ သေအံ့မူးမူးဖြစ်သောအခါ မိဘများက တိုင်တည်လိုက်ရာ သိကြားမင်းက ဆင်းလာပြီး ကိုယ်ထင်ပြကာ အသက်ရှင်အောင် ကယ်တင်လိုက်နိုင်သည်။ သို့သော် ဝမ်းမီးပျက်သောလူနာကိုကား တတ်နိုင်၍ သိကြားမင်းဆင်းလာပြီး ကုသော်မှ မရှင်နိုင်ဟု အလွန်အကျူး တင်စားလိုက်ခြင်း ဖြစ်ပေတော့သည်။



ဝမ်းမီး (၅)မျိုးရှိသည်ဟု ဆေးကျမ်းများက ဆိုသည်။

၁။ မန္ဒဝမ်းမီး - အားပျော့သောဝမ်းမီး၊
၂။ တိက္ခဝမ်းမီး - ထက်သောဝမ်းမီး၊
၃။ သမဝမ်းမီး - မျှတသောဝမ်းမီး၊

၎င်း(၃)မျိုးမှာ လူတို့တွင် အခြေအနေ၊ အချိန်အခါ၊ အသက်အရွယ်လိုက်၍ အစာအိမ်အတွင်းရှိ မကြာခဏ ပြောင်းလဲဖြစ်တတ်သော ဝမ်းမီးများ ဖြစ်သည်။

ဆေးကျမ်းများအဆို ကျန်ဝမ်းမီး(၂)မျိုးမှာကား ရောဂါဖြစ်နေသူများ အဆင့်တွင် တွေ့ရလေ့ရှိသော ဝမ်းမီးမျိုးဟု ဆိုရမည်ထင်သည်။

ယင်းနှစ်မျိုးမှာ

၄။ ဝိသမဝမ်းမီး - ပျက်စီးနေသောဝမ်းမီးနှင့်
၅။ ဘဿဝမ်းမီး - ပြာကျအောင်လောင်သောဝမ်းမီးဟု ဆေးပညာကျမ်းများအဆိုအရ ရှိပါသည်။

၎င်းဝမ်းမီး(၅)မျိုးအနက်မှ မန္ဒဝမ်းမီးခေါ် နုံ့သောဝမ်းမီး၊ တစ်နည်းအားဖြင့် အားလျော့သော ဝမ်းမီးအကြောင်းကိုသာ ၎င်းဆောင်းပါးတွင် တင်ပြလိုက်ပါသည်။

သမုဒ္ဒရာဝမ်းတစ်ထွာဟု ဆိုရာဝယ် ကိုယ့်ဝမ်းအတွက်သာမက သူတစ်ပါးဝမ်းအတွက်၊ မိသားစုဝမ်းအတွက်ပါ ရှာဖွေကြရသူများတွင် စားချိန်တန်၍ မစားရ၊ အချိန်လွန်မှ စားရသောနေ့များ ရှိကြပေလိမ့်မည်။

လူတချို့ ပြေလည်နေကြသော်လည်း မပြေလည်ကြသူများမှာ အစာကို စားရပြန်သော်လည်း ဝဝလင်လင်မစားရ၊ ခွဲတမ်းနှင့်သာ စားရသူများ ရှိကြသည်။ ဝမ်းမီးဟူသည် စိတ်နှင့် ဆက်နွှယ်နေသော သဘာဝရှိသဖြင့် စားစရာမရှိတော့၊ မကျန်တော့သဖြင့် အာသီသမပြည့်ဝဘဲ ရပ်လိုက်ရသော အခါတွင် ဝမ်းမီးကလည်း အားလျော့သွားရလေသည်။

ဈေးရောင်းရသူ မိတ်ဆွေတစ်ဦးက ပြောဖူးသည်မှာ သူတို့မိသားစု ထမင်းစားလျှင် ဘယ်သောအခါတွင်မျှ စုံစုံညီညီမစားရ။ တစ်ဦးစားလျှင် ကျန်သူများက ဈေးရောင်း၊ အလှည့်ကျစားရသဖြင့် ထမင်းကမမြိန်၊ တစ်ခါတစ်ရံ စားလက်စအစာကို ရပ်လိုက်ရသည့်အခါများ ရှိသည်။

အနောက်တိုင်းမှ စမ်းသပ်ချက်တစ်ခုတွင် ခွေးတစ်ကောင်၏ အစာအိမ်အတွင်းသို့ ပိုက်ထည့်ထားပြီး အစာခြေရည်ထွက်မှုကို လေ့လာသည်။ ခွေးကိုအစာပြလိုက်သောအခါ စားရမည်ထင်ပြီး အစာအိမ်မှ အစာခြေရည်များထွက်လာသည်။ ထို့နောက် ခွေးကိုအစာမကျွေးဘဲ ပြန်သိမ်းသွားသောအခါ အစာခြေရည် ဆက်မထွက်တော့ဘဲ ရပ်တန့်သွားတော့သည်။ အကြိမ်ကြိမ် ၎င်းသို့ စမ်းသပ်ပြုလုပ်ရာ နောက်ပိုင်းတွင် ခွေးရှေ့တွင် အစာချပေးသော်လည်း အစာခြေရည်မှာ စိမ့်ထွက်မလာတော့ပေ။

အလုပ်ရှုပ်သူ၊ အလုပ်များသူ၊ အလုပ်မအားလျှင် အစာမစားသူများ သတိထားဖို့မှာ ဝမ်းမီးအားလျော့သွားခြင်းကြောင့် မန္ဒဝမ်းမီးရောဂါ ရရှိလာနိုင်ခြင်းဖြစ်သည်။

ဘယ်အချိန်မှာ ငါအစာစားမလဲ၊ စားမည့်အချိန်တွင် အလုပ်နှင့်မတွဲဘဲ လွတ်လပ်စွာ စားသောက်နိုင်မည့်အနေအထားကို ကြိုတင်စဉ်းစားထားပါ။

'အစားက အရေးမကြီး၊ အလုပ်က အရေးကြီးသည်။ အလုပ်ကသာ အောင်မြင်မှုကို ပေးနိုင်သည် 'ဟု ယူဆထားသူများထဲမှ ထင်ရှားအောင်မြင်သော ပုဂ္ဂိုလ်ကြီးတစ်ဦးမှာ အစာအိမ်ရောဂါဖြင့် နှစ်ရှည်ခံစားပြီးမှ ကွယ်လွန်သွားရသည်ကို တွေ့ဖူးပါသည်။

အစာအိမ်ကင်ဆာရောဂါဖြစ်နေသူ အတော်များများကို လေ့လာကြည့်ရာ ဖြစ်စတွင် အစာမကြေ၊ စားလျှင် ပြန်ပြန်အန်ထွက်ရာမှ စသည်။ မန္ဒဝမ်းမီးကြောင့် အစာခြေရည်မထွက်၊ မခြေနိုင်ခြင်းက စတင်ခဲ့ခြင်းဖြစ်သည်။

အစာမကြေလျှင် အစာကြေဆေးသောက်မည်။ အစာကြေဆေးသောက်လိုက်လျှင် အစာကြေသွားမည်ဟု ထင်လျှင်မှားမည်။ မူလဝမ်းမီးအားဖြင့် ခြေထားသောအစာကို ၇၀ ရာခိုင်နှုန်း ကြေပြီးမှ ခန္ဓာကိုယ်အားနည်း၍ အစာခြေရည် ဆက်ထွက်မလာလျှင် ကျန် ၃၀ ရာခိုင်နှုန်းကို အစာကြေဆေးများက ကူညီပေးနိုင်သည်။ ဝမ်းမီးအားလျော့ပြီး မန္ဒဝမ်းမီးနုံ့နေလျှင် အစကတည်းက မကြေသောအစာများကို အစာကြေဆေးက ခြေပေးနိုင်မည် မဟုတ်ပါ။

အစာကြေခြင်းတွင် ကျမ်းများအဆိုအရ အဆင့်(၇)ဆင့်အထိ ကြေချက်ရသည်။

ခန္ဓာကိုယ်ကြီးအတွက် -

(၁) ပထမအဆင့် အစာကြေလျှင် ရသရည်ဖြစ်သည်။
(၂) ဒုတိယအဆင့် အစာကြေလျှင် သွေးဖြစ်သည်။
(၃) တတိယအဆင့် အစာကြေလျှင် အသားဖြစ်သည်။
(၄) စတုတ္ထအဆင့် အစာကြေလျှင် အဆီဖြစ်သည်။
(၅) ပဉ္စမအဆင့် အစာကြေလျှင် အရိုးဖြစ်သည်။
(၆) ဆဋ္ဌမအဆင့် အစာကြေလျှင် ခြင်ဆီ ဖြစ်သည်။
(၇) သတ္တမအဆင့် အစာကြေလျှင် သုက်ဖြစ်သည်။

အကျယ်ကို မဖော်ပြနိုင်သော်လည်း ဝမ်းမီးအားမကောင်းလျှင် အဆင့်ဆင့် မကြေချက်နိုင်သဖြင့် ရသရည်အဆင့်တွင်ပင် ကြေပြီးနောက်အဆင့်များမရောက်နိုင်လျှင် အသွေး၊ အသား၊ အရိုးအားရှိသောဓာတ်များ ခန္ဓာကိုယ်က ရရှိတော့မည် မဟုတ်ပါ။

လမ်းလျှောက်ပေးခြင်းသည် ဝမ်းမီးကို တောက်စေသော သတ္တိအပြည့်ရှိသည်။ လူတိုင်း လမ်းလျှောက်ချိန် တစ်နေ့လျှင် ၂နာရီ ပေးသင့်သည်။ သီးသန့်လမ်းလျှောက်ချိန်မရှိလျှင်၊ အလုပ်ကို မဝေးလွန်းလျှင် လမ်းလျှောက်ပြီးသွားပါ။ ဝမ်းမီးပြန်ကောင်းလာဖို့ ငွေမကုန်သော ဆေးကုနည်းဖြစ်ပါသည်။

အစာမကြေ မန္ဒဝမ်းမီးရောဂါရပြီထင်လျှင် အစာစားပြီးချိန်တွင် ထိုင်မနေပါနှင့်။ ဝမ်းမီးအားနည်းသော် အစာစားပြီးလျှင် အိပ်ချင်ငိုက်မျဉ်းလာလေ့ရှိသည်။ မအိပ်ပါနှင့်၊ ထပြီး လမ်းအနည်းငယ် လျှောက်လိုက်ပါ။ လမ်းလျှောက်လျှင် အစာအိမ်နံရံ ကြွက်သားများကို လှုံ့ဆော်သလိုဖြစ်ပြီး အစာခြေရည်ထွက်ကျလာပါလိမ့်မည်။ ထိုအခါ မန္ဒဝမ်းမီးရောဂါကို ကုသပေးရာရောက်ပါလိမ့်မည်။

အစာအိမ်ကျန်းမာမှ လူကျန်းမာမည်။
မန္ဒဝမ်းမီးရောဂါဘေး ကင်းဝေးကြပါစေ။

**လူတချို့ ပြေလည်နေကြသော်လည်း မပြေလည်ကြသူများမှာ အစာကို စားရပြန်သော်လည်း ဝဝလင်လင် မစားရ၊ ခွဲတမ်းနှင့်သာ စားရသူများ ရှိကြသည်။ ဝမ်းမီးဟူသည် စိတ်နှင့် ဆက်နွှယ်နေသော သဘာဝရှိသဖြင့် စားစရာ မရှိတော့၊ မကျန်တော့သဖြင့် အာသီသမပြည့်ဝဘဲ ရပ်လိုက်ရသော အခါတွင် ဝမ်းမီးကလည်း အားလျော့သွားရလေ**

## နိဗ္ဗာန်ဈေးပွဲတော်ကျင်းပ

**သုံးခွ ဧပြီ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် အမှတ်(၅) ရပ်ကွက် မင်းတုန်းမင်းလမ်းတွင် လမ်းသူ၊ လမ်းသားများ စုပေါင်း၍ (၁၄)ကြိမ် မြောက် နိဗ္ဗာန်ဈေးပွဲတော်ကို ဧပြီ ၂၂ ရက်က ပြုလုပ်ရာ ပွဲတော်လာရောက်ကြသော ပြည်သူများအား စတုဒိသာ ရွှေရင်အေး၊ မုန့်လက်ဆောင်း၊ သာကူတို့ဖြင့် ဧည့်ခံကျွေးမွေးလှူဒါန်းသည့်အပြင် ရပ်ကွက်သူ၊ ရပ်ကွက်သားများက ဆိုင်ခန်းပေါင်း ၁၅၀ ဖွင့်လှစ်၍ လူသုံးကုန်၊ စားသောက်ကုန်၊ အချိုရည်မျိုးစုံတို့ကို လှူဒါန်းကြကာ ကံစမ်းမဲများ ဖောက်ပေးပြီး ပွဲတော်လာသူများဖြင့် အထူးစည်ကားခဲ့ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## ဘော်လီဘောအားကစားဖွံ့ဖြိုးတိုးတက်ရေး ဆပ်ကော်မတီနှင့်လုပ်ငန်းရှင်များ ညှိနှိုင်းပူးပေါင်းဆောင်ရွက်

**မန္တလေး ဧပြီ ၂၄**

မန္တလေးတိုင်းဒေသကြီး ဘော်လီဘောအားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့ ဘော်လီဘောဆပ်ကော်မတီနှင့် လုပ်ငန်းရှင်များ ပူးပေါင်းတွေ့ဆုံညှိနှိုင်းခြင်းကို ဧပြီ ၂၃ ရက်က ချမ်းအေးသာစံမြို့နယ်ရှိ ORIENTAL HOUSE ခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာဇော်မြင့်မောင် တက်ရောက် အမှာစကား ပြောကြားသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းဒေသကြီးအားကစားနှင့် ကာယပညာဦးစီးဌာနမှူးနှင့် တာဝန်ရှိသူများ၊ ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ နိုင်ငံ့ဂုဏ်ဆောင်ဘော်လီဘောနှင့် ဘောလုံးအားကစားလက်ရွေးစင်ဟောင်းများ၊ အလှူရှင်မိသားစုများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားတွင် တိုင်းဒေသကြီး ဘော်လီဘောဆပ်ကော်မတီဥက္ကဋ္ဌ ဦးအောင်ဆန်းဝင်းက ဘော်လီဘောအားကစားတိုးတက်ဖွံ့ဖြိုးရေးအတွက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်နေမှု အခြေအနေများကို လည်းကောင်း၊ အတွင်းရေးမှူး ဦးမြင့်ဆွေက ဘော်လီဘော အားကစားနှင့် ပတ်သက်၍ အတွေ့အကြုံများကို လည်းကောင်း ပြောကြားဆွေးနွေးကြသည်။

ထို့နောက် တိုင်းဒေသကြီး ဘော်လီဘောလောကဖွံ့ဖြိုးတိုးတက်ရေးအတွက် အောင်သမာဓိမိသားစုက အလှူငွေကျပ် သိန်းငါးဆယ်၊ ဂရိတ်ဝေါကုမ္ပဏီလီမိတက်က အလှူငွေကျပ် သိန်းသုံးဆယ်၊ အေဝမ်းသကြားလုံးမိသားစုက အလှူငွေကျပ် သိန်းနှစ်ဆယ်၊ မန္တလေးမော်တော်ယာဉ်ထုတ်လုပ်ရေး၊ မန်းမြေရာဇာမိသားစု၊ ပိုင်ဖြိုးသီဟကုမ္ပဏီမိသားစုတို့က ငွေကျပ်ဆယ်သိန်းစီနှင့် အခြားအလှူရှင် ၃၀ ကျော်တို့က အလှူငွေစုစုပေါင်း ငွေကျပ် ၂၀၇ သိန်းကို ပေးအပ်လှူဒါန်းခဲ့ရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လက်ခံယူခဲ့ကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



# ကျောက်တော်မြို့ မဟာမုနိဘုရားကြီး၌ ဘုရားဖူးများဖြင့်စည်ကား

**ကျောက်တော် မေ ၂၄**

ရခိုင်ပြည်နယ် ကျောက်တော်မြို့၌ ထင်ရှားကျော်ကြားသည့် မဟာမုနိ တန်ခိုးကြီးဘုရားသို့ ပြည်နယ်အတွင်းရှိ မြို့ရွာများနှင့် မြန်မာနိုင်ငံအရပ်ရပ်မှ ဘုရားဖူးများ၊ နိုင်ငံခြားသား ကမ္ဘာလှည့်ခရီးသည်များဖြင့် စည်ကားလျက်ရှိနေကြောင်း သိရသည်။

ကျောက်တော်မြို့ မဟာမုနိဘုရားကြီးသို့ လာရောက်ဖူးမြော်နေသော ဘယ်လ်ဂျီယံနိုင်ငံသူ အမျိုးသမီးတစ်ဦးက ယခုကဲ့သို့ ရခိုင်ပြည်နယ်အတွင်း လာရောက်လေ့လာခွင့်ရရှိသောကြောင့် ဝမ်းသာပီတိဖြစ်ရကြောင်း၊ ရခိုင်ရိုးရာဓလေ့များကို သိရှိရသည့်အတွက် အံ့သြရသည့်အပြင် လေးစားချီးကျူးရကြောင်း ရခိုင်ပြည်နယ်သည် သာယာလှပပြီး စိမ်းစိမ်းစိုစိုနှင့် နေချင်စဖွယ်ကောင်းကြောင်း၊ လမ်းများကောင်းနေသည့်အတွက် သွားလာရအဆင်ပြေကြောင်း၊ ရခိုင်လူမျိုးတို့၏ ရိုးသားဖော်ရွေမှုကို ဖော်ပြပြီး သဘောကောင်း ဖော်ရွေသည့်အတွက် အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသွားခဲ့သည်။



ကျောက်တော်မဟာမုနိ ဘုရားကြီးသည် မင်းပြားမြို့မှ ၂၀ မိုင်ဝေးကွာပြီး ကျောက်တော်မြို့နယ်အတွင်းတွင် တည်ရှိကာ ဘုရားဖူးအဖွဲ့များသည် မဟာမုနိဘုရားကြီးမှ တစ်ဆင့် ကုလားတန်မြစ်ကမ်းဘေး သေလာဂီရိတောင်ပေါ်ရှိ မြတ်စွာဘုရားဗျာဒိတ်ပေးတော်မူရာ တောင်ပေါ်သို့ ဆက်လက်ဖူးမြော်ရန် သွားရောက်ကြကြောင်း သိရသည်။

တောင်တော်သည် ကုလားတန်မြစ်ကူးတံတားဖြစ်သော ကစ္ဆပနဒီတံတားထိပ်မှ သွားရောက်ကာ မဟာမုနိဘုရားနှင့် ခြောက်မိုင်ကွာဝေးကာ တောင်ပေါ်မှ ကျောက်တော်မြို့၊ ကစ္ဆပနဒီတံတား၊ ကုလားတန်မြစ်တွင်းနှင့် ပတ်ဝန်းကျင်ရှိ လှပသောရှုခင်းတို့ကို တွေ့မြင်ခံစားနိုင်ကြောင်း သိရသည်။

**သက်နိုင်(ပြင်ဦးလွင်)**

# ဈေးနှုန်းသက်သာစွာဖြင့် လတ်ဆတ်သောသီးနှံများ နှင့်ထမင်းဟင်းများ ဝယ်ယူစားသုံးနိုင်

**ရန်ကုန် မေ ၂၄**

ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ဒဂုံ-ရေအေးဝေးပြေးယာဉ်ရပ်နားဝင်း၌ မေ ၂၂ ရက် နံနက်က ခရီးသွားပြည်သူများနှင့် အများပြည်သူတို့ ဈေးနှုန်းသက်သာစွာဖြင့် လတ်ဆတ်သော စိုက်ခင်းသီးနှံများကို ဝယ်ယူစားသုံးလျက်ရှိကြောင်း သိရသည်။

"ဈေးမှာဝယ်တာထက် ဈေးမှာသက် သက်သာတဲ့ ဈေးနှုန်းနဲ့ ထမင်းဟင်းရောင်းပေးတာကို ဈေးရောင်းတဲ့ မိတ်ဆွေတွေပြောလို့ သိနေတာကြာပြီ။ အခုမှ ဝယ်ဖြစ်တာပါ။ အသားနဲ့ကြက်ဥ၊ ဟင်းသီးဟင်းရွက်တွေက လတ်ဆတ်ပြီး ဈေးသက်သာတော့ ခရီးသွားနဲ့ လက်ပွေ့ဈေးသယ်တွေလည်း အဆင်ပြေတာပေါ့။ လက်ဖက်ရည်၊ ကြက်သားနဲ့ထမင်းတစ်ဘူးကို ငွေကျပ် ၅၀၀ နဲ့ စားနိုင်တာ တစ်နေ့တာ အပိုထွက်မယ့်ငွေ ချွေတာသွားနိုင်တာပေါ့"ဟု အဝေးပြေးကားဝင်းအတွင်း ကုလားကြီးစုကျေးရွာမှ အသုပ်စုံရောင်းသော ဒေါ်လှည္ဖွန့်က ပြောသည်။

ခရီးသွားပြည်သူများနှင့် အဝေးပြေးဝင်းအတွင်းရှိပြည်သူများက ကြက်သား၊ ကြက်ဥ၊ နွားနို့၊ ကန်စွန်းရွက်၊ ကိုက်လန်၊ ချဉ်ပေါင်၊ မုန်ညင်း၊ ဟင်းနုနယ်၊ သခွားသီး၊ ဘူးသီး၊ ခရမ်းသီးတို့ကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူလျက်ရှိကာ ကြက်သား၊ ပဲဟင်း၊ငါးပိကြော်နဲ့ တို့စရာဖြင့် ထမင်းတစ်ဘူးလျှင် ငွေကျပ် ၅၀၀ ဖြင့် လည်းကောင်း၊ ကြက်ဥနှင့်ထမင်းတစ်ဘူးလျှင် ငွေကျပ် ၃၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်း သိရသည်။

"အခြေခံ လူတန်းစားများတဲ့ လှိုင်သာယာမှာ ထမင်းတစ်ဘူး ငွေကျပ် ၅၀၀နဲ့ ဝယ်စားရတာကို သဘောကျကြတယ်။ ထမင်းနှစ်ဘူးဆိုရင်ပဲ အမျိုးသား တစ်ဦးဝဝလင်လင်ဖြစ်သွားပြီ။ ဈေးလာရောင်းတဲ့ သူတွေဆီက နံနက်စာ ချက်ပြုတ်ဖို့ အသားနဲ့ ဟင်းသီးဟင်းရွက် ဈေးသက်သာစွာနဲ့ ဝယ်ယူနိုင်ကြတယ်ဆိုတော့ လက်လုပ်လက်စားတွေပိုပြီး အဆင်ပြေ မှာပါ"ဟု ဒဂုံ-ရေအေးဝေးပြေးဝင်းကားအတွင်းရှိ ရန်ကုန်-ပုသိမ်ယာဉ်လိုင်းမှ မန်နေဂျာတစ်ဦးက ပြောသည်။

**သန်းထိုက်(လှိုင်သာယာ)**

# နှစ်ဦးကုသိုလ်အဖြစ် သောက်သုံးရေများလာရောက် လှူဒါန်း

**ရေစကြို မေ ၂၄**

၁၃၇၉ ခုနှစ် မြန်မာနှစ်သစ်ကူးနှစ်ဦးကုသိုလ်အဖြစ် ရေစကြိုမြို့နယ် ရှင်မတောင်အနီး လေညှင်းတောင် သာသနာနယ်မြေ ဘုန်းတော်ကြီးကျောင်းသို့ ပခုက္ကူခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ ဂါလန် ၂၀၀၀ဆံ့ ရေအလှူယာဉ်ဖြင့် သောက်သုံးရေများကို မေ ၂၂ ရက် နံနက်က လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

"လေညှင်းတောင် သာသနာ့နယ်မြေ ဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးနန္ဒိယက ဒုလ္လဘရဟန်းများအတွက် သောက်သုံးရေများ လိုအပ်လျက်ရှိကြောင်း ဖုန်းဖြင့် ဆက်သွယ်အကြောင်း ကြားတဲ့အတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ မူဝေရေး အစီအစဉ်ဖြင့် ကျွန်တော်တို့ ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေး ဦးစီးဌာနမှ သောက်သုံးရေများကို လာရောက် လှူဒါန်းခြင်းဖြစ်ပါတယ်"ဟု ခရိုင်ဆည်မြောင်းနှင့်ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဝင်းမော်ဦးက ပြောသည်။



**ဖေထွဏ်းဇော်**

# ဝါဆိုဆရာတော်ဘုရားကြီး ဘဒ္ဒန္တအဂ္ဂိယမဟာထေရ်၏ သက်တော် (၁၀၀)ပြည့် အထိမ်းအမှတ် ကုသိုလ်တော်ပွဲကျင်းပ

**မန္တလေး မေ ၂၄**

ရွှေကျင်သာသနာပိုင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက၊ အဂ္ဂမဟာပဏ္ဍိတ၊ မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံ၊ ဝါဆိုဆရာတော်ဘုရားကြီး ဘဒ္ဒန္တ အဂ္ဂိယမဟာထေရ်၏ သက်တော်(၁၀၀)ပြည့် အထိမ်းအမှတ် ကုသိုလ်တော်ပွဲရေစက်ချ မင်္ဂလာအခမ်းအနားကို မေ ၂၀ ရက်က မဟာအောင်မြေမြို့နယ်ရှိ အဆိုပါကျောင်းတိုက် အောင်မြေသာစည်အလယ်ကျောင်းကြီး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ဝါဆိုဆရာတော်ကြီး သက်တော် (၁၀၀)ပြည့်အထိမ်းအမှတ် မဟာဝိသေသဒါန မင်္ဂလာများနှင့် စပ်လျဉ်း၍ ရွှေကျင်ဂိုဏ်းအကျိုးတော်ဆောင် နိုင်ငံတော်သံဃမဟာနာယက မန္တလေးမြို့အဝေရာ ရာမရန်ကင်းကျောင်းတိုက် ပဓာနနာယက ဆရာတော်က လျှောက်ထားသည်။ ယင်းနောက် ဆရာတော်၊ သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်ဒေါက်တာဇော်မြင့်မောင်၊ တိုင်းမှူးနှင့် ဝန်ကြီးများ၊ တာဝန်ရှိသူများ၊ အလှူရှင်မိသားစုများက သင်္ကန်းအစရှိသော လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မန္တလေးမြို့အထွေထွေရောဂါကု ဆေးရုံကြီး နှလုံးတိုးချဲ့ဆောင်အတွက် အလှူငွေကျပ်သိန်းတစ်ထောင်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် လင်းယဉ်ရွာ အထက်တန်းကျောင်း အစည်းအဝေးခန်းမအတွက် အလှူငွေကျပ်သိန်းလေးရာ၊ လင်းယဉ် အ.ထ.က မှ တက္ကသိုလ်ဝင်တန်း အောင်မြင်ကြသည့် ကျောင်းသားကျောင်းသူများအား နှစ်စဉ်ပညာဒါနဆုချီးမြှင့်ရန် ရန်ပုံငွေစိုက်ထူမည့် ငွေကျပ်သိန်းသုံးရာတို့ကို အလှူရှင်မိသားစုများက ပေးအပ်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူတို့က လက်ခံယူခဲ့ကြောင်း သိရသည်။

**တင်မောင်-မန်းကိုယ်ပွား**

# ကျောက်တော်မြို့နယ်၌ လျှပ်စစ်မီးပိုမိုရရှိစေရန် လုပ်ငန်းတိုးချဲ့ဆောင်ရွက်

**ကျောက်တော် မေ ၂၄**

လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း ရခိုင်ပြည်နယ် မြောက်ဦးခရိုင် ကျောက်တော်မြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်ဓာတ်အားများ အပြည့်အဝအချိန်မီရရှိနိုင်ရန် လုပ်ဆောင်လျက်ရှိရာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ကျေးရွာ ငါးရွာသို့ လျှပ်စစ်မီးသတ်မှတ်ချိန်အတိုင်း ရရှိစေရန် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တိုးချဲ့တည်ဆောက်ခြင်း လုပ်ငန်းများကို ပြည်နယ်အစိုးရရန်ပုံငွေဖြင့် တည်ဆောက်ခဲ့ကြောင်း သိရသည်။

ထို့အပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်တွင်လည်း ကျောက်တော်မြို့နယ် အပေါက်ဝကျေးရွာနှင့် ရွာမပြင်ကျေးရွာများသို့ ၂၄ နာရီမီးရရှိစေရန် ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ တည်ဆောက်နိုင်ရန်အတွက် ပြည်နယ်အစိုးရအဖွဲ့မှ လျာထားခွင့်ပြုထားပြီးဖြစ်ကြောင်း မြို့နယ်လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ လျှပ်စစ်မှူး ဦးလှထွန်းထံမှ သိရသည်။ ထို့အပြင် မြို့နယ်လျှပ်စစ်မှူးနှင့် လျှပ်စစ်ဝန်ထမ်းများကလည်း လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေး လုပ်ငန်းအနေဖြင့် ကျေးရွာနေပြည်သူများ လျှပ်စစ်မီးအမြန်ရရှိနိုင်ရန် အိမ်သုံးလျှပ်စစ် မီတာအိုးများကို သွားရောက်တပ်ဆင် ပေးလျက်ရှိကာ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်စေရေးအတွက် လူထု ပညာပေး ဟောပြောပွဲပြုလုပ်ပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို လုပ်ဆောင် ပေးလျက်ရှိကြောင်း သိရသည်။

**အောင်လှဖြူ**

# တိုင်းဒေသကြီး ကလပ်အသင်းအလိုက် တင်းနစ်ပြိုင်ပွဲများ ကျင်းပ

**ရန်ကုန် မေ ၂၄**

မြန်မာနိုင်ငံတင်းနစ်အဖွဲ့ချုပ်သည် တိုင်းဒေသကြီးနှင့်ပြည်နယ် ကလပ်အသင်းအလိုက် တင်းနစ်ပြိုင်ပွဲကို Myanmar C.P Livestock Co.,Ltd ၏ အဓိကကူညီပံ့ပိုးမှုဖြင့် မတ် ၁၈ ရက်မှစတင်ကာ တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် ပြိုင်ပွဲများ ကျင်းပခဲ့ပြီးဖြစ်ရာ ဗိုလ်လုပွဲများကို မေ ၁၅ ရက်မှ ၂၀ ရက်အထိ မြန်မာ နိုင်ငံတင်းနစ်အဖွဲ့ချုပ် တည်ရှိရာ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပသွားမည် ဖြစ်သည်။

အဆိုပါပြိုင်ပွဲသို့ သတ်မှတ်ချက်များအရ အသင်းစုစုပေါင်း ၂၀ ဖြစ်ပြီး ဧရာဝတီတိုင်းဒေသကြီးမှ သုံးသင်း၊ ပဲခူးတိုင်းဒေသကြီးမှ နှစ်သင်း၊ တနင်္သာရီတိုင်းဒေသကြီးမှ တစ်သင်း၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် နေပြည်တော်တို့မှ ငါးသင်း၊ ရှမ်းပြည်နယ်မှ နှစ်သင်း၊ ရန်ကုန်တိုင်းဒေသကြီးမှ နှစ်သင်း၊ ရခိုင်ပြည်နယ်မှ တစ်သင်း၊ ကရင်နှင့်မွန်ပြည်နယ်မှ နှစ်သင်း၊ ကချင်ပြည်နယ်မှ တစ်သင်း၊ ချင်းပြည်နယ်မှ တစ်သင်း ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ပြီး မေ ၁၅ ရက်မှ ၂၀ ရက်အထိ သိမ်ဖြူတင်းနစ်ကွင်း၌ ကစားမည့် ဗိုလ်လုပွဲများကို အခမဲ့လာရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**သန်းမောင် (ရန်ကင်း)**

# ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံသစ်လှူဒါန်းမှုအတွက် ရေစက်ချတရားသဘင်ပွဲကျင်းပ

**မင်းကင်း မေ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် မင်းကင်းမြို့နယ်ဘင်ကျေးရွာအုပ်စု ဘင်ကျေးရွာ၌ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆောက်အအုံသစ်လှူဒါန်းမှုအတွက် ရေစက်ချတရားသဘင်ပွဲကို မေ ၂၂ ရက်က ရွာဦးဘုန်းတော်ကြီးကျောင်းဝင်းအတွင်း၌ ကျင်းပခဲ့သည်။

ကျေးလက်ကျန်းမာရေးဌာန(ခွဲ) အဆောက်အအုံသစ်အတွက် လိုအပ်သောငွေကြေးများထည့်ဝင် လှူဒါန်းခဲ့ကြရာ၌ မိမိလှူဒါန်းခဲ့ရသောကုသိုလ်ကောင်းမှုများအတွက် ရွာဦးကျောင်းနာယကဆရာတော် ပညာသီရိ၏ညွှန်ကြားချက်အရ ဦးဆောင်ဆရာတော် ဣန္ဒေဘာသကကြီးမှူး၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် တပ်ကွင်းပရိယတ္တိစာသင်တိုက် ဆရာတော် ဘဒ္ဒန္တဣန္ဒက လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွင်းချအမျှပေးဝေခဲ့သည်။

အဆိုပါဘင်ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန(ခွဲ)အဆောက်အအုံသစ်နှင့် အခြားအဆောက်အအုံများအတွက် ကုန်ကျငွေစုစုပေါင်းမှာ ငွေကျပ်သိန်း ၇၀၀ဖြစ်ကြောင်း သိရသည်။

**ချင်းတွင်းသား**

# မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း ဆည်ရေသောက်စနစ်အကောင်အထည်ဖော်ရန်စီစဉ်

**ကြီးမြင့်နိုင်(လှိုင်ကော်)**



မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ် ပြင်သာကျေးရွာအနီး မြစ်သာမြစ်ပေါ်တွင် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရန်၊ စိုက်ပျိုးရေပေးဝေရန် ဒေသတွင်းစိမ်းလန်းစိုပြည်စေရန်စသည့် ရည်ရွယ်ချက်ကောင်းများဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းတွင် တမံတည်ဆောက်ခြင်းလုပ်ငန်း၊ ရေအားလျှပ်စစ်အဆောက်အအုံတည်ဆောက်ခြင်းလုပ်ငန်း၊ မြစ်သာ-ဂန့်ဂေါ (၆၆)ကေဗွီ ဓာတ်အားလိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်၍ မြစ်သာရေလှောင်တမံ လျှပ်စစ်ဓာတ်အားစက်ရုံမှ ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁၉ ရက်တွင်လျှပ်စစ်ဓာတ်အားစတင်ထုတ်လုပ်လျက် မဟာဓာတ်အားလိုင်းအတွင်းသို့ ပို့လွှတ်ဖြန့်ဖြူးလျက်ရှိသည်။ စိုက်ပျိုးရေပေးဝေရန် ကျန်ရှိနေသေးသည့် ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း၏ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းလုပ်ငန်းတွင် မြေကြီးလုပ်ငန်းစုစုပေါင်း ၃၄၈၅၀၀ ကျင်းနှင့် တူးမြောင်းအဆောက်အအုံ ၃၉၅ခု တည်ဆောက်ရမည်ဖြစ်၍ ယနေ့အထိ မြေကြီးလုပ်ငန်းစုစုပေါင်း ၆၀၆၆၂၅ကျင်းနှင့် တူးမြောင်း အဆောက်အအုံ ၁၆ လုံးတည်ဆောက်ပြီးဖြစ်သည်။ ရာခိုင်နှုန်းအားဖြင့်မြေကြီးလုပ်ငန်း ၁၇ဒသမ ၄ရာခိုင်နှုန်း၊ တူးမြောင်းအဆောက်အအုံ တည်ဆောက်ခြင်း ၄ဒသမ ၀၅ရာခိုင်နှုန်း၊ စုစုပေါင်းလုပ်ငန်း ၁၆ဒသမ ၇၃ရာခိုင်နှုန်း ပြီးစီးပြီဖြစ်၍ ကျန်ရှိသည့်လုပ်ငန်း ၈၃ဒသမ ၂၇ရာခိုင်နှုန်းကို အကောင်အထည်ဖော်ဆောင်ရွက်ရမည် ဖြစ်သည်။

မြစ်သာရေလှောင်တမံဘက်စုံ စီမံကိန်းသည် ရေဆင်းဧရိယာ ၇၀၀စတုရန်းမိုင်ရှိသော မြစ်သာမြစ်ပေါ်တွင် ရေလှောင်တမံတည်ဆောက်ပြီး ဧကပေ ၃၇၇၆၀၀ ရေသိုလှောင်၍ ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ကာ ရေအား လျှပ်စစ်ဓာတ်အား ၂၀ မဂ္ဂါဝပ် နှစ်လုံး၊ စုစုပေါင်း မဂ္ဂါဝပ် ၄၀ ဖြင့်နှစ်စဉ်ပျမ်းမျှ လျှပ်စစ်ကီလိုဝပ်နာရီသန်းပေါင်း ၁၇၀ကိုထုတ်လုပ်ပေးရန်၊ ဂန့်ဂေါမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၀၀၀ခန့်ကို စိုက်ပျိုးရေပေးဝေရန်၊ ဒေသတွင်းစိမ်းလန်းစိုပြည်စေရန်စသည့် ရည်ရွယ်ချက်များဖြင့် ဖော်ဆောင်ခဲ့ခြင်းဖြစ်သည်။ ဤစီမံကိန်းကို ၁၉၆၂ ခုနှစ်က ကမ္ဘာ့ကုလသမဂ္ဂ မစ်ရှင်အဖွဲ့မှ လာရောက်လေ့လာခဲ့ပြီး ၁၉၈၅ ခုနှစ်တွင် မြန်မာအင်ဂျင်နီယာအဖွဲ့က ပြင်သာနှင့် မြေနီရွာအနီးတို့တွင် ကွင်းဆင်းလေ့လာမှု ပြုလုပ်ခဲ့ကြသည်။ ယင်းနောက် ၂၀၀၂ ခုနှစ် နိုဝင်ဘာလတွင် ဆည်မြောင်းဦးစီးဌာနမှ မြန်မာအင်ဂျင်နီယာအဖွဲ့က ယင်းနေရာ၌ အသေးစိတ်လေ့လာတိုင်းတာမှုများ ပြုလုပ်ခဲ့ကြပြီး မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းကို စတင်ဆောင်ရွက်ခဲ့ကြသည်။

မြစ်သာရေလှောင်တမံ ဘက်စုံစီမံကိန်း ဆောင်ရွက်ရာတွင် ထီးလင်း-ဂန့်ဂေါလမ်းခွဲမှ မောချောင်းတံတား (ကန်စွန်းထောင့်) သို့လည်းကောင်း၊ မောချောင်းတံတား (ကန်စွန်းထောင့်) မှ တမံသို့လည်းကောင်း တမံချဉ်းကပ်လမ်းဖောက်လုပ်ခြင်း၊ တံတားခံနိုင်ဝန်အား ၃၆တန်ရှိသည့် မောချောင်းတံတားတည်ဆောက်ခြင်း၊ ရှင်းလင်းဆောင်၊ ဧည့်ရိပ်သာ၊ စားရိပ်သာ၊ ရုံးအဆောက်အအုံ၊ ဓာတ်ခွဲစမ်းသပ်ခန်း၊ သိုလှောင်ရုံ၊ အမှုထမ်းနေအိမ်ဆောက်လုပ်ခြင်းစသည့် အကြိုတည်ဆောက်မှုလုပ်ငန်းများ၊ တမံတည်ဆောက်ခြင်း၊ ရေလွှဲမြောင်းတည်ဆောက်ခြင်း၊ ရေအားလျှပ်စစ်ဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်း၊ ရေပိုလွှဲတည်ဆောက်ခြင်း၊ ရေထုတ်ပြွန်တည်ဆောက်ခြင်း၊ ဆည်ရေသောက်စနစ်တည်ဆောက်ခြင်းဟူသော လုပ်ငန်းကြီးခုနစ်ရပ်တို့ကို ပင်မအဓိကလုပ်ငန်းကြီးများအဖြစ် ဆောင်ရွက်ခဲ့ကြသည်။ ရေဝပ်ဧရိယာအတွင်းကျရောက်သည့် ပနန်း၊ စပယ်၊ ယင်းမာနှင့် စင်ပုံအမည်ရှိ ကျေးရွာလေးတို့မှရွာသူရွာသားများ ရွှေ့ပြောင်းနေထိုင်နိုင်ရန် မြစ်သာရေလှောင်တမံ အောက်ဘက်အနီးတွင် မြစ်သာမြို့သစ်ကိုဖော်ထုတ်ကာ ပနန်းကွက်သစ် တွင်အိမ်ရာ ၁၃၅ လုံး၊ စပယ်ကွက်သစ်တွင်အိမ် ၇၇ လုံး၊ ယင်းမာကွက်သစ်တွင် အိမ်ရာ ၆၇ လုံးနှင့် စင်ပုံကွက်သစ်တွင် အိမ်ရာ ၉၆ လုံး စုစုပေါင်းအိမ်ရာ ၃၇၅ လုံးတည်ဆောက်ပေးခဲ့သည်။ အဆိုပါ ကွက်သစ်များနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးရုံး တစ်ရုံးစီနှင့် မူလတန်းကျောင်းတစ်ကျောင်း စီစဉ်တည်ဆောက်ပေးခြင်းနှင့် သောက်သုံးရေရရှိရေးအတွက် တစ်နာရီပျမ်းမျှ ဂါလန် ၁၅၀၀၀ ထွက်ရှိနိုင်သည့်လေးလက်မ စက်ရေတွင်း ခုနစ်တွင်းတူးဖော်ခြင်း၊ ဂါလန် ၃၀၀၀၀ ဆံ့ ရေစုကန်ငါးလုံး တည်ဆောက်ပြီး ရေပိုက်လိုင်းဖြင့် နေအိမ်အသီးသီးရှိ အုတ်ရေကန်များသို့ ရေပေးဝေနိုင်ရန်ဆောင်ရွက်ပေးခဲ့သည်။ ကျွဲ၊ နွားတိရစ္ဆာန်များသောက်သုံးရန် ရေဂါလန်ခုနစ်သန်းခန့်စီ သိုလှောင်နိုင်သည့် လှိုပိတ်တမံနှစ်ခု တည်ဆောက်ခြင်း၊ ရေဝပ်ဧရိယာအတွင်း ကျရောက်သည့် လယ်ယာမြေများအတွက် လယ်ယာမြေ ၁၅၈၁ ဧကကို အစားပြန်လည်ဖော်ထုတ်ပေးခြင်း၊ ကွက်သစ်များအတွင်း လျှပ်စစ်မီးတိုင်စိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးသွယ်တန်းခြင်း၊ လယ်ယာမြေလျော်ကြေးပေးအပ်ခြင်း၊ နှစ်ရှည်သီးနှံပင် လျော်ကြေးပေးခြင်း၊ ရိက္ခာဆန်ထောက်ပံ့ပေးခြင်း၊ ပြောင်းရွှေ့နေရာချထားပေးနိုင်ရေးစသည့် လုပ်ငန်းများကိုလည်း အလေးဂရုပြုဆောင်ရွက်ပေးခဲ့ကြရသည်။

ယခုအခါ ၂၀၀၂ ခုနှစ်မှ ယနေ့အထိ ၁၅ နှစ်ခန့်ကြာအောင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်းသည် ဆည်ရေသောက်စနစ်တည်ဆောက်ရေးလုပ်ငန်းများ ပြီးမြောက်အောင်မြင်ရန် ဆက်လက်အကောင်အထည်ဖော်ရေး ကျန်ရှိနေသည်မှအပ တမံတည်ဆောက်ခြင်းလုပ်ငန်းနှင့် လျှပ်စစ်ဓာတ်အားဆိုင်ရာ အဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းတို့ ရာနှုန်းပြည့်နီးပါး တည်ဆောက်ပြီးမြောက်ခဲ့ပြီဖြစ်၍ ၂၀၁၆ ခုနှစ် ဇန်နဝါရီ ၂၁ ရက်တွင် စတင်ရေသိုလှောင်ကာ လျှပ်စစ်ဓာတ်အားများအောင်မြင်စွာထုတ်လုပ်ရန် ဖြန့်ဖြူးနေပြီ ဖြစ်သည်။

ယခုအခါ ရေလှောင်တမံဝန်းကျင်နှင့် သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်သာယာလှပစေရေးအတွက် သစ်ပင်စုံစိုက်ပျိုးခြင်း၊ ရေလှောင်တမံအတွင်း ငါးသားပေါက်များ ထည့်သွင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

မြစ်သာ ရေလှောင်တမံသည် ရေဆင်းဧရိယာ ၇၀၀ စတုရန်းမိုင်၊ နှစ်စဉ်ပျမ်းမျှစီးဝင်ရေ ၁၃၁၀၀၀၀ ဧကပေရှိသည်။ မြစ်သာမြစ်ပေါ်တွင် တည်ဆောက်ထားသည့် ကျောက်ဖြည့်တမံ(ဇုန်အမျိုးအစား)ဖြစ်ပြီး တမံအမြင့် ၂၀၅ ပေ၊ ပင်မတမံအလျားပေ ၂၆၀၀၊ ကုန်းကျောတမံ (၁)အလျားပေ ၂၆၅၀၀၊ ကုန်းကျောတမံ(၂)အလျားပေ ၄၀၀၊ ကုန်းကျောတမံ(၃) အလျားပေ ၁၂၀၀ ၊ တမံထိပ်အမြင့် RL ၁၀၃၀ ပေ၊ ကန်ရေပြည့်အမှတ် RL ၁၀၁၀ ပေ၊ ကန်ရေသေအမှတ် RL ၉၃၂ ပေ၊ ကန်ရေပြည့်ရေလှောင်ပမာဏ ဧကပေ ၃၇၇၆၀၀၊ ကန်ရေသေရေလှောင်ပမာဏ ဧကပေ ၇၀၈၀၀၊ ကန်ရေပြည့်ရေပြင်ကျယ်ဧရိယာ ၅၇၈၈ ဧက၊ ရေလွှဲမြောင်းအလျားပေ ၁၂၅၀၀၊ အကျယ်ပေ ၁၂၀ နှင့် ပေ ၆၀ ၊ ရေပိုလွှဲအမျိုးအစားမှာ သံကူကွန်ကရစ် အလျား ၁၃၁၂ ပေ၊ အကျယ် ၁၉၆ ပေရှိသည်။ ရေအားလျှပ်စစ် ရေထုတ်ပြွန်အရွယ်အစား အချင်း ၁၉ပေ၊ ရေအားလျှပ်စစ် တပ်ဆင်ဓာတ်အား ၄၀ မဂ္ဂါဝပ်(၂၀ မဂ္ဂါဝပ် နှစ်လုံး)၊ ရေထုတ်ပြွန်အရွယ်အစား (၆ × ၄) ပေ နှစ်ပေါက်၊ ဒီဇိုင်းရေထု စီးနှုန်း ၅၀၀ ကုဗပေ/စက္ကန့်၊ ဆည်ရေပေးနိုင်မည့် ဧရိယာ ၁၂၀၀၀ ဧကဖြစ်ကြောင်း သိရသည်။

ဤသို့မြစ်သာရေလှောင်တမံကို တည်ဆောက်ခြင်းအားဖြင့် နိုင်ငံတော်အတွက် လျှပ်စစ်ဓာတ်အားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခြင်း၊ လယ်ယာမြေများကို စိုက်ပျိုးရေပေးဝေခြင်းဖြင့် နွေစပါး၊ မိုးစပါး စိုက်ပျိုးနိုင်ခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်း၊ ငါးစားသုံးမှုလိုအပ်ချက် ဖြည့်ဆည်းပေးနိုင်ခြင်း၊ မြစ်သာရေလှောင်တမံကို အကြောင်းပြု၍ ဂန့်ဂေါခရိုင်အတွင်း ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်လာနိုင်ခြင်းစသည့် ဒေသဖွံ့ဖြိုးရေးအတွက် အထောက်အပံ့များ ပေါ်ထွန်းလာနိုင်မည်ဖြစ်သည်။

သို့ဖြစ်၍ မြစ်သာရေလှောင်တမံဘက်စုံစီမံကိန်း၏ ရည်ရွယ်ချက်လုပ်ငန်းတစ်ခုဖြစ်သော ဆည်ရေသောက်စနစ်တည်ဆောက်ရေးလုပ်ငန်းအား အမြန်ဆုံးပြီးမြောက်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရန် ဒေသခံတောင်သူအများစုက မျှော်လင့်လျက်ရှိကြသည်။

# ကမ်းပြိုမှုဒဏ်ကာကွယ်ရန်လုပ်ထားသော ကျောက်စီရေကာတာများကြောင့် ကမ်းပြိုမည်ကို ဒေသခံများစိုးရိမ်

**ပြည် မေ ၂၄**

ရေလမ်းကြောင်းပြောင်းသွားရန်နှင့် ကမ်းပါးတိုက်စားမှုများသက်သာစေရန်အတွက် ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ် မြရွာအနီး၌ ဧရာဝတီမြစ်အတွင်း ဆောက်လုပ်ထားသည့် ကျောက်စီရေကာတာကြောင့် ဝဲကန်တော့ထိုးလျက်ရှိပြီး ကမ်းပါးများ ပြိုကျရန် အခြေအနေရှိနေသဖြင့် ဒေသခံများ စိုးရိမ်လျက်ရှိကြောင်း သိရသည်။



အဆိုပါ ကျောက်စီရေကာတာများကို ၂၀၁၅ ခုနှစ်က တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေကျပ်သန်း ၂၈၀ ဖြင့် မီတာ ၁၅၀ တစ်ခု၊ မီတာ ၂၅၀ တစ်ခုနှင့် ၃၇၅ မီတာရှိ ကျောက်စီ ရေကာတာသုံးခု စုစုပေါင်း ၇၇၅ မီတာ အရှည်ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အမြင့်ခြောက်ပေ၊ အကျယ် ငါးပေရှိ ရေကာတာများပြုလုပ်၍ ယင်းရေကာတာများကို ထိန်းနိုင်ရန်အတွက် ထု တစ်ပေ၊ အကျယ် ၁၀ ပေခန့်ရှိသည့် ကျောက်ကြီးထုဖြင့် နှစ်ဖက်ညှပ်ထိန်းသိမ်းထားခဲ့ကြောင်း၊ ပြည်မြို့ အထက်မြစ်ကွေ့ဖြစ်သည့် စတုတ္ထမြစ်ကျဉ်းနေရာဖြစ်သော ဖိုးဦးတောင်ဘက်မှ အရှိန်နှင့်စီးလာသည့် ရေလမ်းကြောင်းမှာ ပြည်မြို့ နယ်ရှိမြရွာ၊ လက်ခုပ်ပင်၊ ဖိုးဂေါင်ကျေးရွာများသို့ ရေဦးလာထိုး၍ တဖြည်းဖြည်း ကမ်းပါးပြိုကျမှုများ ဖြစ်ပေါ်နေသည့်အတွက် ကာကွယ်ရန်နှင့် မြစ်တစ်ဖက်ကမ်းရှိ ရွှေဘုံသာ သောင်ထွန်းနေမှုကို ဖြိုခွဲရန် ရည်ရွယ် ပြုလုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ရေကာတာများ ပြုလုပ်ခဲ့မှုကြောင့် မိုးတွင်းရေတက်ချိန်၊ ရေကြီးချိန်များ၌ ရေများဝဲကန်တော့ထိုးပြီး မိုးတွင်းပိုင်းတွင်ဒေသခံစက်လှေများ သွားရေးလာရေးခက်ခဲသည့်အပြင် ရွာဘက်သို့ ရေဦးလမ်းကြောင်း ထိုးလာခြင်းကြောင့် ကမ်းပါးပြိုကျလာမည်ကို ဒေသခံများက စိုးရိမ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ အကြောင်းအရာနှင့် ပတ်သက်၍ရေအရင်းအမြစ်နှင့်မြစ်ကြောင်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ကျော်လွင်က " ၂၀၁၇-၂၀၁၈ ဘတ်ဂျက်ထဲမှာ ပြန်ပြင်ဖို့ရှိပါတယ်။ ပြန်ပြင်ဖို့ဆိုရာမှာ ယင်းရေကာတာရဲ့ အကျိုးကျေးဇူးကြောင့် တစ်ဖက်မှာလည်း နုန်းတွေကျလာပြီး သောင်တွေလည်းထွန်းလာပြီဖြစ်ပါတယ်။ အဓိက ရည်ရွယ်ချက်မှာလည်း ဒီဘက်မှာ နုန်းများကျလာဖို့အတွက် ရည်ရွယ်ထားတာပါ"ဟု ရှင်းလင်းပြောကြားသည်။

**ကိုလွင်(ဆွာ)**

# ကောင်းမြတ်သောနှစ်ဦးကုသိုလ်မင်္ဂလာအခါသမယ

**ကျော်သောင်း-ဘုတလင်**




မုံရွာမြို့သည် ယခုအခါတွင် စစ်ကိုင်းတိုင်းဒေသကြီး၏ မြို့တော်ဖြစ်နေပါပြီ။ မုံရွာမြို့ဟု စတင်သတ်မှတ်ခဲ့သည်မှာ ကောဇာသက္ကရာဇ် ၁၂၅၀၊ ခရစ်နှစ် ၁၈၈၈ နှစ်ကဖြစ်ပြီး ယခုအခါ မုံရွာမြို့၏ သက်တမ်းသည် ၁၂၉ နှစ်ရှိပြီဖြစ်သည်။

ရှေးအခါက မုံရွာမြို့ကြီးဖြစ်မည့်နေရာတွင် လေ့ကူးနှင့် မုန်ရွာဆိုပြီး ရွာနှစ်ရွာရှိခဲ့ပြီး လူဦးရေနှစ်ထောင်ကျော်၊ အိမ်ထောင်စု ၃၀၀ ကျော်ရှိကာ ငါးရက်တစ်ပတ်ဈေးရွာအဖြစ် ရောင်းဝယ်ဖောက်ကားကြကြောင်း သိရသည်။ ရှေးစာပေ၊ ဘုရားရုပ်ပွား၊ ကမ္ပည်းစာတို့တွင် လေ့ကူးမြို့ဟုရေးထိုးထားသည်ကို တွေ့ရပါသည်။

လွတ်လပ်ရေးမရမီနှင့် လွတ်လပ်ရေးရခါစကာလတိုင်အောင် မုံရွာမြို့၏ နယ်နိမိတ်သည်အရှေ့လားသော်မီးရထားသံလမ်း၊ တောင်လားသော် စိန်လီအမှတ်(၂)သစ်စက်နှင့်ယခုမြို့ပတ်လမ်း၊ အနောက်လားသော်ချင်းတွင်းမြစ်၊ မြောက်လားသော် ယခုအခေါ်ကန်သာယာ၊ မြစ်ရေဝင်အင်းကြီးဖြစ်ပြီး မြို့ဝင်ဂိတ်များအဖြစ် ယင်းနယ်နိမိတ်များတွင် ဇန်ကာများတည်ဆောက်ပြီး မြို့လုံခြုံရေးအတွက် ရဲကင်းများစောင့်ကြပ်ထားသည်ကို တွေ့မြင်ရပါသည်။

မြန်မာပြည်လွတ်လပ်ရေးရပြီး တစ်ဆက်တည်းလက်နက်ကိုင်ရောင်စုံသူပုန်များထကြွသောင်းကြမ်းလာခဲ့ရာမှ ကျေးလက်တောရွာများတွင် မနေဝံ့ကြတော့ဘဲ မုံရွာမြို့သို့ ပြောင်းရွှေ့လာခဲ့ကြရာမှ ဦးစွာဘုရားနီ ဘုရားလှုတောင်ဘက်နေရာတွင် တဲထိုး၊ အိမ်ဆောက်ပြုလုပ်နေထိုင်ကြရာ စံပြကွက်သစ်ဟု စတင်ပေါ်ပေါက်ခဲ့သည်။ ထိုစံပြကွက်သစ်ကို ထိုစဉ်က မင်းမနိုင်ကွက်သစ်ဟု ခေါ်ခဲ့ကြပြီး ယခုအခါတွင် အောင်မင်္ဂလာရပ်ကွက်ကြီး ဖြစ်နေခဲ့ပါပြီ။

၁၉၅၅ ကာလများတွင် ရောင်စုံသူပုန်ရန် ပိုမိုဆိုးရွားလာခဲ့ရာ တောရွာများမှ လူများမနေဝံ့ကြတော့ဘဲ မုံရွာမြို့သို့ ပြောင်းရွှေ့လာခဲ့ကြပြီး ထိုနှစ်ကစတင်၍ ရတနာပုံကွက်သစ်နှင့် ဘုန်းစိုးကွက်သစ်ဆိုပြီး မုံရွာမြို့တွင် စံပြကွက်သစ်နောက်ဆက်တိုက်ပေါ်ပေါက်လာသော ကွက်သစ်များဖြစ်ခဲ့ပါသည်။

ဘုန်းစိုးကွက်သစ်ကြီး၏ နယ်နိမိတ်မှာ အရှေ့လားသော်ပေရှစ်ဆယ်လမ်း၊ တောင်လားသော် ကျောက္ကာလမ်း၊ အနောက်လားသော်ဦးနီပန်းဘဲဖိုလမ်း၊ မြောက်လားသော် သာစည်လမ်းတို့၏နယ်နိမိတ်လေးရပ်အတွင်း တည်ရှိသော ရပ်ကွက်ဖြစ်ပါသည်။

ဘုန်းစိုးရပ်ကွက်၏ထင်ရှားသောသာသနိကအဆောင်အယောင်တို့မှာ ဘုန်းစိုးကွက်သစ်မဆိုထားဘိ မုံရွာမြို့မသတ်မှတ်ရသေးမီ ရှေးပဝေသဏီက တည်ရှိခဲ့သော အိုးတလုံးတောရကျောင်းနှင့် စေတီပျက် တစ်ဆူ၊ သိမ်ဟောင်းနေရာတို့နှင့် အိုးတလုံးတောရကျောင်းအတွင်းရှိ အိုးတလုံးရေကန်ကြီးနှစ်ကန် သမိုင်းဝင်ကျန်ခဲ့ပြီး သမိုင်းဝင် အိုးတလုံးတောရကျောင်းနေရာဟောင်းတွင် ဘုန်းစိုးကွက်သစ်ကြီးပေါ်လာကာ ပထမရှိသောစေတီပျက်ကို ရှစ်မျက်နှာစေတီပြန်တည်ပြီး ယခုအခါတွင် ရှစ်မျက်နှာစေတီကိုင့်ပြီး ရွှေတိဂုံပုံတူ ဆုတောင်း ပြည့်တလုံး၊ ကမ္ဘာအေးကိုးနဝင်းစေတီတော်မြတ်ကြီးနှင့် ကြီးကျယ်ခမ်းနားသော အရိယာဝါသဓမ္မာရုံတော်ကြီး၊ အာဟာရဒီပနီအမည်ရှိ ဆွမ်းစားကျောင်းတော်ကြီးနှင့် ဆရာတော်များအတွက် ကျောင်းတိုက်များ၊ ယောဂီကျောင်းဆောင်များတို့ဖြင့် အလွန်စည်ကားသော ကျောင်းတိုက်ကြီးကို ဘုန်းစိုးကျောင်းတိုက်ဟု အမည်ပြောင်းလဲသတ်မှတ်လိုက်ပါသည်။

ဘုန်းစိုးရပ်ကွက်ကြီး၏ နောက်ထူးခြားချက်တစ်ရပ်က လွတ်လပ်ရေးမရမီ အင်္ဂလိပ်အစိုးရလက်ထက်မုံရွာမြို့ကြီး ဤမျှမကြီးကျယ်စဉ်ကာလ ယခုဘုန်းစိုးရပ်ကွက်ကြီးဖြစ်မည့်နေရာတွင် ဆရာတော် ဦးဇောတိက စတင်တည်ထောင်ခဲ့သော ဇောတိကကျောင်းတိုက်ဖြစ်ပေါ်ခဲ့ပြီး လွတ်လပ်ရေးရပြီးနောက် ဒုတိယဆရာတော် ဦးဥတ္တမလက်ထက်မှစတင်၍ စာသင်တိုက်ဖွင့်လှစ်ခဲ့ကာ ကျောင်းတိုက်ကြီးကိုလည်း မဟာဇောတိကာရာမပါဠိတက္ကသိုလ်တိုက်ကြီးအဖြစ် ဖော်ဆောင်၍စာသင်သားရဟန်းသာမဏေများကို ပရိယတ္တိစာပေများ သင်ကြားပို့ချပေးခဲ့ရာ ယခုအချိန်အခါတွင် တစ်နှစ်ထက်တစ်နှစ် စာသင်သား ရဟန်းသာမဏေ တစ်ထောင်ကျော်ရှိသော ကျောင်းတိုက်ကြီး ဖြစ်လာပါသည်။

လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က လူဦးရေနှစ်ထောင်ကျော်ဖြင့်စခဲ့သော မုံရွာမြို့တွင် ယခုအခါ လူဦးရေကသုံးသိန်းကျော်လေးသိန်းနီးပါး ရပ်ကွက်ကြီးပေါင်း ၃၆ ရပ်ကွက်၊ ပင်မတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ နည်းပညာတက္ကသိုလ်၊ ကွန်ပျူတာ တက္ကသိုလ်၊ ပညာရေးကောလိပ်၊ သားဖွားသူနာပြုသိပ္ပံ၊ ပုဂ္ဂလိကမှတ်ပုံတင်အထက်တန်းကျောင်း၊ ပုဂ္ဂလိကဆေးရုံများ၊ တိုင်းအဆင့်ဆေးရုံကြီးနှင့် တိုင်းဒေသကြီးအဆင့်အစိုးရရုံးတို့ဖြင့် အလွန်စည်ကားသော တိုင်းဒေသကြီးအဆင့်မြို့တော်ကြီး ဖြစ်ခဲ့ပါသည်။

မုံရွာမြို့ကြီး ကြီးမားတိုးတက်ခဲ့သလို လွန်ခဲ့သောနှစ်ပေါင်း၆၀ ကျော်က ပေါ်ပေါက်ခဲ့သော ဘုန်းစိုးရပ်ကွက်ကြီးမှာ ယခုအခါတွင် မြို့လယ်ကောင်အဖြစ် ရပ်တည်နေပြီး ရပ်ကွက်အတွင်း ထူးထူးခြားခြား အရောင်းအဝယ်ဆိုင်ကြီးများများစွာရှိသည့်အတွက် တရုတ်ပြည်ကြယ်ကောင်ရွှေလီဟု တင်စားပြောဆိုနေကြပါသည်။

ရပ်ကွက်ကြီး၏ အုပ်ချုပ်ရေးနှင့် ဝေယျာဝစ္စအဖွဲ့က မြန်မာနှစ်ဆန်း ၂ ရက်နေ့တွင် ရပ်ကွက်အတွင်းရှိ အသက်ရှစ်ဆယ်မှ ရှစ်ဆယ်အထက်ရှိသူ အဘိုးအဘွားတို့အား အိမ်တိုင်ရာရောက်လိုက်လံပြီး သက်ကြီးပူဇော်ပွဲ ပြုလုပ်လှူဒါန်းခဲ့ပါသည်။

မဟာသင်္ကြန်မကျမီက စတင်၍ ရပ်ကွက်အတွင်း တစ်အိမ်တက်တစ်အိမ်ဆင်းလှည့်လည်၍ အဘိုးအဘွားစာရင်းကောက်ယူခဲ့ရာ ၈၆ နှစ်အထက် အဘိုးအဘွား ၂၉ ဦးနှင့် အသက် ၈၀မှ ၈၅ နှစ် အဘိုးအဘွား ၆၂ဦး ဘုန်းစိုးရပ်ကွက်အတွင်း၌ စုစုပေါင်းအဘိုးအဘွား ၉၁ ဦးရှိကြပြီး အဘိုးအဘွားတစ်ဦးလျှင်ငွေသားနှင့် ပစ္စည်းအပါအဝင်ငွေကျပ်နှစ်သောင်းမှ နှစ်သောင်းခွဲခန့်ပူဇော်နိုင်ခဲ့သည်ကို တွေ့ရပါသည်။

အသက်အရွယ်ကြီးရင့်ပြီး အိုမင်းမစွမ်းရှိနေကြသော အဘိုးအဘွားတို့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်ဇနီး အပါအဝင် ရပ်မိရပ်ဖကြီးများ၊ ရပ်ကျိုးရွာကျိုးသယ်ပိုးကြသူများက ကိုယ်တိုင်ကိုယ်ကျ အဘိုးအဘွားတို့နေထိုင်ရာ အိမ်ရာတော်မင်္ဂလာအရောက် သွားရောက်ပြီး ရိုရိုသေသေ ငွေကြေး၊ ပစ္စည်းခြင်းများချ၍ လက်အုပ်ချီကန်တော့ကြသည်ကို တွေ့မြင်ရသည့်အတွက်များစွာ ဝမ်းသာပီတိ ဖြစ်ရပါသည်။

"ပူဇော်ထိုက်သူပူဇော်မှုမှတ်ယူမင်္ဂလာပါ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဘုန်းစိုးရပ်ကွက်အတွင်းရှိ အဘိုးအဘွားတို့အား ဘုန်းစိုးရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိ ရပ်ဖများ၊ ရပ်ကျိုးရွာကျိုးသယ်ပိုးကြသူများသည် နံနက် ၇ နာရီမှ စတင်၍မွန်းတည့် ၁၂ နာရီ အထိ နေပူကျဲကျဲတွင် မမောနိုင်၊ မပန်းနိုင် ချွေးတလုံးလုံးနှင့် ပင်ပန်းဆင်းရဲမှုကို ပဓာနမထားဘဲ နှစ်ဦးမင်္ဂလာအခါသမယတွင် သက်ကြီးပူဇော်ပွဲကို မြင်ရခြင်းဖြင့် စာရေးသူသည်လာမည့်နှစ်တွင် ငြိမ်းချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သောနိုင်ငံဖြစ်ရုံမက ဗုဒ္ဓသာသနာတော်ကြီး နေရောင်လရောင်ပမာ ထွန်းတောက်၍ ကန်တော့ခံအဘိုးအဘွားများသည် နှစ်ရာကျော်တိုင်ကျန်းမာချမ်းသာစေရန် ဆုတောင်းမေတ္တာ မုဒိတာပွားလိုက်ရပါသည်။

## သုံးခွမြို့နယ် (SMU)လက်ပန်ကျေးရွာ(အေ)အဆင့် သတ်မှတ်ရွေးချယ်ခံရ

**သုံးခွ မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့၌ မြန်မာဆယ်မားအူးလ်အွန်ဒုံ (SMU) ကျေးရွာသစ်လှုပ်ရှားမှုစီမံကိန်းကျေးရွာဖြစ်သော လက်ပန်ကျေးရွာသည် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်စီမံကိန်းနှစ်အတွက် (အေ)အဆင့် သတ်မှတ်ရွေးချယ်ခံရကြောင်း သိရသည်။

အဆိုပါစီမံကိန်းသည် ကိုရီးယား-မြန်မာချစ်ကြည်ရေး အစီအစဉ်အရ ကိုရီးယားနိုင်ငံ (KOICA)အဖွဲ့၏ ကူညီထောက်ပံ့မှုဖြင့် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် မြန်မာနိုင်ငံအတွင်းရှိ မြို့နယ်များမှ ကျေးရွာပေါင်း ၁၀၀ တွင် စွမ်းဆောင်ရည်မြှင့်တင်ရေး၊ လူနေမှုပတ်ဝန်းကျင် တိုးတက်ကောင်းမွန်စေရေး လုပ်ငန်းစဉ်သုံးရပ်ဖြင့် ကျေးရွာဖွံ့ဖြိုးစေရေးကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

အဆိုပါ စီမံကိန်း၏ လုပ်ငန်းစဉ်သုံးရပ်ဆောင်ရွက်နေမှုကို ကျေးရွာသစ်လှုပ်ရှားမှု စီမံကိန်းကော်မတီ(ဗဟို)မှ အမှတ်ပေးစနစ်ဖြင့် စိစစ်ရွေးချယ်ခဲ့ရာ လက်ပန်ကျေးရွာသည် ၂၀၁၆-၂၀၁၇ စီမံကိန်းနှစ်အတွက် (အေ)အဆင့်သတ်မှတ်ရွေးချယ်ခံရခြင်းဖြစ်ကြောင်း သိရသည်။

စီမံကိန်းမှာ သုံးနှစ်စီမံကိန်းဖြစ်ပြီး စီမံကိန်းပထမနှစ် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ တတိယနှစ် ၂၀၁၈-၂၀၁၉ အထိ ကျေးရွာပေါင်း ၁၀၀ အား တစ်နှစ်လျှင် ပုံမှန် အမေရိကန်ဒေါ်လာ ၂၀၀၀၀ ထောက်ပံ့ပေးပြီး ထိုကျေးရွာများထဲမှ စံပြကျေးရွာများကို နှစ်စဉ်ရွေးချယ်၍ (အေ)အဆင့်ကျေးရွာ ၃၀ ကိုအမေရိကန်ဒေါ်လာ ၂၀၀၀၀၊ (ဘီ)အဆင့်ရွေးချယ်ခံရသည့် ကျေးရွာ ၃၀ ကို အမေရိကန် ဒေါ်လာ ၁၀၀၀၀ ထပ်မံပံ့ပိုးပေးအပ်ခြင်းဖြစ်ကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

## မူဒိမ်းမှူရှတ်ချဟောပြောပွဲတွံတေးမြို့နယ်၌ကျင်းပ

**တွံတေး မေ ၂၄**

မူခင်းအသိကြွယ်ဝလာပြီး ပြည်သူများ ကြိုတင်ကာကွယ်စောင့်ထိန်း နေထိုင်တတ်လာရန် မူဒိမ်းမှူရှတ်ချပွဲနှင့် မူခင်းကျဆင်းရေး အသိပညာပေးဟောပြောပွဲကို မေ ၂၀ ရက်က တွံတေးမြို့နယ် သဝန်းတောကျေးရွာဓမ္မာရုံ၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ရွှေနှင့် အဖွဲ့က ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖများ၊ ကျေးရွာသူကျေးရွာသားများ တက်ရောက်ခဲ့ကြသည်။

အဆိုပါ အခမ်းအနားတွင် ရဲမှူးက သတိပြုလိုက်နာရမည့်ဆောင်ရန်၊ရှောင်ရန် အချက်များကို မှတ်သားဖွယ် အသိပညာပေး ပြောကြားပြီး ရဲတပ်ဖွဲ့ဝင်များက တက်ရောက်လာကြသူများအား လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး ပညာပေးလက်ကမ်းစာစောင်များကို ဝေငှပေးခဲ့ကြကြောင်း သိရသည်။

**သန်းဌွေး(ဒလ)**

## မော်လမြိုင်ကျွန်းမြို့နယ်၌ အမျိုးသမီးငယ်များ လွဲမှားသောအယူအဆ မရှိစေရေး တွေ့ဆုံဆွေးနွေး

**မော်လမြိုင်ကျွန်း မေ ၂၄**

ဧရာဝတီတိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စိုးပပနှင့်အဖွဲ့ဝင်များသည် မေ ၂၀ ရက်က မော်လမြိုင်ကျွန်းမြို့နယ် ကျော်ဇံကျေးရွာ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံဆွေးနွေးဟောပြောပွဲကို ကျော်ဇံကျေးရွာလောကဇိနမာန်အောင်ဘုရားတန်ဆောင်း၌ ကျင်းပသည်။

အဆိုပါ အသိပညာပေးဟောပြောပွဲတွင် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင် ဒေါ်နိုင်နိုင်ဦးတို့က မြန်မာအမျိုးသမီးများအား ရိုးရာယဉ်ကျေးမှုထိန်းသိမ်းတတ်စေရန်နှင့် အမျိုးသမီးငယ်များ လွဲမှားသော အယူအဆမရှိစေရန် ကဏ္ဍအလိုက်အသိပညာပေးဆွေးနွေးဟောပြောခဲ့ကြသည်။

ထို့နောက် မော်လမြိုင်ကျွန်းမြို့နယ်ကျိုက်ပိကျေးရွာစန္ဒာမုနိဘုရားတန်ဆောင်းတွင်ဖွင့်လှစ်ထားသော အမျိုးသမီးစက်ချုပ်သင်တန်းမှ သင်တန်းသူ ၁၀ ဦး၊ ယဉ်ကျေးလိမ္မာသင်တန်းနှင့် အခြေခံအင်္ဂလိပ်စာသင်တန်းမှ သင်တန်းသားသင်တန်းသူ ၁၆၅ ဦးတို့နှင့် တွေ့ဆုံကာသင်တန်းတွင် လိုအပ်နေသောပစ္စည်းများကို ကူညီပံ့ပိုးဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မော်ကျွန်း-မြင့်အောင်**

## အမှိုက်ကောက်ခြင်းလုပ်ငန်း ဆောင်ရွက်ပေး

**ကျောက်ဖြူ မေ ၂၄**

ကျောက်ဖြူခရိုင် ရမ်းဗြဲမြို့နယ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ဌာနဆိုင်ရာများနှင့် မြို့ပေါ်(၆)ရပ်ကွက် မှ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်စည်ပင်သာယာရေးဌာနမှ ဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များပူးပေါင်းပြီး မေ ၂၂ ရက်က မြို့ပေါ်ရပ်ကွက်များသို့ သွားရောက်၍ မြို့သန့်ရှင်း သာယာလှပရေးအတွက် ချုံနွယ်ပိတ်ပေါင်းများနှင့် အမှိုက်သရိုက်များကို ရှင်းလင်းဖယ်ရှားနိုင်ခဲ့ကြသည်။

အဆိုပါမြို့သန့်ရှင်း သာယာလှပရေးအတွက် အမှိုက်ကောက်ခြင်းဆောင်ရွက်မှုကို အပတ်စဉ်စနေနေ့တွင် မြို့ပေါ်ရပ်ကွက်များသို့သွားရောက်၍ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူးဦးရဲမြတ်သိန်းထံမှ သိရသည်။ **အောင်လှဖြူ**

ရတနာသစ်တော၊ ပြည့်သွေးကြော။ သစ်တောရတနာ၊ ထိန်းသိမ်းပါ။



မြန်မာ့ရိုးရာနှစ်သစ်ကူးအချိန်အခါမှစတင်ပြီး
“ကြံ့ခိုင်သမှုအောင်မြင်ကာ....
ကောင်းကျိုးမင်္ဂလာအပေါင်းနှင့်ပြည့်စုံပါစေကြောင်း....
ဆုမွန်ကောင်းတောင်းပေးလိုက်ပါသည်”
ဘလူးဒိုင်းမွန်းဘိလပ်မြေမိသားစု
BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်း ဘိလပ်မြေ
STRENGTH FOREVER
PORTLAND CEMENT
BLUE DIAMOND CEMENT
NET WEIGHT 50 Kg
WWW.BLUEDIAMONDCEMENT.COM
09-777-777-688
WWW.FACEBOOK.COM/BLUEDIAMONDCEMENT



## ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ နယ်သာလန်နိုင်ငံမှ ပြန်လည်ရောက်ရှိ

စာ » ၆



## တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်အား ဩစတြီးယား တပ်မတော်စစ်ဦးစီးချုပ်က ဂုဏ်ပြုတပ်ဖွဲ့ဖြင့် ကြိုဆို

စာ » ၆

# YBS ယာဉ်များအား ထိရောက်သောစည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရန်ဆွေးနွေး




**သတင်းနှင့်ဓာတ်ပုံ-ဇော်ကြီး(ပဏီတ)**

**ရန်ကုန် မေ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ဘတ်စ်ကားစနစ်နှင့်ပတ်သက်၍ ယနေ့ကျင်းပသည့် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ၂၆ ဦးက ဆွေးနွေးခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဝေဖြိုးဟန် တင်သွင်းခဲ့သည့် "ရန်ကုန်တိုင်းဒေသကြီးအတွင်း အများပြည်သူသယ်ယူပို့ဆောင်ရေးစနစ်အား ယခုထက်ပိုမိုကောင်းမွန်လာစေရေးနှင့် ထိရောက်သော စည်းမျဉ်းစည်းကမ်းများနှင့်အညီ အရေးယူဆောင်ရွက်ပြီး လုပ်ငန်းဆောင်ရွက်ချက်များအား အများပြည်သူသိရှိနိုင်ရေး ပွင့်လင်းမြင်သာမှုရှိစွာချပြနိုင်ရန် တိုင်းဒေသကြီးအစိုးရအဖွဲ့အား တိုက်တွန်းကြောင်း" အဆိုနှင့်ပတ်သက်၍ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၂၆ ဦးက ထောက်ခံဆွေးနွေးခဲ့ခြင်းဖြစ်သည်။

ယင်းအဆိုနှင့်ပတ်သက်၍ ကျောက်တံတားမြို့နယ် မဲဆန္ဒနယ် အမှတ် (၁)မှ ဒေါ်ကြည်ပြာက ဆွေးနွေးရာတွင် "အစိုးရအနေနဲ့ စေတနာမှန်နဲ့ ဘတ်စ်ကားစနစ်ကို ပြောင်းလဲပြေးဆွဲခဲ့ပေမယ့် ပြည်သူတွေအနေနဲ့ အခုချိန်ထိ အဆင်မပြေမှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ဘတ်စ်ကားစီးတဲ့သူတွေ ပါဝင်ရေးဆွဲတဲ့ Policy ဖြစ်သင့်ပါတယ်။ ဘတ်စ်ကားမစီးတဲ့သူတွေ ပါဝင်ရေးဆွဲတဲ့ Policy ဖြစ်ရင်တော့ သဲထဲရေသွန်ဖြစ်သွားမှာပါ"ဟု ထည့်သွင်းပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီး သယ်ယူပို့ဆောင်ရေး ကြီးကြပ်ကွပ်ကဲမှု အာဏာပိုင်အဖွဲ့ (YRTA) မှ တာဝန်ရှိသူများအနေဖြင့် YBS စနစ်ပြောင်းလဲရာတွင် ပြည်သူများအတွက် အချိန်ပိုမိုပေးသင့်သည့်အပြင် ယာဉ်မောင်းများ၊ ယာဉ်နောက်လိုက်များအား

စာမျက်နှာ ၆ ကော်လံ ၁ ✪

# ၂၀၁၇ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲ

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန် မေ ၂၄**

၂၀၁၇ ရာသီ ဗိုလ်ချုပ်အောင်ဆန်းဒိုင်း ရှုံး/ထွက် ပြိုင်ပွဲ ပွဲစဉ်ရေးဆွဲပွဲကို ယနေ့ မွန်းလွဲပိုင်းက MFF ရုံး၌ ကျင်းပရာ လက်ရှိချန်ပီယံ မကွေးအသင်းအပါအဝင် အသင်းကြီးအများစုပွဲချောင်ခဲ့သည်။

မြန်မာနေရှင်နယ်လိဂ်ကော်မတီသည် ပထမအဆင့်တွင် ၂၀၁၆ ရာသီ၌ ပထမတန်းပြိုင်ပွဲယှဉ်ပြိုင်ခဲ့သည်။ အသင်း ၁၀ သင်းမှာ စတင်ကစားရမည်ဖြစ်ပြီး လက်ရှိ ချန်ပီယံ မကွေးအသင်းအပါအဝင် MNL အသင်းကြီးများမှာ ဒုတိယအဆင့်မှ စတင်ကစားရမည်ဖြစ်သည်။ ပထမအဆင့်ပွဲစဉ်များကို မေ ၂၊ ၃၊ ၄ ရက်၊ ဒုတိယအဆင့်ပွဲစဉ်များကို မေ ၁၀၊ ၁၁၊ ၁၇၊ ၁၈ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

စာမျက်နှာ ၆ ကော်လံ ၅ ❍




၂၀၁၆ ပြိုင်ပွဲ ချန်ပီယံမကွေးအသင်း

